# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# ဒသမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၇.၇၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ ဒသမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကျန်းမာရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကျန်းမာရေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညိုထွန်း၊ ရခိုင်(၁၁)ကျန်းမာရေး။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ခြေထောက်ကျိုး၍ ဆေးကုသ ခံနေရ။ ဒုတိယဗိုလ်မှူးကြီး ဇော်သန်းထိုက်၊ တပ်မတော်၊ ကျန်းမာရေး။ ဗိုလ်မှူးအောင်နိုင်ဦး၊ တပ်မတော်၊ ကျန်းမာရေး။ ဦးကျွန်ခဲန်၊ ချင်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦး ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထား သူ(၂၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ မြို့ပေါ်ရပ်ကွက် (၁၄)ရပ်ကွက်တွင် သောက်သုံးရေ ဖူလုံစွာ ရရှိရေးနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) ဦးအောင်ငြိမ်း က မကွေးတိုင်း ဒေသကြီး၊ ရေနံချောင်းမြို့၊ မြို့ပေါ်ရပ်ကွက် (၁၄)ရပ်ကွက်တွင် သောက်သုံးရေ ဖူလုံစွာရရှိရေးနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတဆင့် ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မကွေးတိုင်း ဒေသကြီး၊ ရေနံချောင်းမြို့၊ မြို့ပေါ်ရပ်ကွက်(၁၄)ရပ်ကွက်တွင် သောက်သုံးရေဖူလုံစွာ ရရှိရေးကိစ္စ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့တွင် မြို့ပေါ်ရပ်ကွက်(၁၄)ရပ်ကွက် ရှိပြီးတော့ အိမ်ခြေပေါင်း(၉၂၂၂)အိမ်၊ အိမ်ထောင်စုပေါင်း(၉၉၇၈)စု၊ လူဦးရေပေါင်း(၄၉၆၇၈)ဦး မှီတင်းနေထိုင်လျက်ရှိပါတယ်။ ရေနံချောင်းမြို့နေ ပြည်သူလူထုရဲ့ သောက်သုံးရေ ရရှိမှုအတွက် မြို့နဲ့(၆)မိုင်ခန့် အကွာအဝေးရှိ ပင်းချောင်းတွင် စိမ့်တွင်းကြီး(၅)တွင်း တူးဖော်ပြီး ရေစုပ်တင်(Pump)အကြီး(၄)လုံး တပ်ဆင်ကာ ပိုက်လိုင်းများသွယ်တန်းလျက် လက်မှတ်ကုန်း ရပ်ကွက်ရှိ ဂါလံတစ်သန်းဆံ့ ရေလှောင်ကန်ကြီးသို့ ပေးပို့သိုလှောင်လျက်ရှိပါတယ်။ သို့ရာတွင် မြို့ပေါ်ရပ်ကွက်များ သောက်သုံးရေဖူလုံစွာ ဖြန့်ဖြူးပေးနိုင်ခြင်း မရှိတဲ့အတွက် မြို့ပေါ်နေရပ်ကွက် (၁၄)ရပ်ကွက်ရှိ ပြည်သူလူထုအနေဖြင့် သောက်သုံးရေ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါတယ်။

ရေစိမ့်တွင်းကြီးများမှ ရေစုပ်တင်ရန် ရေစုပ်တင်(Pump)အကြီး (၄)လုံးရှိခဲ့သော်လည်း (Pump)(၄)လုံးစလုံး ပျက်သွားခဲ့တဲ့အတွက် ရေနံချောင်းမြို့နယ်အသင်း (ရန်ကုန်)မှ (၂)လုံး၊ အလှူရှင် ဦးဇော်မင်း မှ (၁)လုံး လှူဒါန်းခဲ့ကြသဖြင့် ပြန်လည်ပြုပြင်ပေးခဲ့ရပါတယ်။ ယခုအခါ ရေစုပ်တင်(Pump)(၃)လုံးဖြင့် စုပ်ယူပြီး လက်မှတ်ကုန်းရပ်ကွက်ရှိ ဂါလန်တစ်သန်းဆံ့ ရေလှောင် ကန်ကြီးသို့ ပေးပို့ကာ မြို့ပေါ်ရပ်ကွက်များသို့ ရေများ ဆက်လက်ဖြန့်ဖြူးပေးနေရပါတယ်။ ရေစုပ် တင်သည့် (Pump)ကြီး (၁)လုံးမှာ ပျက်စီးနေဆဲဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အသစ် လဲလှယ်ပေးရန် စီစဉ်ဆောင်ရွက်နေလျက်ရှိပါတယ်။ မြို့ပေါ် (၁၄)ရပ်ကွက်ရဲ့ ယခုလက်ရှိ ရေရရှိနေမှု အခြေအနေမှာ ရက်သတ္တပတ်(၁)ပတ်လျှင် (၁)ရက်၊ (၂)ရက်ခန့်သာ ရေရရှိပြီး သောက်သုံးရေ ဖူလုံစွာ ရရှိခဲ့ခြင်းမရှိ ဖြစ်နေပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ ပင်းချောင်းရေစိမ့်တွင်းများမှ လက်မှတ်ကုန်းရပ်ကွက်ရှိ ဂါလန် တစ်သန်းဆန့် ရေလှောင်သံကန်ကြီးသို့ ရေစုပ်တင်ပို့ရာတွင်လည်း ရေပိုက်ကြီးများ ဆွေးမြေ့ ပေါက်ပြဲပျက်စီးနေသဖြင့် ရေပိုက်ပေ(၁၀၃၀၀)လိုင်းတစ်လျှောက် ရေများပေါက်ထွက် ဆုံးရှုံးလျက် ရှိပါတယ်။ ၎င်းပိုက်လိုင်းများဟာ (၁၄)လက်မ ပိုက်လိုင်းများဖြစ်ပြီးတော့မှ နှစ်ပေါင်း(၃၀)ကျော် ခန့်ကြာပြီဖြစ်တဲ့အတွက် ပေါက်ပြဲပျက်စီးဆွေးမြေ့နေပါသဖြင့် ပြန်လည်ပြုပြင်ပေးရန် လိုအပ်လျက် ရှိနေပါတယ်။

သို့ဖြစ်၍ ရေထုတ်ယူမှုအပိုင်းတွင် ပျက်စီးနေသော (Pump) ကြီး (၁)လုံး အသစ်လဲလှယ်ပေးခြင်းနှင့် ရေလှောင်ကန်သို့ပို့တဲ့ (၁၄)လက်မပိုက်များအားလုံး အသစ်ပြန်လဲပေးရန် လိုအပ်မည် ဖြစ်ပြီး အားလုံး Pump အသစ်လဲလှယ်ပြီးပါက လက်ရှိ ရှိနေပြီးဖြစ်သော (315 KVA) ထရန်စဖော်မာဖြင့် ရေစုပ်တင်ပေးပါက Pump များအားလုံး တစ်ပြိုင်တည်းမောင်းနှင့် စုပ်တင်နိုင်မည် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေနံချောင်းမြို့ မြို့ပေါ်ရပ်ကွက် (၁၄)ရပ်ကွက်တွင် သောက်သုံးရေ ဖူလုံစွာ ရရှိရေးအတွက် အောက်ပါတို့ကို တိုးချဲ့ဆောင်ရွက်ရမည့် လုပ်ငန်းများ လိုအပ်လျက်ရှိနေကြောင်း သိရှိရပါတယ်။ ပထမအဆင့်အနေနဲ့ ရေစက်ရုံမှ ဂါလန်တစ်သန်းဆံ့ ရေလှောင်ကန်သို့ ပိုက်လိုင်းများ အသစ်လဲလှယ်ခြင်းလုပ်ငန်း၊ ဒါကတော့ အဟောင်းပြင်ရမှာ ဖြစ်ပါတယ်။ နောက် ဒုတိယကတော့ မြို့တွင်းရေဖြန့်ဝေပိုက်လိုင်းများမှာ Sub Mainfold များ တပ်ဆင်ခြင်းလုပ်ငန်း၊ ဒါလည်း အဟောင်းပြင်ရမယ်။ အသစ်ထပ်ထည့်ရမယ် ဖြစ်ပါတယ်။ ဒုတိယ အဆင့်အနေနဲ့ တပ်ပိုးရပ်ကွက်တွင် ဂါလန် နှစ်သိန်းဆံ့ ရေလှောင်ကန် တည်ဆောက်ခြင်းနှင့် ရေတင်(Pump)တပ်ဆင်ခြင်းလုပ်ငန်း၊ ဒါက လုပ်ငန်းအသစ်ဖြစ်ပါတယ်။ တစ်ခါ တပ်ပိုးရပ်ကွက်မှ တွင်းကုန်းရပ်ကွက်၊ ယာကြီးပြင်ရပ်ကွက်အတွင်းသို့ (၄)လက်မရေပိုက်လိုင်းအသစ် သွယ်တန်းခြင်း လုပ်ငန်း။ ဒါကလည်း လုပ်ငန်းအသစ် ဖြစ်ပါတယ်။

တတိယအဆင့်အနေနဲ့ ပင်းချောင်းမှာ ရေစိမ့်တွင်း(၁)တွင် အသစ်ထပ်မံ တူးဖော်ခြင်း လုပ်ငန်း၊ ဒါလုပ်ငန်းအသစ် ဖြစ်ပါတယ်။ လက်မှတ်ကုန်းရပ်ကွက်ရှိ ဂါလန်တစ်သန်းဆံ့ သံလှောင်ကန်တွင် (၅၀ KVA) ထရန်စဖော်မာ အပါအဝင် (၂၅)ကောင် ရေတွန်းစက်မော်တာနှင့် (Pump) (၁)စုံ အသစ်ထပ်ဖြည့် တပ်ဆင်ရန်လုပ်ငန်း ဖြစ်ပါတယ်။ ဒါဟာ လုပ်ငန်းအသစ်ဖြစ်ပါတယ်။ နောက် ညောင်လှရပ်ကွက်တွင် သောက်သုံးရေ ဖူလုံစွာရရှိရန် (၈)လက်မ စက်ရေတွင်း တူးဖော်ခြင်းနဲ့ ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း၊ ဒါ လုပ်ငန်းအသစ် ဖြစ်ပါတယ်။ ညောင်လှရပ်ကွက်ဟာ မြို့ရဲ့ တောင်ဘက် အစွန်ဆုံးရပ်ကွက် ဖြစ်ပြီးတော့ ပင်းချောင်းနဲ့ (၇)မိုင်ခန့်ကွာဝေးကာ သောက်သုံးရေ ခက်ခဲမှု ရှိပါတယ်။ စတုတ္ထအဆင့်အနေနဲ့ မြို့မတောင်ရပ်ကွက် ရဲစခန်းအနီးမှာ ဂါလန်နှစ်သိန်းဆံ့ မြေစိုက် ရေလှောင်ကန်နဲ့ ဂါလန်(၁၂၀၀၀)ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ လုပ်ငန်းအသစ် ဖြစ်ပါတယ်။ သစ်တပေွရပ်ကွက် ရဲသင်တန်းကျောင်းအနီးမှာ ဂါလန်နှစ်သိန်းဆံ့ မြေစိုက်ရေ လှောင်ကန်နှင့် ဂါလန်(၁၂၀၀၀)ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ လုပ်ငန်းအသစ် ဖြစ်ပါတယ်။ နောက် သစ်တပေွ ရပ်ကွက်မှာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအနီးမှာ ဂါလန် နှစ်သိန်းဆံ့ မြေစိုက်ရေ လှောင်ကန်နဲ့ ဂါလန်(၁၂၀၀၀)ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ လုပ်ငန်းအသစ် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နောက် မြို့တွင်း ရေဖြန့်ဖြူးသော ပိုက်ဟောင်းများအားလုံး အသစ်လဲလှယ်ပေးခြင်း စတဲ့လုပ်ငန်းများကို ဆောင်ရွက်ပေးရန် လိုအပ်မည် ဖြစ်ပါတယ်။

ဒါကြောင့် ရေနံချောင်းမြို့ မြို့ပေါ်(၁၄)ရပ်ကွက်မှာ သောက်သုံးရေ ဖူလုံစွာ ရရှိရေး အတွက် (၁) ရေစိမ့်တွင်း တစ်တွင်း အသစ်ထပ်မံတူးဖော်ပေးပါရန်၊ (၂) ရန်ပုံငွေ ခွင့်ပြုချက် ရရှိပြီး ဖြစ်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အသစ်တပ်ဆင်ပေးမည့် ရေစုပ် (Pump) (၁)လုံးအား အသစ်လဲလှယ်ပေးပါရန်နဲ့ (၃) အထက်တွင် အဆင့်အလိုက် တင်ပြထားသော ရေနံချောင်းမြို့

ရေပေးဝေရေးအတွက် အဓိကဆောင်ရွက်ရမည့် အချက်(၁၁)ချက်ပါ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများအား ဆောင်ရွက်ပေးနိုင်ပါရန် ဖြစ်ပါတယ်။

သို့ပါ၍ အထက်တင်ပြပါ လုပ်ငန်းများအား ဆောင်ရွက်ပေးမည်ဆိုပါက ရေနံချောင်းမြို့ရှိ ရပ်ကွက်(၁၄)ရပ်ကွက်တွင် နေထိုင်ကြသော ပြည်သူလူထု (၅၀၀၀၀) ဦးရေခန့် အားလုံး အခက်အခဲမရှိ သောက်သုံးရေဖူလုံစွာ ရရှိနိုင်မည် ဖြစ်ပါတယ်။ ရေနံချောင်းမြို့ ပြည်သူ လူထုရဲ့ အမှန်တကယ် အခက်အခဲဖြစ်နေပြီးတော့ လိုအပ်လျက်ရှိနေသော သောက်သုံးရေဖူလုံစွာ ရရှိရေး အတွက် မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးနိုင်မည်။ မည်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်ပေးမည်။ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ရေနံချောင်းမြို့ ပြည်သူလူထု အကျိုးငှာ ရေနံချောင်းမြို့နေ ပြည်သူ တစ်ရပ်လုံးကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၁။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

၎င်းမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရေစိမ့်တွင်း(၁)တွင်း အသစ်ထပ်မံတူးဖော်ပေးရန် လုပ်ငန်းအချက်နဲ့ ပတ်သက်ပြီးတော့ ရေနံချောင်းမြို့ ရေပေးရေးလုပ်ငန်းအတွက်ကို ရေစိမ့်တွင်း (၁)တွင်း တူးဖော်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း(၁၅၀)ခန့် ကုန်ကျမည် ဖြစ်ပါတယ်။ အဆိုပါ ရေစိမ့်တွင်းမှ ရရှိမယ့် ရေပမာဏမှာ တစ်နာရီရေဂါလန် (၅၀၀၀)ဖြစ်ပါတယ်။ ယခုအခါ မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မူလရေစိမ့်တွင်း(၅)တွင်းနဲ့ (၆)လက်မအချင်း၊ အနက်(၃၀)ပေရှိ ရေလျှံတွင်း(၅)တွင်း ဆောင်ရွက်ရန်အတွက် ခန့်မှန်းကုန်ကျငွေ ကျပ်(၂၁)သိန်းနဲ့ လျာထားပြီးတော့ အဆိုပါ ရေလျှံတွင်း(၅)တွင်းမှ တစ်နာရီရေဂါလန်(၂၁၀၀၀)ခန့် ပိုမိုရရှိအောင် လျာထားဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမည် ဖြစ်ပါတယ်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အသစ်တပ်ဆင်မယ့် ရေစုပ်ပန့်(၁)လုံး ဝယ်ယူတပ်ဆင်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ကျပ်သိန်း(၁၇၀)အား ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ ရန်ပုံငွေနဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေစုပ်ပန့်စက်(၁)လုံးအား ဝယ်ယူခဲ့ပြီး

တော့မှ ယခုအခါ ရေနံချောင်းမြို့သို့ ရောက်ရှိ တပ်ဆင်လျက်ရှိရာ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ဆောင်ရွက်ပြီးစီးမှာ ဖြစ်ပါတယ်။

ရေနံချောင်းမြို့ ရေပေးရေးအတွက်ကို အဓိက ဆောင်ရွက်ရမယ့် မေးခွန်းပါ လုပ်ငန်း (၁၁)ခု အား အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် စုစုပေါင်း ခန့်မှန်းကုန်ကျငွေမှာ ကျပ် (၇၁၅၀.၅)သိန်း ဖြစ်ပြီးတော့ မြို့နယ်စည်ပင်သာယာရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် အခက်အခဲ ရှိပါတယ်။ အဆိုပါ လုပ်ငန်းများအား တစ်ပြိုင်နက် ဆောင်ရွက်ရန်အတွက် မြို့နယ်စည်ပင်သာယာရေး အဖွဲ့အနေနဲ့ အတိုးနှုန်းသက်သာတဲ့ နိုင်ငံတကာချေးငွေ သို့မဟုတ် သီးခြား ထောက်ပံ့ရန်ပုံငွေများ ရရှိမှသာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၄။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရေနံချောင်းမြို့မှာ ကျွန်တော်တို့ ပြီးခဲ့တဲ့ တစ်နှစ်ကျော်က သင်္ကြန်မှာ ရေပြဿနာ၊ ရေနဲ့ ပတ်သက်ပြီးတော့ ပြဿနာတစ်ခု ဖြစ်ခဲ့ပါတယ်။ ဒါဟာလည်း ကျွန်တော်တို့ ရေရှားလွန်းတဲ့အတွက် အခုလိုဖြစ်တာပါ။ ရေအခက်အခဲ ရှိလွန်းတဲ့အတွက်၊ ဒါက ဘာလဲဆိုတာ ကျွန်တော်တို့ သင်္ကြန်ကာလမှာ ပါတီ အဖွဲ့အစည်းတစ်ခုကနေပြီးတော့ ဒီ ရေ မရရှိတဲ့ အတွက် ဆန္ဒပြဖော်ထုတ်ဖို့ဆိုပြီးတော့ ဒါလုပ်လာပါတယ်။ အဲဒီလုပ်လာတာကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းနဲ့ မြို့မိ/မြို့ဖများကနေပြီးတော့မှ ဒီလိုမလုပ်ဖို့ နားလည်အောင်သေချာ ရှင်းလင်းပြလိုက်တဲ့အတွက် အခုလို ဆူပူမှု၊ ဆန္ဒပြမှု မဖြစ်ပေါ်ခဲ့တာ ဖြစ်ပါတယ်။ တကယ်တမ်း တော့ ရေနံချောင်းမြို့ဟာ ရေတော်တော်ခက်ပါတယ်။ ကျွန်တော်တို့လည်း အဲဒီစက်ရုံတွေကအစ ကျွန်တော် ရောက်ရှိပြီး ဖြစ်ပါတယ်။ ခုဟာကလည်း ကျွန်တော်တို့ သိန်းပေါင်း(၇၁၅၀)ခန့် ကုန်မယ် လို့ ဒါ တွက်ထားပါတယ်။ ဒါကလည်း ကျွန်တော်တို့က တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဒီသိန်းပေါင်း (၇၁၅၀)၊ ခုနကျွန်တော် တင်ပြသလို ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်၊ စတုတ္ထအဆင့် အဆင့်လိုက်၊ အဆင့်လိုက် ဒါမျိုးလေးတွေ ဆောင်ရွက်ပေးစေချင်တာပါ။ တဖြည်းဖြည်း လုပ်ပေး စေချင်တာ ဖြစ်ပါတယ်။ ဒီ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဒါတွေအားလုံးပြီးအောင် လုပ်ပေးပါလို့ ကျွန်တော် တင်ပြခြင်း မဟုတ်ပါဘူး။ ဒီလိုလုပ်ပေးခြင်းအားဖြင့် အဆင့်လိုက်၊ အဆင့်လိုက် လုပ်လို့ လတ်တလော ကျွန်တော်တို့ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ဆောင်ရွက်ပေးနိုင်ခြင်းမရှိလျှင် နိုင်ငံတော်ကို တင်ပြတောင်းခံပြီးတော့ ဒါတွေကို အဆင့်လိုက်၊ အဆင့်လိုက် ဖော်ဆောင်ပေးဖို့ ကျွန်တော့်အနေနဲ့ ထပ်မံတင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

# ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစွာ မှိုငြမ်းသုံးစွဲနိုင်မည့် လုပ်ငန်းအခြေခံစံနှုန်းများ (Analyses Of Rates) ကို ပြုစုထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးမျိုးမြင့် တင်သွင်းထားသည့် ခေတ်စနစ်နှင့် လိုက်လျောညီထွေစွာ မှိုငြမ်းသုံးစွဲနိုင်မည့် လုပ်ငန်းအခြေခံစံနှုန်းများ (Analyses Of Rates) ကို ပြုစုထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၈)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၇။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆)**။ ။ ချစ်ခင်လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းထားတဲ့ ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစွာ မှိုငြမ်းသုံးစွဲနိုင်မည့် လုပ်ငန်းအခြေခံစံနှုန်းများ (Analyses Of Rates) ကို ပြုစုထုတ်ဝေရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့် အဆိုနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ယခင်ခေတ်ကာလများတစ်လျှောက်နှင့် ယနေ့ခေတ်ကာလတစ်လျှောက်လုံးမှာ လူမှုပတ်ဝန်းကျင် သာယာလှပစိုပြည်နေစေဖို့အတွက် နေရေး၊ ထိုင်ရေး၊ စားရေး၊ ဝတ်ရေး၊ သွားရေး၊ လာရေးစတဲ့ အခြေခံအဆောက်အအုံများနဲ့ လူတို့ နေ့စဉ် ထိတွေ့အသုံးပြုလျက်ရှိနေတယ်ဆိုတာကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ ဒီလိုအခြေခံ အဆောက်အအုံတွေဖြစ်ကြတဲ့ လမ်းတံတားများ၊ ရေလမ်းကြောင်းသာယာလုံခြုံစေရေး ထိန်းသိမ်းမှု လုပ်ငန်းများနဲ့ ဆိပ်ကမ်းကြီး၊ ဆိပ်ကမ်းငယ်များ၊ လေယာဉ်ကွင်း၊ လေဆိပ်အဆောက်အအုံကြီးများနဲ့ ဆက်စပ်လုပ်ငန်းများ၊ စားနပ်ရိက္ခာဖူလုံစေရေး ထုတ်လုပ်မှုလုပ်ငန်းများ၊ လူသုံးကုန် ထုတ်လုပ်ပေးတဲ့ စက်ရုံအလုပ်ရုံကြီးများ စတာတွေကို ဖော်ပြရမယ်ဆိုလို့ရှိရင်တော့ ဆုံးနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့ လက်အောက်မှာရှိတဲ့ ဝန်ကြီးဌာနများ၊ ၎င်းတို့ရဲ့ လက်အောက်မှာရှိတဲ့ လုပ်ငန်းဌာန အဖွဲ့အစည်းအသီးသီးနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပြုကြတဲ့ ပြည်ပကုမ္ပဏီကြီးများ၊ ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီများဟာ နိုင်ငံတော်ရဲ့ အကျိုးစီးပွား၊ မိမိတို့ရဲ့အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်

စေဖို့အတွက် မိမိတို့နဲ့သက်ဆိုင်တဲ့ လုပ်ငန်းအခြေခံ စံနှုန်းများအတိုင်း ဆောင်ရွက်လုပ်ကိုင် တာဝန်ယူကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ရှိထားပြီး၊ ရှိရမယ့် လုပ်ငန်းအခြေခံ စံနှုန်းများအရ ဆောင်ရွက်တဲ့ စီးပွားရေး တွက်ခြေကိုက်မှုမျိုးဖြစ်ဖို့ အလွန်အရေးကြီးတယ်လို့ သုံးသပ်လိုပါတယ်။ ယခင် ရှေ့ပိုင်း အတော်များများ ဖြစ်ပြီးခဲ့ကြတဲ့နေရာမှာ ဝန်ကြီးဌာနများနဲ့ လက်အောက်အဖွဲ့အစည်းများက လုပ်ကိုင်တာဖြစ်စေ၊ ပြည်တွင်း/ပြည်ပ ကုမ္ပဏီ အဖွဲ့အစည်းများက လာရောက်လုပ်ကိုင်တာ ဖြစ်စေ ယှဉ်ပြိုင်မှုအရ မဟုတ်ဘဲ တိုက်ရိုက်တာဝန်အပ်နှင်းခံရတဲ့ အခြေအနေကို ဆွေးနွေးတင်ပြလိုပါတယ်။ ယှဉ်ပြိုင်မှုအရ မဟုတ်တဲ့ အတွက်ကြောင့်မို့ လုပ်ငန်းများ လုပ်ဆောင်တဲ့နေရာမှာ ရှိထားပြီး သတ်မှတ်စံချိန်စံညွှန်းများ (Specification) အတိုင်း သို့မဟုတ် ယာယီစီမံချက်ဖြင့် ပြုစုအတည်ပြုထားကြသော လုပ်ငန်းအခြေခံစံနှုန်းများ (Analyses Of Rates)၊ ဒေသကွဲပြား ခြားနားမှုအလိုက် မိမိတို့က ကမကထပြု အတည်ပြုထားတဲ့ ဒေသအာဏာပိုင် အဖွဲ့အစည်းများက ခွင့်ပြုဒေသပေါက်ဈေးနှုန်းများ (Local Rates a Proof by unfairied Initiative) မဟုတ်ဘဲ ပကတိဖြစ်ပေါ်နေတဲ့ အဖွဲ့အစည်းပေါင်းစုံက လက်ခံကျင့်သုံးသင့်တဲ့ ဒေသပေါက်ဈေးနှုန်းများ (Local Privilege Rates and Real Market) စတာတွေကို လိုက်နာမှု အားနည်းခြင်း၊ အချို့ကိစ္စရပ်များမှာဆိုရင် လိုက်နာမှုမရှိခြင်းတွေကြောင့် လုပ်ငန်းအရည်အသွေး ထိန်းသိမ်းမှုနှင့် တာဝန်ယူမှု (Quality control and Quality Issurance) မရှိကြတဲ့အတွက် နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကြေး အနည်းနဲ့အများ ပွန်းပဲ့နိုင်တယ်လို့ သုံးသပ်ရရှိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ လက်ရှိအချိန်ကာလမှာ စောစောကတင်ပြခဲ့တဲ့ အခြေခံအဆောက်အအုံများရဲ့ အရွယ်အစား၊ ဆောင်ရွက်ကြရတဲ့ လုပ်ငန်းထုထည်အတိုင်းအတာ၊ ကုန်ကျတဲ့ ငွေကြေးပမာဏများဟာ လွန်စွာကြီးမား များပြားလှတယ် ဆိုတာကို အထင်အရှား တွေ့ရှိကြရမှာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အင်ဂျင်နီယာတစ်ယောက် မဟုတ်ပေမယ့် နေ့စဉ်နဲ့အမျှ ကြားနေ၊ သိနေ၊မြင်နေရတဲ့ ဒီအခြေခံအချက်အလက်တွေနဲ့ ယဉ်ပါးနေတယ် ဆိုတာကိုတော့ တင်ပြလိုပါတယ်။ ဥပမာ - နေရာဒေသတစ်ခု သို့မဟုတ် ရပ်ကွက်တစ်ခုတည်းမှာ ကုမ္ပဏီ(၂)ခု ကနေပြီးတော့၊ ယှဉ်ပြီးတော့ သူတို့က အဆောက်အဦ အထပ်မြင့်တိုက်ခန်းတွေ၊ ကွန်ဒိုမီယံတွေကို ယှဉ်ပြီးတော့ ဆောက်လုပ်တဲ့နေရာမှာ အထပ်တူ၊ အရွယ်အစားတူ အခြေအနေမျိုးမှာတောင်မှ သူတို့ရဲ့လုပ်ငန်းခန့်မှန်းခြေစာရင်းထဲမှာဆိုရင် လုပ်ငန်းပမာဏမတူခြင်း၊ သုံးစွဲတဲ့ ပစ္စည်းအမျိုးအစား ကွဲပြားခြင်း၊ ကုန်ကျစရိတ်မြင့်မားစွာကွဲပြားခြင်း၊ စတင်ချိန်တူသော်လည်း ပြီးစီးချိန်မတူခြင်း၊ လုံးဝတူရမယ်လို့ မဆိုလိုပါဘူး။ သို့သော်လည်း လွန်စွာကွာခြားရမှာ မဟုတ်ပါဘူး။ လုပ်ငန်းအရည်အသွေး ကွဲပြားခြင်း ဒါတွေကိုကြည့်မယ်ဆိုရင် လုပ်ငန်းသဘာဝတူ ဆောင်ရွက်နေသော်လည်းပဲ လုပ်ငန်းအခြေခံစံနှုန်းများ အတိုင်း ညီညွတ်မှုမရှိလို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံဆောက်အအုံများကို အကောင်အထည်ဖော်ခြင်းဟာ အမျိုးသား ဖွံ့ဖြိုးရေးစီမံကိန်းဖြစ်တဲ့ အပြင် တစ်နည်းအားဖြင့် ကာလတိုအမျိုးသား (၅)နှစ်စီမံကိန်းရဲ့ အရင်းအနှီးများ ဖြစ်နေတယ်လို့လည်း ဆွေးနွေးလိုပါတယ်။ စီမံကိန်းဆိုတာကို ပြောရမယ်ဆိုရင် ရရှိလိုတဲ့ ရည်မှန်းချက်ရှိမယ်။ အဲဒီရည်မှန်းချက်ကို ရောက်အောင် အစီအစဉ် အသေးစိတ်တွေနဲ့ အကောင်အထည်ဖော်ရမယ်။

အကောင်အထည်ဖော်နိုင်ဖို့အတွက် စွမ်းအားတွေကို ဘယ်လိုရှာဖွေ ဖော်ထုတ်မယ်။ ကုန်ကျမယ့် ခန့်မှန်းငွေကြေးစာရင်းဇယားများနဲ့ ရရှိလာတဲ့ ရလဒ်ကို ဘယ်လိုထိန်းချုပ်မလဲဆိုတာ ပါဝင်ပါတယ်။ ဒါ့ကြောင့် လုပ်ငန်းများစတင်ခြင်း မပြုမီကတည်းက နိုင်ငံတော်က ထုတ်ပြန် အသိအမှတ်ပြုထားတဲ့ လုပ်ငန်းအခြေခံစံနှုန်းများအရ စီမံကိန်းခန့်မှန်းခြေစာရင်းများ (Project Estimate)၊ လုပ်ငန်းခန့်မှန်းခြေစာရင်းများ (Work Estimate) တွေကို Bill of Quantity - BQ နဲ့ သာမဟုတ်ဘဲနဲ့၊ ကုန်ကျမယ့် ငွေကြေးပမာဏ (Costs) နဲ့ပါ ပြုစုဖော်ပြပြီး ကြိုတင်စစ်ဆေး ခွင့်ပြုချက် ရယူခြင်းကသာလျှင် တကယ့်လမ်းကြောင်းအမှန်ဖြစ်တယ်လို့ ဆွေးနွေးလိုပါတယ်ရှင်။ ဒါကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများ တည်ဆောက် အကောင်အထည် ဖော်ရာမှာ ပါဝင်ပတ်သက်ကြတဲ့ ပြည်တွင်းပြည်ပ အဖွဲ့အစည်းပေါင်းစုံအတွက် ကျွန်မအနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းတဲ့ ခေတ်စနစ်နဲ့ လိုက်လျောညီထွေရှိစွာ မှီငြမ်းသုံးစွဲနိုင်မည့် လုပ်ငန်းအခြေခံစံနှုန်းများ (Analyses Of Rates) ကို ပြုစုထုတ်ဝေရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့်အဆိုအား လေးလေးနက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၂၅။**

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြား၍ တက်ရောက်လာသော ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသွားတဲ့ အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျာ။ အဆိုရှင် ဦးမျိုးမြင့် က နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများမှာ ပြည်ထောင်စုရဲ့ နှစ်စဉ်ဘဏ္ဍာငွေတွေကို သုံးစွဲကြတဲ့ ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ လက်အောက်လုပ်ငန်းဌာနများ လုပ်ငန်းဆောင်ရွက်ကြတဲ့နေရာမှာ ဘတ်ဂျက်အတည်ပြုသူ၊ လွှတ်တော်၊ လုပ်ငန်းနဲ့ငွေကြေးသုံးစွဲမှုကို တာဝန်ယူသူ၊ ဝန်ကြီးဌာနများ စစ်ဆေးသူ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စတဲ့ တာဝန်ရှိသူတွေရဲ့ကြားမှာ လုပ်ငန်းသဘာဝအလိုက် အသုံးပြုစံနှုန်းပေတံများအဖြစ် တိုင်းထွာနိုင်မယ့် ကျမ်းကိုးအဖြစ် ပြုစုထားရှိရန် လိုအပ်ကြောင်းနှင့် တာဝန်ယူလုပ်ကိုင်လျက်ရှိကြတဲ့ အဖွဲ့အစည်းအားလုံးက လက်ခံကျင့်သုံးနိုင်တဲ့ လုပ်ငန်းအခြေခံ စံနှုန်းများ လိုအပ်ကြောင်း လက်ရှိသုံးစွဲနေတဲ့ လုပ်ငန်းစံနှုန်းများဟာ ခေတ်စနစ်နဲ့ လိုက်လျော ညီထွေမရှိ ခေတ်မမီတော့တဲ့အတွက် ကျမ်းကိုးကြီးတွေကို ပြုပြင်ရေးဆွဲရန် လိုအပ်လျက် ရှိနေပြီ ဖြစ်တဲ့အကြောင်း သုံးသပ်သွားတာဟာ အမှန်ပဲဖြစ်ပါတယ်။ နည်းစနစ်တွေ ပြောင်းလဲလာတာနဲ့

အမျှ အခြေခံကိန်းဂဏန်း စံနှုန်းတွေဟာလည်း ပြောင်းလဲရမှာ ဖြစ်ပါတယ်။ မြေကြီးလုပ်ငန်း၊ ဘိလပ်မြေလုပ်ငန်း စတဲ့လုပ်ငန်းတွေမှာ မြေတူးလုပ်သား၊ ဘိလပ်မြေဖျော်တဲ့၊ ဖျော်စပ်တဲ့ လုပ်သားတွေနေရာတွေမှာ စက်တွေ အစားထိုးလာကြပြီ ဖြစ်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းနယ်ပယ်က ပစ္စည်း အမျိုးအစားတွေလည်း ခေတ်မီတိုးတက်လာပြီ ဖြစ်ပါတယ်။ လမ်းလုပ်ငန်းတွေမှာလည်း ကတ္တရာဖျော်လောင်းတဲ့ အပြေးသမားတွေ မလိုအပ်တော့ပါဘူး။ ခေတ်မီအောင်တိုးတက်လာတဲ့ နည်းစနစ်တွေနဲ့ စံနှုန်းကို လိုက်လျောညီထွေပြဋ္ဌာန်း သတ်မှတ်ပေးနိုင်ခြင်းမရှိတဲ့အတွက် အဲဒီ ပျော့ကွက်၊ ဟာကွက်တွေအပေါ်မှာ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသလို ဝန်ကြီးဌာန အသီးသီးရဲ့ လုပ်ငန်းကုန်ကျစရိတ် တွက်ချက်တဲ့နေရာမှာ ပိုမိုတွက်ချက် တင်ပြတောင်းခံလာတာတွေကို ဒီကနေ့တွေ့နေရပြီ ဖြစ်ပါတယ်။

လမ်းလုပ်ငန်း၊ မြို့ပြလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေကြတဲ့ စည်ပင်သာယာရေးအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ နယ်စပ်စည်ပင်ဝန်ကြီးဌာန အသီးသီးရဲ့ တွက်ချက်မှုဟာ ဝန်ကြီးဌာနရဲ့ အာဘော်ယူဆချက်တွေနဲ့ တွက်ချက်နေကြတာ၊ ပြည်ထောင်စုဘတ်ဂျက်မှာ တင်ပြတောင်းခံနေကြတာ၊ အထူးသဖြင့် ဒေသအစီအစဉ်တွေနဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့ လုပ်ငန်းတွေမှာ များနေတာတွေ တွေ့နေရပါတယ်။ ဒါဟာနည်းပညာ တိုးတက်မှုနဲ့အညီ လိုအပ်တဲ့စံနှုန်းတွေ မသတ်မှတ်နိုင်တဲ့အတွက် ဖြစ်ပေါ်လာရတဲ့ ယိုဖိတ်မှုတစ်ခုလို့ပဲ ယူဆမိပါတယ်။ ဒ့ါအပြင် ရာခိုင်နှုန်းနဲ့ မျှဝေခံစားနေရတဲ့ လမ်းကြောင်း ပေါ်ပေါက်လာစေတယ်လို့လည်း ယူဆမိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ လုပ်ငန်းတစ်ခုရဲ့ ကုန်ကျစရိတ်ကို တွက်ချက်တဲ့နေရာမှာ ပစ္စည်းနဲ့ လုပ်အားအပေါ်မှာ အဓိကပြောင်းလဲသွားစေတဲ့အချက်ကတော့ ဒေသဈေးနှုန်းပဲ ဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုနဲ့တစ်ခု မတူညီနိုင်ဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့ သတ်မှတ်ထားတဲ့ ဈေးနှုန်းတွေဟာ အမှန်အတိုင်းဖြစ်ဖို့ လိုပါတယ်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေရဲ့ တင်ပြမှုအပေါ်မှာ လက်မှတ်ထိုးပေးနေတဲ့၊ အတည်ပြုချက်ပေးနေတဲ့စနစ်အစား ပိုမိုကောင်းမွန်တဲ့ လမ်းကြောင်းပေါ် စေတနာမှန်မှန်နဲ့ လျှောက်စေချင်ပါတယ်။ ပစ္စည်းနဲ့ လုပ်အား တိကျမှန်ကန်ပေမယ့် ဈေးနှုန်းနဲ့ လုပ်မစားနိုင်ရအောင် ကြီးကြပ်ကွပ်ကဲပေးကြဖို့လိုမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် တွက်ချက်နည်း ဖြစ်ပါတယ်။ အချို့ဝန်ကြီးဌာနတွေက ဌာနစရိတ် ဆိုပြီးတော့ ရာခိုင်နှုန်းနဲ့ ပေါင်းထည့်တဲ့အပြင် မမျှော်မှန်းနိုင်သော ကုန်ကျစရိတ် ဆိုပြီးတော့ ရာခိုင်နှုန်းနဲ့ ထပ်ပေါင်းထည့်ကြတဲ့ ကုန်ကျစရိတ် တွက်ချက်နေကြတာလည်း တွေ့နေရပါတယ်။ ပြင်ပမှာ ဈေးနှုန်းတွေ တက်သွားတဲ့အခါ မူလခန့်မှန်းခြေကို ပြင်ဆင်ရေးဆွဲ တောင်းခံနေကြတာလည်း တွေ့နေရပါတယ်။ ခေတ်မမီတော့ဘူးဆိုပေမယ့် လက်ရှိသုံးစွဲနေတဲ့ Yellow Book က ပစ္စည်းကုန်ကျစာရင်းတွေဟာ အလေအလွင့် (၁၀)ရာခိုင်နှုန်းပါပြီးသား ဖြစ်ပါတယ်။ စာရင်းပါ ခံစားခွင့်အပြင် ထပ်ဆောင်းခံစားခွင့်ရနိုင်ဖို့ တွက်ချက်တင်ပြ တောင်းခံနေကြပါတယ်။ ပြန်လည်သုံးသပ်စေလိုပါတယ်။ လုပ်ငန်းနဲ့ ကုန်ကျစရိတ်အချိုးဟာ တန်ရာတန်ကြေး ဖြစ်ရဲ့လားဆိုတာကို တာဝန်ရှိအဖွဲ့အစည်းများက ဝိုင်းဝန်းကြီးကြပ်သင့်ပြီလို့ တင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျာ။ လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ လုပ်ငန်းတွေအပေါ်မှာ တင်ပြတောင်းခံထားတဲ့ လုပ်ငန်းသတ်မှတ်ချက်များနဲ့ ညီညွတ်ရဲ့လား။ လိုအပ်တဲ့၊ ရှိသင့်ရှိထိုက်တဲ့ စံမီရဲ့လား။ ကုန်ကျစရိတ်နဲ့ အကျိုးသက်ရောက်မှု မျှတရဲ့လား။ တန်ရာတန်ကြေး ဖြစ်ရဲ့လားဆိုတဲ့ အချက်တွေနဲ့ ပြီးစီးသွားတဲ့ လုပ်ငန်းတွေအပေါ်မှာ စစ်ဆေးကြရဲ့လား။ ဒီကနေ့ စစ်ဆေးဖို့တာဝန်ရှိတဲ့ ပုဂ္ဂိုလ်အဖွဲ့အစည်းတွေကလည်း လုပ်ငန်းစစ်ဆေးမှု အားနည်းလာတာကို တွေ့နေရပါတယ်။ ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်ကို မဆောင်ရွက်ရင်၊ ပေါ့လျော့ရင်၊ တမင်ထိန်ချန်ထားခဲ့ရင် ဘယ်လိုအရေးယူမလဲ။ အားနည်းချက်တွေရှိနေပါတယ်။ စာရင်းစာရွက်ပေါ်ကဖော်ပြချက်နဲ့ မြေပြင်ပေါ်က ပကတိအခြေအနေတွေဟာ ကိုက်ညီမှုတွေမရှိတာထက် များလာတဲ့အတွက် အခုပြင်၊ ခဏပျက်၊ လမ်းတွေမကောင်းဘူး၊ မလိုအပ်ဘဲပြင်ဆင်ထိန်းသိမ်းစရိတ်တွေ သုံးနေရပြီဆိုတဲ့ အသံတွေလည်း ထွက်ပေါ်လာနေတာဖြစ်ပါတယ်။

ဒါကြောင့် အဆိုရှင် ဦးမျိုးမြင့် ကလည်း လုပ်ငန်းပြီးစေမှုနဲ့ ငွေကြေးကုန်ကျမှုမျှတဖို့၊ ဘိလပ်မြေ၊ သံထည်၊ သစ်သားထည်စတဲ့ အသုံးပြုပစ္စည်းတွေကိုလည်း သတ်မှတ်စံနှုန်းများနဲ့အညီ အသုံးပြုဖို့၊ တည်ဆောက်ရေးပစ္စည်း လေလွင့်ဆုံးရှုံးမှု မရှိဖို့၊ လုပ်ငန်းအရည်အသွေး ထိန်းသိမ်းခြင်းနဲ့ အာမခံချက်ပေးဖို့ ထောက်ပြပေးခဲ့တာလည်း တွေ့ရပါတယ်။ ခေတ်စနစ်နဲ့ လိုက်လျောညီထွေရှိစွာ မှီငြမ်းသုံးစွဲနိုင်မယ့် လုပ်ငန်းအခြေခံစံနှုန်း ပြုစုထုတ်ဝေရန် အဓိကကျကြောင်း တိုက်တွန်းထားပါတယ်။ Yellow Book နဲ့ Green Book တွေကို အဝါရောင်စာအုပ်နဲ့ အစိမ်းရောင် စာအုပ်တွေကို ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း ဖော်ပြသွားပါတယ်။ ဒါကြောင့် ပြင်ဆင်သင့်တာတွေ ပြင်ဆင်ဖို့ ဖြည့်စွက်သင့်တာတွေ ဖြည့်စွက်ကြရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ကြီးကြပ်ကွပ်ကဲသင့်တာတွေ ကြီးကြပ်ကွပ်ကဲဖို့ တာဝန်ယူမှု၊ တာဝန်ခံမှု သတ်မှတ်ပေးဖို့၊ အရေးယူသင့်တာတွေကို အရေးယူဖို့ လိုအပ်နေပြီဖြစ်ကြောင်း တိုက်တွန်းတင်ပြ ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၆။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ဦးမျိုးမြင့် ရဲ့ ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစွာ မှီငြမ်းသုံးစွဲနိုင်မည့် လုပ်ငန်းအခြေခံစံနှုန်းများ ပြုစုထုတ်ဝေရန်ဆိုတဲ့ အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးမျိုးမြင့် ရဲ့ အဆိုဟာ လက်ရှိ ဒီမိုကရေစီ ခေတ်ပြောင်းအခြေအနေမှာ တာဝန်ယူမှု၊ တာဝန်ခံမှု စနစ်တစ်ခုစီကို ဦးတည်ပေးသွားတဲ့ အဆို ဖြစ်ပါတယ်။ ဒီအဆိုဟာ ပြည်သူ့ဘဏ္ဍာကို စနစ်တကျသုံးစွဲရေး၊ အလေအလွင့်မရှိရေးနဲ့ ပြည်သူတို့ရဲ့နေထိုင်သွားလာမှုကို

လုံခြုံမှုကို တွန်းအားပေးတဲ့ အဆိုဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်ထောက်ခံပြီးဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီအဆိုမှာ တည်ဆောက်ရေး၊ ပစ္စည်းထုတ်လုပ်ရေး၊ ပစ္စည်းဝယ်ယူရေးနဲ့ ကဏ္ဍတွေနဲ့ သက်ဆိုင်နေတာကိုလည်း တွေ့ရှိရပါတယ်။ စံနှုန်းသတ်မှတ်ရာမှာ အခြေအနေ၊ လုပ်အားရရှိမယ့် အခြေအနေ၊ အများက လိုက်နာဆောင်ရွက်နိုင်မယ့် အခြေအနေကို ညှိနှိုင်းတွက်ချက်မှုတွေကိုပါ စဉ်းစားထားတဲ့အတွက် လုပ်ဆောင် အကောင်အထည်ဖော်တဲ့အခါ ဒီစံနှုန်းတွေဟာ အခက်အခဲမရှိ နိုင်ပါဘူး။ ဒီနေ့ခေတ်ဟာ ပြောင်းလဲမှုတွေ မြန်ဆန်နေပါတယ်။ လမ်းဒီဇိုင်းတွေ၊ အဆောက်အဦတွေ၊ စက်ပစ္စည်းကိရိယာ ဒီဇိုင်းတွေဟာ ပြောင်းလဲနေတဲ့အတွက် မှီငြမ်းသုံးစွဲနိုင်မယ့် လုပ်ငန်းအခြေခံ စံနှုန်းတွေကို ခေတ်နဲ့တစ်ပြေးညီ သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ ကွဲပြားခြားနားတဲ့ ပြည်သူ့ ဆောက်လုပ်ရေး အဖွဲ့အစည်းများ၊ စည်ပင်အဖွဲ့များ၊ ပုဂ္ဂလိကကုမ္ပဏီများဟာ အဲဒီစံနှုန်းတွေနဲ့ တစ်ထပ်တည်းကျအောင် လုပ်ဆောင်ပေးရပါလိမ့်မယ်။ နိုင်ငံခြားက ဝင်လာတဲ့ ကုမ္ပဏီအဖွဲ့အစည်း တွေကလည်း ဒီစံနှုန်းတွေကို ကိုးကားနိုင်တဲ့အတွက် တည်ဆောက်ရေးနဲ့ စာချုပ်ချုပ်ဆိုတဲ့အခါ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါမှသာ ပြည်သူ့ငွေတွေဟာ အလဟဿ မဖြစ်ဘဲ ပြည်သူတွေ အလိမ် မခံရဘဲ အရည်အသွေးပြည့်မီတဲ့ အကျိုးကို ခံစားလာရမှာ ဖြစ်ပါတယ်။ လုပ်ငန်းအခြေခံစံနှုန်း သတ်မှတ်မှုကို အလေးမထားလို့ ပြည်သူ့ငွေဆုံးရှုံးရမှုတွေ၊ ပြည်သူတွေရဲ့ နစ်နာမှုအချို့ကို ဆက်စပ် နေတဲ့အတွက် တင်ပြစရာရှိပါတယ်။ လမ်းလုပ်တဲ့အခါ ကျောက်တွေရဲ့ အရည်အသွေး၊ ထည့်ရမယ့် ကတ္တရာပမာဏ၊ ထည့်ရမယ့် ဘိလပ်မြေပမာဏတွေကို စံနှုန်းသတ်မှတ်ထားပြီး ရှိပါတယ်။ ကတ္တရာ လည်း မဟုတ်တဲ့အခါ လိုအပ်တဲ့ ကျောက်အမျိုးအစား မရဘူးဆိုရင်၊ ဟိုတစ်ခေတ်တုန်းကဆိုရင် အမာခံစံနှုန်းမီအောင် အုတ်တွေကို ဖုတ်ပြီး လုပ်ခဲ့တာတွေ ရှိပါတယ်။

အဲဒီလမ်းတွေဟာ အခုထိ အကောင်းအတိုင်း ရှိနေပါသေးတယ်။ အခု ကျွန်တော်တို့ လောလောဆယ် ကျွန်တော်တို့ဒေသမှာ လမ်းတွေကို အဆင့်မြှင့်တင်နေပါတယ်။ မာတယ်လို့ ထင်ရတဲ့ ကျောက်တွေကို ထည့်ပြီးလုပ်ပါတယ်။ အဲဒီလမ်းဟာ ခဏခဏပျက်နေတဲ့အတွက် တူးဆွပြီး အဖြေရှာ ကြည့်ပါတယ်။ ကျောက်တွေမရှိတော့ဘဲ သဲမှုန့်တွေဖြစ်နေတာ တွေ့ရပါတယ်။ နောက်ပြီး အဖွဲ့အစည်းဌာန တစ်ခုတည်းကလုပ်တဲ့လမ်းတွေ၊ ကုမ္ပဏီတစ်ခုတည်းက လမ်းတွေ၊ မြို့တစ်မြို့ တည်းမှာ လုပ်ပေးတဲ့အခါ အရည်အသွေး မတူတာတွေကို တွေ့ရှိရပါတယ်။ ဒါဟာ စံနှုန်း အမျိုးမျိုး ရှိနေတာကို ပြနေတာဖြစ်ပါတယ်။ နောက်ပြီးစံနှုန်းကို သိရက်သားနဲ့ တမင်လုပ်တာတွေ လည်း ရှိပါတယ်။ ဥပမာ - ကျွန်တော်တို့မြို့၊ ပုဏ္ဏားကျွန်းမြို့နယ်မှာ လောလောဆယ် ဖြစ်နေပါတယ်။ စမဒါးကျေးရွာနဲ့ သဲဖြူချောင်းကျေးရွာ မူလတန်းကျောင်းတွေ၊ သန်းစင်ကျေးရွာမှာ ဆေးခန်းတွေ ဆောက်တဲ့အခါ တံခါးရဲ့ ကျည်းဘောင်တွေ၊ နောက်အမိုးတွေကို ပျဉ်းကတိုးသစ်မာနဲ့ လုပ်ရမယ် ဆိုတဲ့ စံနှုန်းတွေရှိပါတယ်။ စာချုပ်လည်း ချုပ်ဆိုထားရှိပါတယ်။ ဒါပေမယ့် တကယ်လုပ်တဲ့အခါ သစ်အညံ့စားတွေနဲ့ လုပ်ပါတယ်။ ပညာရေးမှူးက ကျောင်းကို လက်ခံဖို့လာတဲ့အခါ သစ်တွေကို ပိုးထိုးပြီးတော့ ပျက်စီးနေပြီဖြစ်ပါတယ်။ အခုပုဏ္ဏားကျွန်းမြို့ အထက မှာ နှစ်ထပ်ကျောင်းဆောင် အသစ်တစ်ခုလုပ်နေပါတယ်။ စံနှုန်းအရ နှစ်ထပ်ကျောင်းဆောင်ရဲ့ ကွန်ကရစ်တိုင်တွေကို (၁)ပေ ပတ်လည်နဲ့ ဆောက်ရမယ်လို့ သိရှိရပါတယ်။ အမိုးတန်းတွေကိုတော့ သစ်မာနဲ့ လုပ်ရမှာ ဖြစ်ပါတယ်။ အဲဒီလို မလုပ်ခဲ့တဲ့အတွက် ဆောက်လုပ်ပေးတဲ့ ကုမ္ပဏီနဲ့ လူထုနဲ့ အခုပြဿနာ ဖြစ်နေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကြောင့် စံနှုန်းတွေကို ပြဋ္ဌာန်းသတ်မှတ်ရုံနဲ့ မရသေးပါဘူး။ လိုက်နာကျင့်သုံးမှုရှိ/ မရှိဆိုတာတွေကိုလည်း တာဝန်ရှိသူများ မစစ်ဆေးရင် ငွေကြေးပိုမိုကုန်ကျမယ်လို့ အဆိုရှင်ဦးမျိုးမြင့် က တင်ပြထားပါတယ်။ အဲဒါမှန်ပါတယ်။ ကျွန်တော်တို့ဆီမှာ ဖြစ်နေတာက စီမံကိန်း၊ စီမံချက်တစ်ခုချလိုက်မယ်။ အဲဒါနဲ့ တပါတည်း ကုမ္ပဏီတစ်ခု ကပ်လိုက်လာတယ်။ သူ့ဟာနဲ့သူ ဖြစ်နေပါတယ်။ တာဝန်ခံမှုနဲ့ ပြန်လည်စစ်ဆေးမှုဆိုတာ မရှိပါဘူး။ အဲဒါနဲ့ ပတ်သက်လို့ နမူနာကောင်းတစ်ခုရှိပါတယ်။ ရန်ကုန်-ပြည်လမ်းဖောက်တုန်းက ADB ကငွေကြေးစိုက်တယ်လို့ သိရပါတယ်။ လမ်းဖောက်တာက နိုင်ငံခြားကုမ္ပဏီတစ်ခု ဖြစ်ပါတယ်။ အရည်အသွေးစစ်တာကလည်း နောက် နိုင်ငံခြားကုမ္ပဏီတစ်ခု ဖြစ်ပါတယ်။ စံမမီရင် ပြန်လုပ်ခိုင်းတယ်လို့ သိရပါတယ်။ အဲဒါကြောင့် အခုလမ်းဟာ စံချိန်မီပြီးကောင်းနေတာ အားလုံးအသိ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အဖြစ် ဆွေးနွေးရရင် စီမံကိန်းချခဲ့တာက အဖွဲ့တစ်ခု၊ အကောင်အထည် ဖော်ခဲ့တာက အဖွဲ့အစည်းတစ်ခု၊ သို့မဟုတ် ကုမ္ပဏီတစ်ခုနဲ့ အခုအချိန်မှာ မလုံလောက်တော့ပါဘူး။ ပြည်သူ့ငွေတွေကို အကာအကွယ်ပေးဖို့ဆိုရင် ခေတ်မီတဲ့ စံနှုန်းတွေရှိရမယ်။ အဲဒီစံနှုန်းကို ပြည်သူ့ငွေ ချွေတာရေးအတွက် စစ်ဆေးအကဲဖြတ်မယ့် ပြင်ပက Third Party အဖွဲ့အစည်းတွေ လိုအပ်နေပြီ ဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၉။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် အမှတ်(၄) ကျွန်တော် ဦးစတီဗင်သာဘိတ် မှ မန္တလေးတိုင်း မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ ခေတ်စနစ်နဲ့ လိုက်လျောညီထွေရှိစွာ မှီငြမ်းသုံးစွဲနိုင်မည့် လုပ်ငန်းအခြေခံစံနှုန်းများ (Analyses Of Rates) ကို ပြုစုထုတ်ဝေရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးမျိုးမြင့်ရဲ့ အဆိုတင်ပြချက်ကို ခြုံငုံပြီးတော့ ကြည့်မယ်ဆိုရင် လက်ရှိပြည်ထောင်စုဝန်ကြီးဌာနများအောက်ရှိ လုပ်ငန်းဌာနများဟာ မိမိတို့လုပ်ငန်းများဆောင်ရွက်ရာ၌ လုပ်ငန်းလျာထားချက်ပြီးစီးမှု၊ ရန်ပုံငွေလျာထားချက်၊ ရန်ပုံငွေသုံးစွဲမှု စသည့် အချက်များ တို့ဖြင့် ဖော်ပြမှုဟာ စနစ်တကျတွက်ချက် လျာထားချက်သုံးစွဲမှု၊ သတ်မှတ်ထားသော စံနှုန်းစံညွှန်းပေါ် မဟုတ်ဘဲ ဝန်ထမ်းအဆင့်ဆင့် နည်းမျိုးစုံနဲ့ စီမံကွပ်ကဲမှုဖြင့် သာမန်လုပ်သား၊ ကျွမ်းကျင်လုပ်သားများဖြင့် သင့်လျော်သော နေ့တွက်စရိတ်ဖြင့် လည်းကောင်း၊ လုပ်အားပုတ်ဖြတ်စနစ်ဖြင့် လည်းကောင်း၊ လုပ်ငန်းအပ်နှံသူလုပ်ငန်းရှင်က လုပ်ငန်းတစ်ခုလုံး အပြီးအပြတ် ပေးချေစနစ် စသည့် ပုံစံနည်းမျိုးစုံနဲ့၊ နှုန်းမျိုးစုံနဲ့ ကျင့်သုံးဆောင်ရွက်ကြတဲ့အပေါ်မှာ မတူကွဲပြားမှု၊ ပုံစံစနစ်အမျိုးမျိုးမရှိအောင် ခေတ်စနစ်နဲ့ လိုက်လျောညီထွေမှုရှိသော မှီငြမ်းသုံးစွဲနိုင်မယ့် လုပ်ငန်းအခြေခံစံနှုန်း (Analyses of Rate)ကို သုံးစွဲရေး အလေးထား ဆွေးနွေးသွားတာတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၇၀ ခုနှစ်မှာ ပထမအကြိမ်ထုတ်ဝေသော Yellow Book ခေါ် အဝါရောင်စာအုပ်မှာ အရင်တုန်းက PW ခေါ်တဲ့ ပြည်သူ့လုပ်ငန်း ကော်ပိုရေးရှင်းအတွက် သီးသန့် ထုတ်ဝေပေးခဲ့သော စံနှုန်းများဖြစ်ပြီး လုပ်ငန်းစီမံကိန်းရေးဆွဲရာတွင် လည်းကောင်း၊ စစ်ဆေးရေး၊ လုပ်ငန်းစစ်ဆေးရာတွင်လည်းကောင်း၊ နည်းလမ်းစနစ်တကျ ရှိပြီး ငွေရေး ကြေးရေးအလေအလွင့် နည်းပါးခြင်းမှအစ ၎င်းဌာနအတွက် အထူးသဖြင့် Civil Work မှာ အသုံးဝင်သော်လည်း အခြား ဝန်ကြီးဌာန လုပ်ငန်းအပြင် လျှပ်စစ်စွမ်းအားသုံး ဝန်ကြီးဌာနမှ တည်ဆောက်သော Hydraulic Strength Structure နဲ့ Electrical and Mechanical Work လျှပ်စစ်နဲ့ စက်မှုလုပ်ငန်းသုံး အတွက် အသုံးပြုရန် စံနှုန်း မရှိပါသဖြင့် ၎င်းဆောက်လုပ်ရေးလုပ်ငန်း အတွက် ကိုက်ညီသောစံနှုန်း စာအုပ်ဖြစ်သော Green Book ခေါ် အစိမ်းရောင်စာအုပ်ကို ၂၀၀၈ ခုနှစ်တွင် ထုတ်ဝေခဲ့ကြောင်း သိရှိ ရပါတယ်။ ၎င်း Green Book မှ ထိန်းကျောင်းပေးသောအရာမှာ သက်ဆိုင်ရာလုပ်ငန်း အဖွဲ့အစည်း တို့နဲ့ လုပ်ငန်းအပေါ် ပြည်တွင်းပြည်ပမှ လုပ်ငန်း Contractor များအတွက် Quality Control အရည်အသွေး ထိန်းပေးရာ၌လည်းကောင်း၊ နိုင်ငံတော်မှ ဘတ်ဂျက် ခွဲဝေလျာထားချထား ပေးရာတွင် လည်းကောင်း၊ သုံးစွဲရာတွင်လည်းကောင်း၊ ငွေကြေး အလေအလွင့် ဆုံးရှုံးမှု နည်းပါးပြီး စစ်ဆေးတဲ့ ဌာနအတွက်ပါ အနီးစပ်ဆုံး ခန့်မှန်းစစ်ဆေးလို့ရကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်မှာ ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့ နိုင်ငံရေး၊ စီးပွားရေး အပြောင်းအလဲမှာ ပြည်တွင်းပြည်ပမှ Infrastructure ခေါ် အခြေခံအဆောက်အဦများ ဝန်ကြီးဌာန တိုင်းမှာ တည်ဆောက်ရန် အလွန်အများအပြားရှိပြီး ၎င်းလုပ်ငန်းဆောင်ရွက်ရာမှာ သက်ဆိုင်ရာ ကုမ္ပဏီများ Contractor များ စနစ်တကျ ဖြစ်စေရေးအတွက် ၂၀၀၈ ခုနှစ်တွင် ထုတ်ဝေခဲ့သော Green Book ဟာ ခေတ်နဲ့လျော်ညီစွာ ပြန်လည်ရေးဆွဲရန် အမှန်ပင် လိုအပ်လျက်ရှိပါတယ်။ ယခုခေတ် ဝန်ကြီးဌာနများ လုပ်ငန်းစီမံကိန်း တည်ဆောက်ရာမှာ မသမာမှု၊ စာရင်း မမှန်ကန်မှု၊ တောင်းခံလျာထားချက် အဆမတန် များပြားမှု၊ သုံးစွဲရာမှာလည်း စနစ်တကျ သုံးစွဲမှု မရှိ စံချိန်စံညွှန်းနဲ့ ကိုက်ညီအောင် မဆောင်ရွက်မှုကြောင့် အရည်အသွေး Quality ညံ့ဖျင်းမှု ဖြစ်နေပါတယ်။ စစ်ဆေးတဲ့အဖွဲ့အတွက်ပါ မှန်ကန်မှု မရှိတော့ပါသဖြင့် ငွေကြေး အလွဲသုံးစားမှုအတွက် မသမာသော Contractor Company တို့ စီမံခန့်ခွဲသော ဝန်ထမ်းအဆင့်ဆင့်တို့အတွက် အခွင့်ကောင်း ဖန်တီး ပေးနေသလို ဖြစ်နေကြောင်း တွေ့ရှိရပါတယ်။ ယခုလို Green Book ကို ပြန်လည်ရေးဆွဲရာမှာ ဒေသလည်း ကွဲပြားခြားနားမှုအပေါ် ဒေသပေါက်ဈေး ဈေးနှုန်းများ ခြားနားမှာ ဖြစ်သော်လည်းပဲ လုပ်ငန်း စံချိန်စံညွှန်းများတော့ တူညီရမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ယခု လက်ရှိ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဟာ အိမ်နီးနားချင်းနိုင်ငံများကဲ့သို့ အရှိန်အဟုန်နဲ့ တိုးတက်ဖွံ့ဖြိုးနိုင်ရန်အတွက် ငွေကြေး သုံးစွဲရန် ထိန်းကျောင်းပေးနိုင်သော ခေတ်နဲ့လိုက်လျော ညီထွေရှိစွာ မှီငြမ်းသုံးစွဲနိုင်မယ့် လုပ်ငန်းအခြေခံစံနှုန်းများ (Analyses Of Rates) ကို ပြန်လည်ပြုစုထုတ်ဝေရန် ပြည်ထောင်စု အစိုးရကို တိုက်တွန်းကြောင်း ဦးမျိုးမြင့် ရဲ့ အဆိုကို အလေးအနက် ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၄။**

**ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနဲ့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းသော အဆိုဖြစ်တဲ့ ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစွာ မှီငြမ်း သုံးစွဲနိုင်မည့် လုပ်ငန်းအခြေခံစံနှုန်းများ (Analyses Of Rates) ကို ပြုစုထုတ်ဝေရန် အဆိုကို အကြံပြုထောက်ခံသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ငွေကြေးစနစ်ဟာလည်း ဘဏ္ဍာရေးဖွံ့ဖြိုးမှုကို အကျိုးသက်ရောက်စေခဲ့ပါတယ်။ ၁၉၃၇ ခုနှစ်တိုင် မြန်မာနိုင်ငံမှာ သုံးစွဲနေသည်မှာ အိန္ဒိယရူဘီငွေ ဖြစ်ပါတယ်။ ၎င်းနောက်ပိုင်းတွင် စစ်မဖြစ်မီကာလအထိ မြန်မာ့ငွေကြေးနဲ့ အစားထိုးခဲ့ပြီး (၁)ရူဘီနဲ့ ညီမျှသော ငွေကြေးကို ပြန်လည်ရိုက်နှိပ် သုံးစွဲခဲ့ပါတယ်။ သို့ဖြစ်၍ ထိုအချိန်က မြန်မာငွေကြေးစနစ်သည် (၁၀၀)ရာခိုင်နှုန်းအပြည့် နိုင်ငံခြားငွေများနဲ့ လဲလှယ်သုံးစွဲနိုင်သော မြန်မာကျပ်ငွေ ဖြစ်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးစ နိုင်ငံတော်ဗဟိုဘဏ်ကို ထူထောင်ပြီး အစိုးရရဲ့ လိုငွေပြမှုများကို ဖြေရှင်းရာ ငွေစက္ကူများ ရိုက်နှိပ်သုံးစွဲခဲ့ပါတယ်။ နိုင်ငံခြားငွေ လဲလှယ်မှုကို တင်းကြပ်စွာ ထိန်းချုပ်ထားရာမှ ပြည်တွင်းသို့ တင်သွင်းလာသော ကုန်များ၏ နိုင်ငံတကာပေါက်ဈေးနဲ့ ပြည်တွင်းပေါက်ဈေး အဆက် ပြတ်တောက်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးဆဲနိုင်ငံမှာ ယနေ့ ကြုံတွေ့နေရသော ငွေကြေး မတည်ငြိမ်မှုများသည် ဘဏ္ဍာရေး ပြဋ္ဌာန်းချက် လွဲမှားခြင်းကြောင့် ဖြစ်ပါတယ်။ ငွေကြေး မတည်ငြိမ်မှုများကြောင့် ဖွံ့ဖြိုးမှုနောက်ပြန်ဆုတ်နေမှုများဟာ ပိုပြီးကြောက်ရွံ့စရာကောင်းပါတယ်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အလုံးအရင်းဖြင့် ရရှိခြင်း၊ အတိုးနှုန်းနည်းသော ချေးငွေအမြတ်အများအပြားရရှိခြင်း၊ မိမိနိုင်ငံ၏ ငွေကြေးကို အမေရိကန်ဒေါ်လာနှင့် ချိတ်ဆက်ရာမှာ အမေရိကန်ဒေါ်လာတန်ဖိုးကျသောအခါ ပြည်ပသို့ ပို့ကုန်ပမာဏ တိုးတက် များပြားလာခြင်းကြောင့် နိုင်ငံအချို့ ဘဏ္ဍာရေးစီမံခန့်ခွဲမှု အားနည်းခဲ့ပါတယ်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံတွင် အဆောက်အဦများ တည်ဆောက်မှု အကြီးအကျယ် တိုးချဲ့ခြင်း၊ မလေးရှားတွင် အဆောက်အဦများ၊ အိမ်ရာစီမံကိန်းများ မကြုံစဖူးအောင် တိုးချဲ့ခြင်း၊ ကိုရီးယားတွင် အမြတ်ငွေ မြန်မြန်ရရှိရေးကို ရှေးရှု၍ အာမခံချက်နည်းသော စက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု များပြားနေခြင်း စသည်တို့ကြောင့် ပိုင်ရှင်ရဲ့အရေး ကုမ္ပဏီပိုင် ပုံသေအတိုးနှုန်း မပေးနိုင်တဲ့ ရှယ်ယာများရဲ့ Equity ကြွေးမြီဟာ (၁)အချိုး(၄) ဖြစ်ခဲ့ပါတယ်။ မတန်တဆရသော ရင်းနှီးငွေ၊ ကြွေးမြီနဲ့ မိမိပိုင်ငွေ အချိုးကွာဟချက် များလာခြင်းဟာ အန္တရာယ်ကြီးမားကြောင်း သတိမမူနိုင်ဘဲ ဖြစ်ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့နိုင်ငံ အသီးသီးမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီး နိုင်ငံတော်အတွက် လိုအပ်သော နယ်ပယ်စုံ ကဏ္ဍစုံတို့တွင် ပူးပေါင်းပါဝင်ရန် နှစ်ဦးနှစ်ဖက် အကျိုးရှိမယ့်လုပ်ငန်းများကို နိုင်ငံတော်အစိုးရမှ ဆောင်ရွက်လျက်ရှိနေပါတယ်။ မြန်မာနိုင်ငံတော်အပေါ် စီးပွားရေးပိတ်ဆို့မှုများကိုလည်း ဖယ်ရှား နိုင်ခဲ့သဖြင့် စီးပွားရေးအခွင့်အလမ်းများ တိုးတက်အရှိန် ရရှိနေပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အာရှဒေသရဲ့ လမ်းဆုံလမ်းခွမှာ တည်ရှိပြီး လူဦးရေ သန်း(၆၀)ကျော်နေထိုင်တဲ့ နိုင်ငံဖြစ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အလျင်အမြန်ဆုံးဖြစ်သော ဈေးကွက်များကို ချိတ်ဆက်ပေးမယ့် မဟာဗျူဟာမြောက် နေရာ ဖြစ်ပါတယ်။ အဖက်ဖက်က ပြည့်စုံတဲ့ အချိန်ကာလတွင် အချိန်အခါနဲ့ အခွင့်အလမ်းကို ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုများအားလုံး အသုံးချတတ်ကြရမှာ ဖြစ်ပါတယ်။ ယခုအခါ ပြည်ပမှ ရင်းနှီးမြှုပ်နှံသောသူများအတွက် ဥပဒေ ရှိပြီးဖြစ်၍ ပြည်ပ ရင်းနှီးမြှုပ်နှံမှု ရှာဖွေလာပြီး တိုင်းပြည်အတွက် ပြည်သူများအတွက် အကျိုးရှိမည့်လုပ်ငန်းများ အန္တရာယ်မဖြစ်နိုင်တဲ့ ပူးပေါင်း ဆောင်ရွက်ရန် ဈေးကွက်ရှာရန်တို့ကို ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ၎င်းအပြင် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းများလည်း ပေါ်ထွန်းလာစေရန်အတွက် လိုအပ်မယ်လို့ သုံးသပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေများနဲ့လည်း နည်းပညာ ထိတွေ့ရာ ဥပဒေစိုးမိုးရေးနယ်ပယ် အပါအဝင် နယ်ပယ်အသီးသီးကို ဖြန့်ခွဲဝင်ရောက်လာကြတဲ့အခါ ခေတ်မမီတော့တဲ့ ဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများက နည်းပညာကို အခြေပြု၍ အံတုမှုတွေအပေါ် လုံလောက်တဲ့ စစ်ဆေးကာကွယ်ပေးနိုင်တဲ့ စွမ်းအားပျော့ခဲ့ရပါတယ်။ စိန်ခေါ်မှုတွေ ရှိလာပါတယ်။ သမရိုးကျစနစ်တွေ ခေတ်မမီတော့တဲ့အတွက် အတိတ်မှာ ကျန်ခဲ့ ချန်ခဲ့ရပါတယ်။ (၂၁)ရာစု ကမ္ဘာ့ ပေါင်းကူးဆက်နွယ်မှု (Globalization) ဖြစ်စဉ်အရ ခေတ်မီအစိုးရနဲ့ စီးပွားရေးလုပ်ငန်းကြီးက အရေးကိစ္စမှန်သမျှ နည်းပညာများကို ဆင့်ကဲဆင့်ကဲ တီထွင်ရန်အတွက် အားပေးရုံသာမက ငွေကြေး ကိုလည်း ပုံအောခဲ့ကြသဖြင့် အောင်မြင်ကျော်ကြားလာကြပါတယ်။ တိုးတက်ပြောင်းလဲမှုကြောင့် ပြောင်းလဲ တိုးတက် လာခြင်း ဖြစ်ပါတယ်။ ဥပမာ - ကွဲ့ကူး ရေပါ၊ ဆင်သွားရင် လမ်းဖြစ် ဆိုရိုး နောက် တကောက်ကောက် ပါအောင် လိုက်ရမယ့်အချိန် မဟုတ်တော့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးလုပ်ငန်းဆောင်တာများ ဥပဒေနဲ့ပတ်သက်၍ ယနေ့ခေတ် သည် သတင်းအချက်အလက်နဲ့ နည်းပညာအံ့မခန်း တိုးတက်လာသည့်အတွက် အင်မတန် မြန်ဆန်လှ ပါတယ်။ အောင်မြင်မှုမှတ်တိုင် ဈေးကွက် ဝေစုမှတ်တိုင်၊ အမြတ်အစွန်းမှတ်တိုင်၊ နည်းပညာမှတ်တိုင်၊ ဉာဏ်ရည်စွမ်းရည်မှတ်တိုင် စသည်တို့ကိုလည်း ယှဉ်ပြိုင်မှုပေးတဲ့ အတွက်ကြောင့် တစ်နေရာတည်း တွင် မားမားမတ်မတ် ရပ်တည်နိုင်စွမ်း မရှိပါ။ အပြောင်းအလဲမြန်သလောက် အမီ မလိုက်နိုင်ဘူးဆိုရင် အဆင်သင့်ဖြစ်ဖို့ လိုအပ်ပါတယ်။ အပြောင်းအလဲ နောက်သို့ တကောက်ကောက်ပါအောင် လိုက်နေ ရလို့ မောဟိုက်ခြေကုန်လက်ပန်းကျ စိတ်နွမ်းလို့ အကြံကုန်နေကြပြီလား။ အသစ် အသစ်တွေဆိုလို့ လိုက်ပါဆောင်ရွက်ရင် အရှုံးပေါ် နှလုံးမသာမယာ ဖြစ်နေပြီလား ရလဒ်တွေက ဘာကြောင့် ထူးမခြား မဲပြာပုဆိုး ဖြစ်နေရတာလဲ မဆန်းမစစ် မသုံးသပ်ဘဲ နေသင့်ပါသလား ဟူ၍ အကြံပြုသုံးသပ်အပ် ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးလုပ်ငန်းရှင်များ အနည်းဆုံး ဘာလုပ်သင့်သလဲ ဆိုတဲ့အရာကို သေချာစနစ်ကျစွာ တွေးခေါ်ချင့်ချိန် သုံးသပ်ဆုံးဖြတ်ဆောင်ရွက်ကြဖို့ ဆောင်ရွက်နိုင်စွမ်း ရှိလာဖို့ အရေးကြုံလာရင် သက်လုံကောင်းစေဖို့ ကြိုတင်ကာကွယ်ဖို့ အသင့်ရှိဖို့ ကြိုတင်ဆောင်ရွက်ရန် ရှောင်ရန်တွေ သိဖို့အတွက် စီးပွားရေးဆိုင်ရာ အသိပညာ (Regional Study Knowledge) တွေ အစဉ် လေ့လာထားဖို့ လိုအပ်ပါလိမ့်မယ်။ ယခုခေတ်ကာလတွင် ဒိုင်းကနဲတက်ပြီး ဝုန်းကနဲပြုတ်ကျသော စီးပွားရေးများကိုလည်း မျက်မြင်ကြုံတွေ့သိရှိရပါတယ်။ အသိပညာနဲ့ အတွေ့အကြုံပေါင်းစပ်မှ ရနိုင်ပါမည်။ အသိပညာတို့ကိုလည်း မည်သည့်အသက်အရွယ် ရောက်နေပါစေ အမြဲမပြတ် လေ့လာဖတ်ရှု ကျင့်သုံးနိုင်မှသာလျှင် ရေရှည်တွင် အလိုက်သင့်သလို လိုက်ပါရုံရှိမည် ဖြစ်ပါတယ်။ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ခြင်းသည် လွယ်ကူသော အလုပ်တစ်ခု မဟုတ်သည်ကို သေချာသတိချပ်စွာ ဆောင်ရွက်ရပါမည်ဟု အကြံပြု သုံးသပ်အပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဝန်ကြီးဌာနတချို့တွင် စံနှုန်းစံထားအရ ကဏ္ဍသစ်များ ပြုပြင်ဆောင်ရွက် ပေးနိုင်ခြင်း မရှိပါဘူး။ ခေတ်နဲ့အညီ မလျော်ကန်တဲ့ တည်ဆဲဥပဒေကို ပြင်ဆင်ပေးဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဘဏ္ဍာငွေ သုံးစွဲခြင်းအပေါ် မြို့နယ်၊ ခရိုင်၊ ပြည်နယ် တိုင်းဒေသကြီး အဆင့်ဆင့်သို့ စီမံကိန်းလုပ်ငန်းများ၊ လုပ်ငန်းလျာထားချက်များ၊ လုပ်ငန်းပြီးစီးမှု၊ ငွေကြေးသုံးစွဲမှုများကို အလေအလွင့် မဖြစ်ရလေအောင် (၃)လတစ်ကြိမ် (၆)လတစ်ကြိမ် ပုံမှန်စစ်ဆေးမှုများပြုလုပ်ပြီး သက်ဆိုင်သော မြို့နယ်စာရင်းဦးစီးဌာန လုပ်ငန်းစောင့်ကြပ်ရေးအဖွဲ့အစည်းများမှ မိမိတို့၏ တွေ့ရှိချက်များ ထိန်ချန်မှု မရှိဘဲ ကျောသား ရင်သား ခွဲခြားမှု မရှိအောင် မှန်ရာကို မှန်ကန်စွာ ဖော်ထုတ်ပေးခြင်းရှိမှသာ ပွင့်လင်းမြင်သာမှု ထင်ရှားပေါ်လွင်၍ ပြည်သူလူထုမှ လက်ခံယုံကြည်ပါလိမ့်မည်ဟု ထင်မြင်ယူဆမိပါကြောင်း အဆိုရှင်၏ (၁၉)မျိုးပါ Yellow Book ခေါ် လုပ်ငန်းလမ်းညွှန်အသေးစိတ် အင်ဂျင်နီယာ နည်းပညာပိုင်းစနစ်နဲ့ သက်ဆိုင်တဲ့ စံနှုန်းများ ဆွေးနွေးတင်ပြရာမှာ လုပ်ငန်းအခြေခံစံနှုန်းသည် ပြည်ထောင်စုဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းတစ်ခုတည်းနဲ့သာ ရည်ရွယ်ပြီး ထုတ်ဝေထားခဲ့သော်လည်း အခြားသော ပြည်ထောင်စုဝန်ကြီးဌာနများအတွက်ပါ မိမိတို့ဌာနနှင့် ပတ်သက်သည့် သက်ဆိုင်သည့် စံနှုန်းများ အကြံဉာဏ်ကောင်းများ စုဆောင်း၍ ပြုစုထုတ်ဝေဖြန့်ဝေသင့်ပါကြောင်း ဤကဲ့သို့ သော သဘောမျိုးဖြင့်သာ ပြဋ္ဌာန်းထားသော ဥပဒေမျိုး မဖြစ်စေဘဲ ဒီမိုကရေစီစနစ် စံနှုန်းနဲ့ ကိုက်ညီတဲ့ ဥပဒေဖြစ်နိုင်ရေး သာမက နိုင်ငံတော်အဆင့် ဥပဒေပြုခြင်းနဲ့ ဥပဒေကြမ်းမျိုးများ ပေါ်ပေါက်လာစေရန် အချိန်တန်ပြီဟု အကြံပြုထောက်ခံအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကောင်းမွန်သောအစိုးရဖြစ်ပြီး သန့်ရှင်းသောအစိုးရသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲလျှော့ချရေးလုပ်ငန်းများကို ဦးစားပေး လုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိရာ ဆင်းရဲနွမ်းပါးသူများ၏ အဓိကလိုအပ်ချက်ဟာ ငွေကြေးအရင်းအနှီးပင် ဖြစ်ပါတယ်။ ငွေကြေးအရင်းအနှီးများကို စနစ်တကျ ဖန်တီးပေးနိုင်ပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါက ဆင်းရဲနွမ်းပါးမှုများ သိသာစွာ လျော့နည်းကျဆင်းမည်ဖြစ်၍ နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိနေပါတယ်။ နိုင်ငံတော်အစိုးရသည် ပြည်သူကို ဗဟိုပြုတဲ့အစိုးရ ဖြစ်သည်နှင့်အညီ စိတ်ရင်းစေတနာဖြင့် ပြည်သူများရဲ့ လိုအပ်ချက်များ ဖြည့်ဆည်းပေးလျက် ရှိနေပါတယ်။ ပြည်သူတစ်ဦးချင်း အစပြုပြီး

အသိစိတ်ဓာတ်ရှိရှိဖြင့် ကျရာတာဝန်ကို ဇွဲ လုံ့လ ဝီရိယ အားစိုက်ထုတ်၍ လုပ်ကိုင်ကြပါက ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရကို ခံစားနိုင်ကြပြီဟု ယုံကြည်မိပါကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အဆိုရှင် ဦးမျိုးမြင့် ရဲ့ ခေတ်စနစ်နှင့် လိုက်လျော ညီထွေရှိစွာ မှီငြမ်းသုံးစွဲနိုင်မည့် အခြေခံစံနှုန်းများ (Analyses Of Rates) ကို ပြုစုထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးနိန်းခင်းပေါင် မှ အပြည့်အဝထောက်ခံ အပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၅၄။**

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ ဖြစ်ပါတယ်။ ဦးမျိုးမြင့် ရဲ့ ခေတ်စနစ်နဲ့ လိုက်လျောညီထွေရှိစွာ မှီငြမ်းသုံးစွဲနိုင်မယ့် လုပ်ငန်းအခြေခံစံနှုန်းများ (Analyses Of Rates) ကို ပြုစုထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီ Analyses Of Rates ကို ကျွန်တော် ကျောင်းသားဘဝကတည်းက ခေါ်တာက Yellow Book လို့ခေါ်တယ်။ ဘာကြောင့်လဲဆိုတော့ အပြင်မှာ အဝါရောင်စာအုပ်ဖုံး ထားတဲ့အတွက်ကြောင့် ရှိသမျှ အင်ဂျင်နီယာ အကုန်လုံးက Yellow Book လို့ပဲ သုံးစွဲကြပါတယ်။ ဒါကြောင့် ကျွန်တော် Yellow Book လို့ပဲ သုံးစွဲပါရစေ။ ကျွန်တော် ကျောင်းသားဘဝကတည်းက Yellow Book နဲ့ မကင်းပါဘူး။

နောက် ၁၉၇၀ ကစပြီးတော့ ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်မှာ ကျွန်တော် အလုပ်လုပ်ပါတယ်။ လုပ်တဲ့အချိန်မှာလည်း အဓိက Reference လုပ်တာကတော့ Yellow Book ကိုပဲ လုပ်ပါတယ်။ ကျွန်တော်ဆိုရင် ဘားအံ၊ ကမမောင်း၊ လှိုင်းဘွဲ့၊ ဖာပွန်မှာ (၈)နှစ်လုံးလုံး Yellow Book ကို အခြေပြုပြီးတော့ တပ်တွေ အကုန်ဆောက်ခဲ့ပါတယ်။ အဲဒီတုန်းကဆိုရင် ဘိလပ်မြေဆို (၆)ကျပ်၊ ကျွန်တော်တို့ အလုပ်သမားဆို (၃)ကျပ်၊ တကယ့် Grade-1, Grade-2 ဆို (၅)ကျပ်၊ Grade-1 ဆို (၈)ကျပ် တစ်ယောက်ပဲ ရှိတယ်။ အဲဒီခေတ်ကတည်းက စလုပ်တယ်။ (၉၆) ပေ (၃၆)ပေ ဆိုတဲ့ ဘားတိုက်တစ်လုံးမှာမှ ကျပ်(၄၀၀၀၀)ပဲ ကျပါတယ်။ အဲဒီခေတ်ကတည်းက ဒီလောကထဲ ဝင်လာခဲ့ပါတယ်။ ပြီးတော့မှ ၇၈ မှာ ဆည်မြောင်းရောက်တယ်။ ဆည်မြောင်း ရောက်တော့လည်း Yellow Book ကိုပဲ အခြေခံပြီးတော့ ကျွန်တော်တို့ တွက်ချက်ပါတယ်။ ထိုနည်းဌင်းပဲ ကျွန်တော်တို့ ၇၉ မှာ ကျွန်တော် စက်မှု(၁)ရဲ့ Contractor အနေနဲ့ ပြောင်းတဲ့အချိန်မှာလည်း အဓိက Yellow Book ကိုပဲ အခြေခံပြီး ကျွန်တော်တို့က တွက်ကြပါတယ်။ Yellow Book ကို အခြေခံရင် ခံ၊ မခံရင် ကျွန်တော်တို့ (၃)မျိုးလောက်ရှိတယ်။ တချို့က PAE ကို အခြေခံတယ်။ ဒီပေါ်မှာ ဈေးနှုန်းတည်သွားပြီဆိုရင် (၁)ပေပတ်လည်ကို ဘယ်လောက်လဲ။ စက်မှု(၁)ကို ကျွန်တော် စပြီးတော့ စွပ်ကျယ်တို့၊ သားရေတို့၊

သားရေစက်ရုံတို့၊ အထုပ်အပိုးစက်ရုံတို့၊ ဘိလပ်မြေစက်ရုံတို့၊ သံမဏိစက်ရုံတို့ ဆောက်တုန်းက ဆိုလို့ ရှိရင် PAE (၁၀၀)ကျပ်ပဲ ရှိတယ်။ ဒီနေ့က (၄၀၀၀၀)ကျပ်ရှိတယ်။

နောက်တစ်ခါ ကျွန်တော်တို့ ပြည်ထောင်စုနေ့ပြခန်း ၇၈ ကနေ ၈၈ အထိ (၁၀)နှစ်လုံးလုံး ဆောက်ခဲ့တယ်။ အဲဒီတုန်းကလည်း Yellow Book ကိုပဲ ကျွန်တော်တို့ အခြေခံတယ်။ ဒါပေမဲ့ Yellow Book မှာ ပါတဲ့ ဥပမာ - အုတ်စီလုပ်ငန်း၊ ပလာစတာလုပ်ငန်း၊ မြေကြီးလုပ်ငန်း၊ အမိုးလုပ်ငန်းဟာ တော်တော်ရိုးစင်းပါတယ်။ Item လေး (၂)ခု (၃)ခု ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့အတွက် Yellow Book ချည်းပဲ အခြေခံလို့ မရတဲ့အတွက်ကြောင့် ကိုယ့်ဟာကိုယ် ထွင်ပြီး အများကြီး ရေးရတယ်။ ဥပမာ - ဒီနေပြည်တော်ကြီး ဆောက်တယ်၊ Yellow Book ကိုပဲ အခြေခံလို့ တစ်ခုမှ မရဘူး။ အုတ်စီတစ်ခုပဲ ရတယ်။ ကွန်ကရစ်တစ်ခု ရတယ်။ ကွန်ကရစ်ဆိုရင်လည်း ကျွန်တော်တို့ Yellow Book မှာ အခြေခံ ထားတာ ရှိတယ်။ ဥပမာ - ကွန်ကရစ်တစ်ကျင်းဆိုရင် ကျောက်က (၉၆)ပုံး၊ (၉၆)ကုဗပေ ပေ့ါလေ။ သဲက (၄၈)၊ ဘိလပ်မြေက (၁၈)အိတ်၊ အလုပ်သမားက (၁၈) ယောက်၊ ဥပမာ - ပန်းရန်က (၃)ယောက်၊ အဲဒါမျိုး သူက အခြေခံပြီး အဲဒီအပေါ်မှာ ပန်းရန်က ဘယ်လောက်၊ သဲ ဘယ်လောက်နဲ့ တွက်ပြီး အခြေခံမှ ဒါကြီးကို Rate ဆိုတာရမယ်။ စက်နဲ့ဖျော်လည်း ဟိုးတုန်းက ကျွန်တော်တို့ ဦးမျိုးမြင့် ပြောပုံအရဆိုရင် ၅၀ ခုနှစ်ကတည်းက ဒီ Yellow Book ကိုပဲ အခြေခံတဲ့အတွက်ကြောင့် အဲဒီတုန်းက ကျွန်တော်တို့က စက်ကလေးတွေ သေးသေးပဲရှိတယ်။ တစ်နာရီကိုမှ ကျင်းဝက်လောက်ပဲ ထွက်တယ်။ နှစ်နာရီမှ တစ်ကျင်း၊ ကျွန်တော်တို့ တစ်ရက်လုံးမှာမှ (၄)ကျင်းလောက်ထွက်တဲ့ ကျင်လည်တဲ့ အတွက်ကြောင့် အနောက်က အလုပ်သမား ဘယ်လောက် ဆိုပြီး ထပ်တွက်ရတယ်။ နောက်ပိုင်းမှာ Bamching Plant တွေ ပေါ်လာတဲ့အခါမှာ Bamching Plant က ဒီ တစ်နာရီမှာ ဆိုရင် သူက ကျင်းပေါင်း (၃၀)၊ (၄၀)လောက် ထွက်တဲ့အခါကျတော့ Rate ချင်းက အများကြီး ကွာသွားတယ်။ ကွာတဲ့အချိန်မှာ ဒီမှာ လောင်းကြ ပြုကြတဲ့အချိန်မှာ ကျန်တဲ့ ဘယ်လို Rate သွားသလဲ ဆိုတော့ ကျွန်တော် မသိပါဘူး။ ကျွန်တော်တို့ကတော့ အဲဒီအပေါ်မှာ အခြေခံပြီး တွက်ပါတယ်။ အဲဒီတော့ ၇၈ ကစပြီးတော့ ကျွန်တော် Contract လုပ်ရာကနေ ၈၈ ကစပြီးတော့ ဆောက်လုပ်ရေးတစ်ခု ပြန်ပြောင်းပါတယ်။

ဥပမာ - ကျွန်တော် အဖျောက်လမ်းမကြီးဆိုရင် ဒါ ကျွန်တော် ဖောက်ထားတာ။ ဖောက်ထား တာဆိုလို့ရှိရင် အဲဒါက ကျွန်တော်တို့က မူလပိုင်ရှင်က Shell Company ဖြစ်ပြီးတော့ PAE Thailand က Contractor ဖြစ်တယ်၊ ကျွန်တော်က Sub-contractor ဖြစ်တယ်။ အဖျောက်လမ်း ဆိုလို့ရှိရင် ကျွန်တော်တို့ ဒီဘက် ဥတို ကနေ အဖျောက် အထိကို ကျွန်တော် (၈)မိုင် ကွာတယ်။ (၄၅)ရက်နဲ့ အပြီး ဖောက်ခိုင်းတယ်။ အမြင့်က (၁၂)ပေရှိတယ်။ ဒါပေမဲ့ ဖောက်တိုင်း ဖောက်တိုင်းကို စျေးကလည်း ကျွန်တော်တို့ကို ကောင်းကောင်းပေးတဲ့အပြင်ကို ပစ္စည်း၊ ဘိလပ်မြေ ကျွန်တော်တို့ ဒီ ကျောက်ကအစ တာဝန်ယူပေး ရတယ်။ အဲဒီတော့ သူရဲ့ ခုနတုန်းက ကျွန်တော်တို့ စံနှုန်းတစ်ခုတည်း မရဘူး။ စံ ဆိုတာလည်း ရှိတယ်။ အဲဒီတော့ ကျွန်တော်တို့ မြေကြီး ဖို့မယ်ဆိုရင် ဘယ်မြေကြီး ကောင်းလဲ Borrow Soil ခေါ်တယ်။ အဲဒါကို ဖို့ပါတယ်။ ဖို့ပြီးရင် (၆)လက်မတစ်ခါ ကြိတ်ရတယ်။ ကြိတ်ပြီးတိုင်း QC ဆိုတာ ကျွန်တော်တို့ သွားခေါ်ရတယ်။ QC က အပေါက် ဖောက်တယ်။ ပြီးတော့မှ CBR ပြန်တွက်တယ်။ တွက်လို့မှ ကျွန်တော်တို့က သွင်းရမယ့် ရေနံစက်တူးတဲ့ စက်ကြီးတွေဆို တန်(၁၀၀)

ကျော်တယ်။ အဲဒါတွေ ဆင့်ကဲဆင့်ကဲ သွားပြီး (၁၂)ပေကို ကျွန်တော်တို့ ရောက်တော့မှ ကျောက်လေး (၄)လက်မလောက်ပဲ ကျွန်တော်တို့ ဂဝံနဲ့ရောပြီး ကြိတ်ပြီးထားတယ်။ အဲဒီအပေါ်မှာ အဖျောက် ဆိပ်ကမ်းကနေ တင်လာတဲ့ တန်ပေါင်းရာကျော် ကျွန်တော်တို့ ဖြတ်နိုင်တယ်။ ဘာကြောင့်လဲဆိုတော့ အောက်က မြေကြီးက တန်ရာကျော်ခံတဲ့အတွက်ကြောင့် အပေါ်မှာ ဘီး Slick မဖြစ်ရုံလေး (၄)လက်မပဲ ကျောက်ပဲ တင်တယ်။

အဲဒါနဲ့ အလားတူ ကျွန်တော်တို့နဲ့ တစ်ပြိုင်တည်းလုပ်တာက ပဲခူးနဲ့ရန်ကုန် ကားလမ်းမကြီး ချဲ့တယ်။ ချဲ့တဲ့အချိန်မှာ အဲဒီတုန်းက စက် မရှိတဲ့အခါကျတော့ ဘေးက Borrow Soil ခေါ်တယ်။ Top Soil တွေ။ Borrow Soil မဟုတ်ပါဘူး။ ဘေးက Top Soil ဆိုတာ မြေသြဇာများစွာရှိနေပြီးတဲ့ လယ်ကွင်းတွေထဲက မြေတွေ ကောက်ပြီးထည့်တယ်။ ထည့်ပြီးတော့ ကျွန်တော်လည်း ကြည့်နေတယ် တဖြည်းဖြည်း ကျွန်တော်တို့ ဒီဘက်မှာ လုပ်တာကတစ်မျိုး၊ ဟိုဘက်မှာ တစ်မျိုး၊ ထည့်ပြီးတော့မှ အပေါ်ကနေ တစ်ခါတည်း Level ရောက်တဲ့အချိန်မှာ ကျောက်ကို (၂)ပေလောက်ထည့်တယ်။ ဒါပေမဲ့ ဒီနေ့ထိ ပြန်ကြည့်ရင် အပေါ်ကနေ AC တင်တဲ့ ကားက ဒီနေ့ထိ မပြတ်သေးဘူး။ ဒီနှစ် တစ်နှစ် တင်လိုက် ကျသွားလိုက်၊ ဘာကြောင့်လဲဆိုတော့ အပေါ်က (၂)ပေထုကြီးကျောက်က တန်(၂၀၀) လောက်ကို ခံနိုင်ပေမယ့် သူ့အောက်မှာရှိတဲ့ မြေကြီးဟာ ခုနက CBR မလုပ်လာတဲ့အတွက် ကြောင့် (၅)တန်ထက် ပိုမခံနိုင်တော့ တန်(၃၀)၊ (၄၀)၊ (၅၀)ကြိတ်လိုက်တာနဲ့အမျှ ကျွန်တော်တို့ ခေါ်တာက Cushion Effect ခေါ်တယ်။ ဒီဘက်က နင်းရင် ဟိုဘက်က ဖောင်းထွက်လာတယ်။ ဟိုဘက်က နင်းရင် ဒီဘက်က ဖောင်းတဲ့ ပြဿနာတွေ ရန်ကုန်-ပဲခူးမှာ ရှိခဲ့တယ်။

ထိုနည်းလည်းကောင်းပဲ တစ်ဖက်မှာ ကျွန်တော်တို့က စံနှုန်း Yellow Book နဲ့ တွက်ထားတဲ့ စံနှုန်း တစ်ဖက်က ရှိပေမယ့် စံကို တစ်ဖက်က မလုပ်ရင်၊ ဥပမာ - ကျွန်တော်တို့ နေပြည်တော် ကနေ ပြီးတော့ ရန်ကုန်လမ်းကြီး စံ ခုနတုန်းက CBR မတွက်ခဲ့ဘူး။ စံ မလုပ်တဲ့အတွက်ကြောင့် အနိမ့်အမြင့်များ ဖြစ်ခဲ့တယ်။ အဲဒီအပေါ်မှာ AC အခု ထပ်နေပါတယ်။ AC ဘယ်လောက်ဖြစ်ဖြစ် အောက်ကမြေကြီးက CBR မလုပ်လာတဲ့အတွက်ကြောင့် ဒီနှစ် တစ်နှစ်  AC နဲ့ Adjust လုပ်ပြီးတော့၊ နောက်နှစ်တစ်ခါ ပြန်နိမ့်မှာပဲ၊ ဘာလို့လဲဆိုရင် Cushion Effect က ရှိပြီး ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ရန်ကုန်မှာ ဥက္ကလာ၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာလမ်းတွေရဲ့ သဘော သဘာဝအတိုင်းပဲ ဆက်လက်ဖြစ်သွားမယ့် အနေအထားမျိုး ရှိတယ်။ ဒါကြောင့် တစ်ဖက်မှာ ဦးမျိုးမြင့် ပြောသလို စံနှုန်းသတ်မှတ်ဖို့လိုသလို တစ်ဖက်မှာ စံကိုလည်း ပြန်သတ်မှတ်ဖို့လိုပါတယ်။ ဒီမှားပြီးတဲ့ အမှားဆိုရင် ပြန်ပြီးပြင်လို့ မရပါဘူး လမ်းမှာ။

ဥပမာ - ကျွန်တော်တို့ အခု နေပြည်တော်အတွင်းမှာ ရှိတဲ့လမ်းတွေ လုပ်နေတာကောင်းတယ်။ ခုန စံနှုန်းနဲ့ လုပ်တယ်။ အောက်ကနေ တစ်လွှာချင်းကြိတ်တယ်။ မြေကြီးကိုမှ ကောင်းတဲ့မြေ၊ ဂဝံ ဆန်ဆန်မြေ ကြိတ်တယ်။ အလယ်မှာ ခုနတုန်းက ကျွန်တော်တို့က ပန်းခြံ၊ Eyeland ကြီး လုပ်လိုက်တဲ့ အတွက် Eyeland ပေါ်ကို ရေကျတယ်။ ရေကနေပြီးတော့ အဲဒီ လမ်းကို ဖောက်ပြီး ဖြတ်သွားရင် နဂိုလုပ်ထားတဲ့ Connection ကြီးက ပျက်ပြီးတော့ အဲဒါကြီးက ပြန်နိမ့်သွားတယ်။ နိမ့်တဲ့အတွက်ကို AC ဘယ်လောက်ထပ်ထပ် နောက်နှစ် ပြန်ထပ်ရဦးမှာပဲ။ ဘာလို့လဲဆို ကျွန်တော်တို့က မှားပြီးရင်၊ အဲဒီအမှားကို ပြန်ပြင်လို့ မရတော့ဘူး။ ဒါကြောင့် ဒီနေ့ ကျွန်တော်တို့ နေပြည်တော် - ရန်ကုန်လမ်းရော

မှားနေတဲ့အခါကျတော့၊ အဲဒီအမှားကို ဘယ်လိုပြင်ပြင် ပိုက်ဆံကုန်ရုံပဲ အဖတ်တင်တယ်။ အစကတည်းက မှားခဲ့တဲ့ အနေအထား ဖြစ်တော့ အဲဒီတော့ ဦးမျိုးမြင့် ကို ထောက်ခံချင်တာက စံနှုန်းနဲ့ လုပ်ပါ။ စံကိုလည်း သေချာ လမ်းနဲ့ပတ်သက်ရင် ပြန်ပြင်လို့မရတဲ့အတွက်ကြောင့် လမ်းရဲ့စံကိုလည်း သေချာ ပြန်ပြီးလုပ်ပေးပါ။ ဒါကိုလည်း အစိုးရအဖွဲ့ကို ကျွန်တော် ဆွေးနွေးချင်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ တချို့အပိုင်းလေးတွေကျတော့ အခု ဒီ နေပြည်တော်မှာ ဆိုရင် သုံးတာဆိုလို့ရှိရင် PAE စနစ်ကိုပဲသုံးတယ်။ PAE ဆိုတာ (၁)ပေပတ်လည်ဆို ဘယ်လောက် ဆိုပြီး ကျွန်တော် တင်ပြပါရစေ၊ ကျွန်တော်တို့ ဗားတိုက်(၁)လုံးလုံး ဆောက်တာမှ ၁၉၇၀ ကနေ ပြီးတော့ ၇၈ အထိကို ကျွန်တော်တို့ (၄၀၀၀၀)ပဲကျတယ်။ ကျွန်တော် စက်မှု(၁)မှာ စက်ရုံပေါင်း (၄၀)ကျော် ဆောက်ပြီးတုန်းက ပထမစတုန်းက (၁၀၀)နဲ့ တဖြည်းဖြည်းတက်လာတာမှာ (၃၀၀)မှာ (၈၈)အရေးအခင်း ဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ PE ဟာ (၂၀၀၀၀)နဲ့ (၄၀၀၀၀)ကြားလောက် ဖြစ်သွားပြီ ကျပ်ကိုက။ အဲဒီတော့ Cost ကိုက အရမ်းတက်သွားပြီ။ အဲဒီတော့ တော်တော်များများ ကလည်း Yellow Book ကို အခြေခံလို့မရတာက Yellow Book မှာ က ဟို နည်းနည်းလေးပဲ ရှိပါတယ်။ အကြောင်းအရာလေး နည်းနည်းလေးပဲရှိပြီး တကယ်တမ်းလုပ်နေတာက အဲဒီအကြောင်းအရာရဲ့ အပြင်ဘက်မှာ အများကြီး လုပ်ကြတယ်။ Yellow Book နဲ့ တွက်လို့ မရတာတွေက အများကြီး ဖြစ်သွားတယ်။ ခေတ်အခြေအနေအရ ပစ္စည်းတွေလည်း ပြောင်းကုန်တယ်။ အလုပ်သမားတွေလည်း ပြောင်းကုန်တယ်။ နည်းစနစ်တွေလည်း ပြောင်းကုန်တယ်။ ဒါကြောင့် မလွဲမသွေ ပြန်ကို ပြင်ရမယ့် အနေအထားမျိုးရှိပါတယ်။

နောက် တချို့အပိုင်းတွေကျတော့ Cost Plus လို့ခေါ်တယ်။ Cost Plus ဆိုတာက ဥပမာ - ရန်ကုန်နဲ့ မန္တလေးဆောက်တယ်။ ဒါ နိုင်ငံတော်ကပဲ ဦးဆောင်ပြီးတော့ လုပ်တဲ့အတွက်ကြောင့် ကုန်ချင်သလောက် ကုန်ပါစေ။ အဲဒီတုန်းကတော့ အလုပ်သမားတွေ အများကြီး ရောက်တဲ့အတွက် အလုပ်ဖြစ်တယ်။ လမ်းက (၂)ပေလောက်ရှိတယ်။ Cost ပေါ်မှာ မူတည်ပြီးတော့မှ Plus လုပ်တဲ့သူရဲ့ Service charge (5)percent (10) percent တင်တယ်။ အဲဒီ Cost Plus နဲ့ ဆောက်သွားတာ တွေလည်း တော်တော်များများ ကျွန်တော် တွေ့တဲ့ အတွက်ကြောင့် ခုနက စံနှုန်းတော့ အသေထားမှ ဖြစ်မယ်။ အဲဒီအပေါ်မှာမှ တွက်ပြီးတော့မှ PAE နဲ့ သွားချင်သွား၊ Cost Plus နဲ့ သွားချင်သွား၊ တချို့ကျတော့ land San ခေါ်ပါတယ်။ ဘာလို့လဲဆိုတော့ တစ်ခါတည်း အသေပဲ။ အဆောက်အဦ ဒီတစ်လုံးဆောက်။ ဒီတစ်လုံးကို သိန်း(၁၀၀၀)ပေးနိုင်ရင် ဒါ Land San Rate နဲ့ သွားတာရှိတယ်။ Dam ဆိုလို့ရှိရင်လည်း ဒီကနေ မိုင်(၁၀၀) Land San ဘယ်လောက်ယူဆိုပြီး သွားတာရှိတယ်။ အဲဒါတွေ အကုန်လုံးသွားဖို့အတွက်လည်း ခုနက Yellow Book ကို အခြေမခံလို့ မရပါဘူး။ Yellow Book က ကျွန်တော်တို့ အင်ဂျင်နီယာတွေရဲ့ အသက် ဖြစ်တဲ့အတွက်ကြောင့် အိုနေတဲ့၊ ဟောင်းနေတဲ့၊ နောက်တစ်ခါ ဒီနေ့ နည်းပညာနဲ့ လုံးဝမအပ်စပ်တဲ့ Yellow Book ကိုတော့ အခြေခံရမှာ ဖြစ်တဲ့အတွက်ကြောင့် Yellow Book ပြောတဲ့ Analyses Of Rates ကို တစ်ပြည်လုံး သုံးတယ်။ တစ်ကမ္ဘာလုံး သုံးတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ဌာနဆိုင်ရာ အကုန်လုံးသုံးတဲ့ အတွက်ကြောင့် အလွန်အရေးကြီးပါတယ်။ လုပ်လည်းလုပ်ဖို့ အချိန်တန်ပါတယ်။

နောက်တစ်ခုက မနက်တုန်းက ကျွန်တော် ဦးစိုးတင့် ကို တွေ့တဲ့အချိန်မှာလည်း လုပ်နေပါပြီလို့လည်း ပြောတယ်။ လုပ်ပြီးပြီလို့လည်း ပြောပါတယ်။ တင်မယ်လို့လည်း ပြောတဲ့အတွက်ကြောင့် ဒါကြောင့် ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ အစိုးရအဖွဲ့ကိုလည်း လုပ်နေပြီဖြစ်တဲ့ Yellow Book ခေါ်တဲ့ Analyses Of Rates ကို အမြန်ဆုံးလုပ်ပြီးတော့မှ ဒီနေ့ခေတ်နဲ့ ကာလနဲ့ ကိုက်ညီတဲ့ Yellow Book ဖြစ်ဖို့ရယ်၊ နောက်တစ်ခါ ဒီနေ့မှာ လုပ်ပြီးရင် ပြန်မပြင်နိုင်တဲ့ စံများပါ တွဲပြီး လုပ်ပေးဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံရင်းနဲ့ ဦးမျိုးမြင့် အဆိုကို ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၆။**

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ရွှင်လန်းကျန်းမာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ဖြစ်ပါတယ်။ ယနေ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းထားတဲ့ ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစွာ မှီငြမ်းသုံးစွဲနိုင်မည့် လုပ်ငန်းအခြေခံစံနှုန်းများ (Analyses Of Rates) ကို ပြုစုထုတ်ဝေရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့် အဆိုအပေါ် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသာ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၆၅ ခုနှစ် ဝန်းကျင်ခန့်မှာ ကျွန်တော် မှတ်မိသမျှ မြန်မာနိုင်ငံငွေစာရင်းမင်းကြီးရုံး (Accountant General Office) လက်အောက်ရှိ ငွေစာရင်းဝန်ထမ်းအဆင့်ဆင့်အား နိုင်ငံတော်အစိုးရုံး၊ လုပ်ငန်းဌာနအသီးသီးမှာ ငွေစာရင်း မင်းကြီးရုံး ကိုယ်စားပြုစေတဲ့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအရ အသုံးများကို နည်းလမ်းကျနမှု ရှိ/မရှိ စစ်ဆေးပေးခြင်း၊ ထိန်းကွပ်ပေးခြင်း၊ ငွေစာရင်းခေါင်းစဉ်ပါ လုပ်ငန်းများအတွက် သုံးစွဲခြင်းရှိ/မရှိ စစ်ဆေးခြင်း၊ သတ်မှတ်ပြဋ္ဌာန်းချက် ငွေစာရင်းဥပဒေများကို ချိုးဖောက်ကျင့်သုံးခြင်းများ တွေ့ရှိလျှင် အရေးယူနိုင်ရန် ဆောင်ရွက်ခြင်း၊ ငွေစာရင်းမင်းကြီးရုံး ရုံးချုပ်မှာလည်း နှစ်စဉ် စာရင်းစစ်အဖွဲ့များက ပုံမှန်စစ်ဆေးခြင်း၊ အထူးကိစ္စများရှိလျှင် စစ်ဆေးခြင်းတို့ကို လုံလောက်တဲ့ အချိန်ရယူစစ်ဆေးခြင်း စသည်တို့ကို လုပ်ဆောင်ခဲ့ကြပါတယ်။

ဒါကြောင့် နိုင်ငံပိုင်ငွေကြေးပစ္စည်းများ ဆုံးရှုံးနစ်နာမှု အလွန်နည်းပါးကြောင်း သိရှိရပါတယ်။ အဆိုပါ ငွေစာရင်းမင်းကြီးရုံး၏ ဖွဲ့စည်းပုံလမ်းကြောင်းဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေသုံးစွဲမှု သတ်မှတ်သည့်လုပ်ငန်းများနှင့် သက်ဆိုင်မှု ရှိ/မရှိ၊ စစ်ဆေးသည့်စနစ်မှာ ၁၉၇၂၊ အောက်တိုဘာလအထိ အသက်ဝင်ခဲ့တယ်လို့ ယူဆပါတယ်။ အစိုးရရဲ့ လုပ်ငန်းဌာနများကလည်း ယင်းအချိန်မှာ ရှိထားတဲ့ မှီငြမ်းနိုင်တဲ့ လုပ်ငန်းအခြေခံစံနှုန်းများ PWD သည် Analyses Of Rates အရ ပြည်သူပိုင်

တည်ဆောက်ရေး ပစ္စည်းများသုံးစွဲမှု၊ ယင်းသုံးစွဲမှုအရ ထွက်ပေါ်လာတဲ့ လုပ်ငန်းအရည်အသွေး Work Quality ကို လွန်စွာ တန်ဖိုးထားကြတဲ့အပြင် ငွေကြေးတန်ဖိုးမှာလည်း တည်ငြိမ်မှုရှိတဲ့အတွက် ဒေသတစ်ခုနဲ့ တစ်ခုတို့မှာ ဆောင်ရွက်လျက်ရှိကြတဲ့ သဘာဝတွေ လုပ်ငန်းများရဲ့ ကုန်ကျစရိတ်ဟာလည်း ကြီးမားတဲ့ ကွာဟချက်မရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆည်မြောင်းဦးစီးဌာနသို့ အလုပ်စတင်ဝင်ရောက်ပြီး နောက် လုပ်ငန်းများကို ဌာနဆိုင်ရာ နေ့စားအလုပ်သမား၊ အဲဒီအချိန်က နေ့တွက် (၅)ကျပ်ပြား(၄၀) ဌာနမှ ထုတ်ပေးသည့် တည်ဆောက်ရေး ပစ္စည်းများ အသုံးပြုလုပ်ကိုင်ခဲ့စဉ်က ဥပမာတစ်ရပ်အဖြစ် တင်ပြရပါလျှင် လစဉ်နေ့စား အလုပ်သမားငှားရမ်း အသုံးပြုတဲ့ ပြည်သူ့လုပ်ငန်း ငွေစာရင်းပုံစံ ပလစ ပုံစံ(၂၁) PWA Form(21) Muster Roll မှာ နေ့စဉ် အလုပ်သမား အလုပ် အတက်အဆင်း စစ်ဆေးမှု အခါအားလျော်စွာ ထပ်ဆင့်စစ်ဆေးခြင်း လကုန်ရက်တွင် ယင်း ပ.လ.စ ပုံစံ(၂၁)ပါ အလုပ်သမား အားလုံး Man Month စာရင်းချုပ်ခြင်း၊ နေ့တွက်စရိတ်ဖြင့် ပ.လ.စ ပုံစံ(၂၁)ပြေစာကို တန်ဖိုးထပ် သတ်မှတ်ခြင်း၊ ယင်း ပလစ ပုံစံ(၂၁)ကျောဘက်တွင်ပါရှိတဲ့ Part - 1, Part - 2, Part - 3 အပိုင်း(၃) ပိုင်းအနက်အပိုင်း(၁)မှာဖြည့်တင်းခြင်းဆိုင်ရာလအတွင်းဖော်ပြပါ၊ အလုပ်သမားများအား ခိုင်းစေမှုဖြင့် အလုပ်ပြီးစီးမှုစာရင်း part - 3 ရေးသွင်းခြင်းတို့ ဆောင်ရွက်ရပါတယ်။ လကုန်ပြီးရက်ပိုင်းတွင် နေ့စားလပေးလုပ်ခကို လာရောက်ထုတ်ယူသူ မရှိရင် ပုံစံရဲ့ အပိုင်း(၂)မှာ စာရင်းဖော်ပြရပါတယ်။ သက်ဆိုင်ရာ အလုပ်သမား အလုပ်တက်ရောက်မှု ဖြည့်သွင်းထားတဲ့ အလုပ်သမား စုစုပေါင်း၊ ဆိုပါတော့ (၁၅)ဦးအတွက် မြေကြီးလုပ်ငန်းလုပ်ကိုင်ရာမှာ နေ့စားလပေး ကျသင့်ငွေ(၂၅၀၀)ကျပ် ဆိုပါစို့။ အဲဒီအတွက် စံနှုန်းအရ မြေကြီးလုပ်ငန်း (Earth Work), အလုပ်ပြီးမြောက်မှု (Workdone) မှာ ကျပ်(၂၅၀၀)နဲ့အထက် ရရှိအောင် စစ်ဆေးကြီးကြပ်ရတဲ့သဘော ဖြစ်ပါတယ်။ အလုပ်သမားများ ခိုင်းစေတာဝန်ပေးရာမှာ အရှုံးဆိုပါစို့ အလုပ်တန်ဖိုး (၂၄၀၀)သာ ရရှိပါက တာဝန်ခံအင်ဂျင်နီယာ အဆင့်ဆင့်မှ ဖြေရှင်းချက်ပေးရခြင်း၊ စာရင်းစစ်မှ ပေးလျော်စေလျှင် ပေးလျော်ရခြင်းတို့ ကျင့်သုံးခဲ့ ရတဲ့အတွက် အလွန်စနစ်တကျရှိတဲ့ ဘဏ္ဍာငွေ ကိုင်တွယ်သုံးစွဲမှု၊ ပစ္စည်းသုံးစွဲမှု၊ လုပ်ငန်းအခြေခံ စံနှုန်းများ (Analyses Of Rates)ပါ အရ ပြီးစီးရမယ့်လုပ်ငန်း ပြီးစီးရေး၊ တာဝန်ယူမှုတို့ တွဲပြီး ပါလာခဲ့တဲ့စနစ် ဖြစ်ပါတယ်။ အလားတူ ပန်းရန်လုပ်ငန်း၊ လက်သမားလုပ်ငန်း၊ သံထည်လုပ်ငန်း များမှာလည်း မည်သည့်အလုပ်သမားဖြင့် လုပ်ကိုင်သည်ဖြစ်စေ လုပ်ငန်းအခြေခံစံနှုန်းများအရ ငွေပေးချေရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ပိုင်း ၁၉၇၀ ပြည့်နှစ်ဝန်းကျင်မှာ ဆောက်လုပ်ရေးကော်ပိုရေးရှင်း ယခု ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၎င်းတို့ လက်အောက်ရှိ လုပ်ငန်းဌာနများအတွက် ကျင့်သုံးရန် ရည်ရွယ်ပြီး ထုတ်ဝေခဲ့တဲ့ လုပ်ငန်းအခြေခံစံနှုန်းများစာအုပ်ကို အားလုံးသော လုပ်ငန်းဌာနများက မှီငြမ်းသုံးစွဲရသည့်နည်းတူ ဖော်ပြပါ ငွေစာရင်းမင်းကြီးရုံးမှလည်း ကိုးကား စစ်ဆေးလာခဲ့ကြတာ တွေ့ရှိရပါတယ်။ ယနေ့လက်ရှိ အခြေအနေမှာ ပြည်ထောင်စု စာရင်းစစ်ရုံးက အလားတူ ကျင့်သုံးလျက်ရှိနေပါတယ်။ သို့ရာတွင် ယခင် နိုင်ငံတော်အေးချမ်း သာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ လက်ထက်ကတည်းက တည်ဆောက်ပြုပြင် မြန်ပြည်တစ်ခွင် ဆောင်ပုဒ်ဖြင့် အသေးစား၊ အလတ်စား၊ အကြီးစားစီမံကိန်းများကို ဝန်ကြီးဌာနများမှ မိမိတို့ရဲ့ ဖွဲ့စည်းပုံ

ပစ္စည်းစာရင်း အားဖြင့်လည်းကောင်း ယှဉ်ပြိုင်မှုမရှိသော ကန်ထရိုက် လုပ်ကိုင်ခွင့်ပြုသည့် တိုင်းရင်းသားကုမ္ပဏီများ၏ အစီအစဉ်များဖြင့်လည်းကောင်း၊ ဆောင်ရွက်လာခဲ့ကြရာ အဖွဲ့အစည်း အမျိုးမျိုး ကွဲပြားကြသည့်အလျောက် အစစအရာရာ ကွဲပြားခြားနားလျက်ရှိကြတာကို တွေ့ရှိရတဲ့ အပြင် လုပ်ငန်းအခြေခံစံနှုန်းများ၊ ဒေသပေါက် ဈေးနှုန်းများလည်း ကွဲပြားခြားနားလျက်ရှိကြတာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနကို ကျွန်တော် တစ်ခု အကြံပြုတောင်းဆို လိုပါတယ်။ အဲဒါက ဘာလဲ ဆိုတော့ လက်ရှိ Analyses Of Rates မှာ မပါဝင်သေးတဲ့ လုပ်ငန်း အကြောင်းအရာတစ်ခုကို တိုးပြီး ထည့်ပေး စေလိုပါတယ်။ အခုအခါမှာ Lime Concrete Block ကို ကျယ်ကျယ်ပြန့်ပြန့် သုံးလာကြပါတယ်။ အစိုးရအဆောက်အဦတွေရော၊ ပုဂ္ဂလိကအဆောက်အဦတွေပါ တွင်တွင် ကျယ်ကျယ် သုံးနေကြပါပြီ။ Lime Concrete Block ဆိုတာ ထုံးနဲ့သဲရောပြီး (12)Inches by (6)Inches by (4)Inches အရွယ် သဲအုတ်တုံးလေးတွေ ဖြစ်ပါတယ်။ RC အဆောက်အဦတွေမှာ Column Bean နဲ့ Floor တွေကလွဲလို့ Walling နံရံတွေမှာ အားလုံးသုံးပါတယ်။ Fancy လုပ်ရာမှာလည်း သုံးကြပါတယ်။ ရှမ်းပြည်နယ် တစ်ခုလုံးမှာတော့ အုတ်နီခဲအစား အလွန်အသုံးများပါတယ်။ တစ်ခြားတိုင်းနဲ့ ပြည်နယ်မှာလည်း သုံးကြလိမ့်မယ် လို့ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ Lime Concrete Block ရိုက်တဲ့စက် ထုတ်လုပ်တဲ့ ကုမ္ပဏီတွေ (၂)ခု၊ (၃)ခုမက ရှိနေတာကို တွေ့ရပါတယ်။ ဒီလို အသုံးများနေပြီဖြစ်တဲ့ Lime Concrete Block လုပ်ငန်းကို Analyses Of Rates မှာ နောက်ဆက်တွဲ Appendix ထပ်တိုး ပေးဖို့ တောင်းဆိုတာဖြစ်ပါတယ်။ အစိုးရလုပ်ငန်းတွေမှာ Lime Concrete Block လုပ်ငန်း လုပ်တဲ့ အခါမှာ ဆောက်လုပ်ရေးဌာနက သူ့ဌာန Analyses နဲ့ သူ ဆည်မြောင်းဦးစီးဌာနနဲ့ စည်ပင်သာယာရေး ဌာန တို့ကလည်း သူ့ Analyses နဲ့ သူ တွက်ချက်ပြီး သုံးနေရတဲ့အခါမှာ Quality တွေက အနည်းငယ်စီ ကွဲပြားနေပါတယ်။ ကွဲလွဲမှု အနည်းအကျဉ်းသာ ရှိတဲ့အတွက်ကြောင့် စာရင်းစစ်ရုံး ကလည်း သက်ဆိုင်ရာဌာနက အတည်ပြုထားတဲ့ Analyses ကိုပဲ ခွင့်ပြုပြီး စစ်ဆေးရတာကို တွေ့ရှိရ ပါတယ်။ ဒါကြောင့် အသုံးပြုတဲ့ အစိုးရဌာနတွေနဲ့ ပုဂ္ဂလိကဆောက်လုပ်ရေး လုပ်ငန်းတွေအားလုံး တစ်ပြေးညီ ဖြစ်သွားအောင် သက်ဆိုင်ရာ အစိုးရဌာနတွေနဲ့ Lime Concrete Block ကို Analyses Rates မှာ စံနှုန်းတစ်ခုအဖြစ် ထပ်မံဖြည့်စွက်တိုးထည့်ပေးဖို့ အကြံပြုလိုပါတယ်ခင်ဗျား။

ဒါကြောင့် နိုင်ငံတော်အနေဖြင့် အဖက်ဖက်မှ နစ်နာမှု မရှိစေရေးနဲ့ လုပ်ငန်းသဘာဝတူ အခြေအနေ အားလုံးတွင် လုပ်ငန်းအခြေခံစံနှုန်းများ စနစ်တကျ ရှိစေရေးအတွက် တင်သွင်းတဲ့ အဆို ဖြစ်လို့ ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့် စပ်လျဉ်းပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမျိုးမြင့် အမျိုးသားလွှတ်တော် အစည်းအဝေးကို တင်ပြထားတဲ့ အဆိုဖြစ်တဲ့ ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစွာ မှီငြမ်းသုံးစွဲနိုင်မယ့် လုပ်ငန်းအခြေခံစံနှုန်းများ (Analyses Of Rates) ကို ပြုစုထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာအနေနဲ့ ဥက္ကဋ္ဌကြီးနဲ့တကွ ကျွန်တော်တို့ကို အခုလို အဆိုတင်သွင်းပေးတဲ့ ဦးမျိုးမြင့် ကို လည်းကောင်း၊ ဒီမှာ ဝိုင်းဝန်းဆွေးနွေးသွားကြတဲ့ ကိုယ်စားလှယ်တော်ကြီး (၇)ဦးလုံးကိုသော်လည်းကောင်း ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက အထူးကျေးဇူးတင်ရှိပါကြောင်း ပဏာမ တင်ပြလိုပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အခြေခံစံနှုန်းနဲ့ ပတ်သက်ပြီးတော့ ရှေးနှစ်ပေါင်းများစွာ ကတည်းက ပြဋ္ဌာန်းခဲ့တဲ့ Analyses Of Rates ဆိုတဲ့ ဟာကို ကျွန်တော်တို့ ၁၉၇၀ ခုနှစ်လောက်မှာ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်တဲ့လုပ်ငန်းတွေ မှီငြမ်းဖို့အတွက် ဆိုပြီးတော့ ကျွန်တော်တို့ စတင်ပြဋ္ဌာန်းခဲ့တာဟာ (၄၃)နှစ်တိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီ ပြဋ္ဌာန်းစဉ်အခါတုန်းကလည်း ဒီစာအုပ်နဲ့ပတ်သက်လို့ Analyses Of Rates ဆိုတာကို သိပ်ပေါ်ပြူလာမဖြစ်ပဲနဲ့ ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်း Yellow Book ဆိုတာကိုပဲ ဒါ ပေါ်ပြူလာဖြစ်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အခြေခံလူတန်းစားတွေဖြစ်တဲ့ ပန်းရန်၊ လက်သမား၊ သံချည်၊ သံကွေး ကအစ လုပ်ငန်းခွင်ကို သွားရောက်ပြီးတော့ စစ်ဆေးတဲ့အခါမှာ Yellow Book နဲ့ပဲ ကိုက်ညီအောင်ဆောင်ရွက်ရမယ်ဆိုတဲ့ ပြောဆိုသံတွေက ကြားနေရတာ ဖြစ်ပါတယ်။ ဒီ Yellow Book ဟာ မူလ ကျွန်တော်တို့ ပြဋ္ဌာန်းစဉ်တုန်းက ကျွန်တော်တို့ ဝန်ကြီးဌာနအတွက် ပြဋ္ဌာန်းပေမယ့် အခြား ကျွန်တော်တို့နဲ့ သဘာဝတူ ဆောင်ရွက်တဲ့ လုပ်ငန်းများ အားလုံးကလည်း လိုက်လံပြီးတော့ မှီငြမ်းဆောင်ရွက်ကြတဲ့အတွက် ဒါ ကျွန်တော်တို့အနေနဲ့ ပြန်လည်ပြီးတော့ Update လုပ်ရမယ့်ဟာ အမှန်ပဲဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့ အင်ဂျင်နီယာ လုပ်ငန်းများမှာ ဒီ Analyses Of Rates ဆိုတာဟာ မရှိမဖြစ်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ Analyses Of Rates ကို ကျွန်တော်တို့ မှီငြမ်းဆောင်ရွက်ခြင်းအားဖြင့် ကျွန်တော်တို့ လုပ်ငန်းတွေရဲ့ QC လို့ခေါ်တဲ့ Quality Control အရည်အသွေး ထိန်းသိမ်းမှု၊ နောက်တစ်ခါ Quality Insurance လို့ခေါ်တဲ့ ကျွန်တော်တို့ ဒါ အရည်သွေး အာမခံမှု၊ ပြီးရင် Quantity Control ခေါ်တဲ့ အရေအတွက်ထိန်းသိမ်းမှု၊ ပြီးတော့ Cost Control ခေါ်တဲ့ တန်ဖိုးထိန်းသိမ်းမှုလို့ ကိစ္စရပ်တွေအားလုံးဟာ ဒီ Analyses Of Rates ကို မှီငြမ်းမှသာလျှင် ကျွန်တော်တို့ အဆင်ပြေမှာ ဖြစ်တဲ့အတွက် မဖြစ်မနေဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်ပါတယ်ဆိုတာ တင်ပြလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ့အပြင် ကျွန်တော်တို့ လုပ်ငန်းများ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ကို အတွင်းစစ်၊ အတွင်းစစ်ဆိုတာ ကျွန်တော်တို့ဌာနက လာစစ်တာ ဖြစ်ပါတယ်။ အပြင်စစ် သက်ဆိုင်ရာ မြို့နယ်စာရင်းစစ်များက လာစစ်တာဖြစ်ပါတယ်။ အထူးစစ် ဒါ ကျွန်တော်တို့ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး က လာစစ်တာရှိပါတယ်။ ဒီလို အတွင်းစစ်၊ အပြင်စစ်၊ အထူးစစ်တွေ စစ်တဲ့အခါမှာ လည်းပဲ ဒီ ပုဂ္ဂိုလ်များအားလုံးဟာ ဒီ Yellow Book ခေါ်တဲ့ Analyses Of Rates ကိုပဲ အခြေခံ Guideline အနေနဲ့ ယူပြီးတော့ စစ်ဆေးရတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီ အခြေခံစံနှုန်းဟာ မဖြစ်မနေ ကျွန်တော်တို့ အမှန်ကန်ဆုံးနဲ့ အတိကျဆုံးနဲ့ အစုံလင်ဆုံးဖြစ်အောင်လုပ်ဖို့ ကျွန်တော်တို့ တာဝန်ရှိ ပါတယ်ဆိုတာလေးကို တင်ပြလိုပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဒါ နှစ်ကာလ (၄၃)နှစ်လောက်ကြာလာပြီဖြစ်တဲ့ Analyses Of Rates စာအုပ်က အခု ခေတ်မီနည်းစနစ်တွေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ ဒီလိုဆောင်ရွက်တဲ့ ကိစ္စရပ်များကို ကျွန်တော်တို့ ပါဝင်ထည့်သွင်းနိုင်မှု မရှိပါဘူး။ ဒါလည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြသွားတဲ့အထဲမှာ ပါပါတယ်။ ထို့အတူပါပဲ ကျွန်တော်တို့ ဒါ ဟိုနှစ်ပေါင်းများစွာက ဆောင်ရွက်ခဲ့တဲ့ တချို့လုပ်ငန်းတွေလည်း ကျွန်တော်တို့ ချန်ခဲ့ရတော့မှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော် တင်ပြရရင် ကျွန်တော်တို့ လမ်းကြိတ်စက်များ ဟာဆိုရင် ကျွန်တော်တို့ ရှေးယခင်တုန်းကဆိုရင် ရေနွေးငွေ့သုံးတဲ့ လမ်းကြိတ်စက်၊ ရေနံဆီသုံးတဲ့ လမ်းကြိတ်စက် ဒီလိုလုပ်ငန်းတွေနဲ့ ပတ်သက်တဲ့ ကိစ္စရပ်တွေဟာ ယခုခေတ်မှာ လျော်ညီမှုမရှိသည့် အတွက် ဒါတွေကို ချန်လှပ်ထားခဲ့ရမှာ ဖြစ်သလိုပဲ ခေတ်နဲ့အညီ ပြုပြင်ပြောင်းလဲရမယ့် လုပ်ငန်းပေါင်း မြောက်များစွာ ရှိနေပါတယ်။

ဒီလုပ်ငန်းတွေကိုတော့ ကျွန်တော် ဒီမှာ အချိန်ကို ငဲ့ညှာခြင်းအားဖြင့် အသေးစိတ်ကို မတင်ပြတော့ပါဘူး။ ဒါတွေကိုလည်း ကျွန်တော်တို့ ဘာတွေပဲဖြစ်ဖြစ် ထည့်သွင်းပြီးတော့ ဆောင်ရွက်မယ် ဆိုတာလေးကို ကျွန်တော်တို့ ပြောကြားလိုပါတယ်။ အထူးသဖြင့်ကတော့ ကျွန်တော်တို့ လုပ်ငန်းများဖြစ်တဲ့ ကွန်ကရစ်လောင်းတဲ့အခါမှာ ဒီကွန်ကရစ်ကို ကျွန်တော်တို့ သယ်လာတဲ့အခါ အဝေးကြီးက သယ်လာရင် ဒီကွန်ကရစ်ဟာ ခဲသွားမှာစိုးတဲ့အတွက် ကျွန်တော်တို့က ဒီကွန်ကရစ်ကို Slow Hardening Chemical ဆိုပြီးတော့ ကျွန်တော်တို့ Setting Time ခဲတဲ့ဟာ နှေးအောင်လို့ ထည့်သွင်းရတဲ့ဟာမျိုး ရှိသလိုပဲ၊ ကျွန်တော်တို့ ရေအောက်မှာ ကွန်ကရစ်လောင်းတဲ့အခါကျရင် မြန်မြန်ခဲသွားအောင်ဖြစ်တဲ့ Rapid Hardening Cement ဖြစ်အောင် Chemical ထည့်သွင်း ရတာမျိုးလည်း ရှိပါတယ်။ ဒါတွေဟာ ခေတ်နှင့်လျော်ညီစွာဖြစ်ပေါ်လာတဲ့လုပ်ငန်းများ ဖြစ်တဲ့အတွက် ဒီဟာတွေကိုလည်းပဲ ထည့်သွင်းရပါတယ်ဆိုတာလေးကို ကျွန်တော့်အနေနဲ့ နမူနာ တင်ပြခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပြင် ကျွန်တော်တို့ Analyses Of Rates ကို ပြန်လည် ပြုပြင် ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့က ရှေးယခင်တုန်းကတော့ ဒါတွေကို F.P.S ဆိုတဲ့ Foot, Pound, Second ဆိုတဲ့ စနစ်နဲ့ ကျွန်တော်တို့ ကျင့်သုံးခဲ့တာ ဖြစ်ပါတယ်။ အခုမှာတော့ နိုင်ငံတကာမှာ ကျွန်တော်တို့ SI unit ပေါ့၊ System International Unit ကို သုံးထားတာဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့

Unit ကိုလည်း F.P.S ကိုသုံးသလိုပဲ SI unit တွေလည်း ကျွန်တော်တို့ ထည့်သွင်းအသုံးပြုရတော့မှာ ဖြစ်ပါတယ်ဆိုတာကိုလည်း တင်ပြလိုပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ လမ်း၊ တံတား၊ လေယာဉ်ကွင်း၊ အဆောက်အအုံ၊ ရေသန့်၊ လျှပ်စစ်၊ စက်မှု စတဲ့ လုပ်ငန်းအားလုံးရဲ့ အခြေခံစံနှုန်းတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြန်လည်ပြုစုတဲ့အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေ အားလုံးကနေပြီးတော့ ပြုပြင်ပြောင်းလဲလိုတဲ့ အချက်အလက်ပေါင်းများစွာကို ကျွန်တော်တို့ တောင်းခံပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုတောင်းခံပြီး ဆောင်ရွက်တဲ့အခါမှာ လျှပ်စစ်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန စတဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကလည်း သူတို့ရဲ့ Analyses Of Rates များကို ပြောင်းလဲလိုတဲ့ အချက်အလက်များ ကျွန်တော်တို့ကို စုစည်းတင်ပြလာတာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြုပြင်ပြောင်းလဲပါတယ်။ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲတဲ့အခါမှာ လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့ဆိုရင် ၂၀၀၈ ခုနှစ်မှာ သူတို့ ပြုပြင်ဆောင်ရွက်ခဲ့တဲ့စာအုပ်က အချက်အလက်များကို ကျွန်တော်တို့ကို ထည့်သွင်းပေးသလိုပဲ ကျွန်တော်တို့ ဘက်ကလည်း ၂၀၁၂ ခုနှစ်မှာ အိန္ဒိယနိုင်ငံက ဆောင်ရွက်ထားတဲ့ Analyses Of Rates ဆိုတာလည်း ကျွန်တော်တို့ မှီငြမ်းပြီးတော့ အသုံးပြုလျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဒီ Analyses Of Rates စာအုပ်တွေကို ကျွန်တော်တို့ အားလုံးပြုစုပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းထားတဲ့ စီးပွားရေးကော်မတီကို ပြီးခဲ့တဲ့ ကျွန်တော်တို့ ဇွန်လ ၂၈ ရက်နေ့မှာ တင်ပြ အတည်ပြုချက်ယူပြီး ဖြစ်ပါတယ်။ ဒါကိုလည်းပဲ ကျွန်တော်တို့ ဆက်လက်ပြီးတော့ မနက်ဖြန်မှာ ကျင်းပမယ့် ပြည်ထောင်စုအစိုးရအဖွဲ့ Cabinet ကို တင်ပြပြီး အတည်ပြုချက်ယူပြီး ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းလည်း တင်ပြပါတယ်။ ဒီမှာ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး ဦးစိုင်းကျော်ဇောသန်း တင်ပြသွားတဲ့ Lime Concrete Block (12″ x 6″ x 4″) ဆိုတဲ့ ဒီလိုကိစ္စရပ်တွေလည်း ကျွန်တော်တို့လည်း သဘောပေါက်ပါတယ်။ ရှမ်းပြည်နယ်မှာဆိုရင် ဖြုန်းအုတ်တွေနဲ့ Concrete လုပ်ပြီး ဆောင်ရွက်နေတာ ဆိုတာကိုလည်း ကျွန်တော်တို့ သိတဲ့အတွက် ဒီလိုကိစ္စရပ်တွေဟာတွေလည်း ကျွန်တော်တို့ နောက်ဆက်တွဲမှာ ထည့်သွင်းဖော်ပြပေးပါမယ်။ ကျွန်တော်တို့ ဒါတင်ပြခဲ့တာသည် အခြေခံမူတစ်ခုအနေနဲ့ ပြီးသွားတာ ဖြစ်ပေမယ့် ကျွန်တော်တို့မှာ အချိန်အခါနဲ့ လိုက်လျောညီထွေရှိစွာ အသစ်ဖြစ်ပေါ်လာတဲ့ ကိစ္စရပ်များကိုလည်း အမြဲတမ်း Analyses Of Rates မှာ ကျွန်တော်တို့အနေနဲ့ ထည့်သွင်းဖော်ပြရတာ ရှိပါကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လျှပ်စစ်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနစတဲ့ ဝန်ကြီးဌာန အသီးသီးက လုပ်ငန်းတွေကို ကျွန်တော်တို့ စုပေါင်းပြီးတော့ လုပ်ငန်းအခြေခံစံနှုန်း (Analyses Of Rates) ကို ခေတ်စနစ်နဲ့ လျော်ညီစွာ မှီငြမ်းသုံးစွဲနိုင်ရန် ပြန်လည်ပြင်ဆင် ပြုပြင်ခြင်း၊ ကဏ္ဍသစ်များ ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းနဲ့ ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုဖြစ်သော ခေတ်စနစ်နဲ့ လိုက်လျောညီထွေစွာ မှီငြမ်းသုံးစွဲနိုင်မယ့် လုပ်ငန်းအခြေခံစံနှုန်း (Analyses Of Rates)

ကို ပြုစုထုတ်ဝေရန်အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းတဲ့ ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစွာ မှီငြမ်းသုံးစွဲနိုင်မည့် လုပ်ငန်းအခြေခံစံနှုန်းများ (Analyses Of Rates) ကို ပြုစုထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ၊ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံ(၁၈၃)၊ ကန့်ကွက်(၂)၊ ကြားနေ(၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၃၀) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၄၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) (ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ)၏ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကိုးတဲကျေးရွာအုပ်စု၊ ကျောင်းစုရွာမှ ဒေါ်စန်း ၏ အမှုကိစ္စအား ကွင်းဆင်းစစ်ဆေး တင်ပြချက် အစီရင်ခံစာတွင် ကော်မတီ၏အကြံပြု တင်ပြချက်များအပေါ် အထူးအလေးထား အကောင်အထည် ဖော်ဖြေရှင်းဆောင်ရွက်သွားနိုင်ပါရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း (ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြား စာနှင့် အသနားခံစာဆိုင်ရာကော်မတီ) ၏ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာ မြို့နယ်၊ ကိုးတဲကျေးရွာအုပ်စု၊ ကျောင်းစုရွာမှ ဒေါ်စန်း ၏ အမှုကိစ္စအား ကွင်းဆင်းစစ်ဆေး တင်ပြချက် အစီရင်ခံစာတွင် ကော်မတီ၏ အကြံပြု တင်ပြချက်များအပေါ် အထူးအလေးထား အကောင်အထည် ဖော် ဖြေရှင်းဆောင်ရွက်သွားနိုင်ပါရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၇)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၀။**

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ် တရားသူကြီး၊ ဖိတ်ကြားထားသော ဧည့်သည် တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစွာပထမ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အရိုအသေပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဦးအောင်ငြိမ်း ရဲ့ အဆိုကို ကျွန်တော် ထင်မြင်ချက် များနဲ့အတူ ထောက်ခံဆွေးနွေးသွားမယ့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်သူတွေကြားမှာ ငွေချေး/ငွေယူ လုပ်ငန်းတွေဟာ အများအပြား ရှိပါတယ်။ နိုင်ငံတော်ကလည်းပဲ အသေးစားငွေချေးဌာန၊ အပေါင် ဆိုင်တွေ ဖွင့်ပြီးတော့လည်း ချေးပေးပါတယ်။ စည်ပင်သာယာမှာ လိုင်စင်ယူပြီးတော့လည်း ငွေချေးတဲ့ လုပ်ငန်းတွေ ရှိပါတယ်။ ဒီထက် ပိုများတာက ငွေရှင်ကြေးရှင်များက ဒီ နိုင်ငံသူ/နိုင်ငံသား လုပ်ကိုင် စားသောက်သူများအပေါ် အတိုးနှုန်းအရပ်ရပ်ဖြင့် ချေးယူတဲ့ လုပ်ငန်းတွေလည်း အမြို့မြို့ အနယ်နယ် တိုင်းမှာ ရှိပါတယ်။

ဒီလိုရှိတဲ့နေရာမှာ အမှန်တိုင်းပြောရရင် ငွေပေးသူ/ငွေယူသူဟာ ကတိတည်ကြရင်၊ ကတိ မှန်ကြရင် ဒီကိစ္စတွေက တရားရုံးတွေကို ရောက်စရာအကြောင်းမရှိဘူး။ ဒါ ကျွန်တော်အမြင် ပြောတာ။ ငွေယူသူက ကတိမတည်လို့သာလျှင် ငွေချေးငှားသူ မြီရှင်က ဒီလိုတရားစွဲရခြင်း ဖြစ်ပါတယ်။ ဒေါ်မစန်း အမှုမှာ ဒေါ်မစန်း ရဲ့ ခင်ပွန်း ဦးမောင်ပြုံး က တကယ်ပဲ ဦးစိုးဝင်း ဆီက ငွေချေးတာ ခိုင်လုံတဲ့ အထောက်အထား ရှိလို့သာလျှင် ဦးစိုးဝင်း က ဒါ တရားမကြောင်းနဲ့ တရားစွဲဆိုနိုင်တာ ဖြစ်ပါတယ်။

ဒေါ်မစန်း မှာလည်း ဒီကွယ်လွန်သူ ဦးမောင်ပြုံးရဲ့ ချေးငွေနဲ့ ပတ်သက်ပြီး ပေးဆပ်ရန် တာဝန်ရှိပါတယ်။ ကျွန်တော်တို့အရပ်မှာ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ အယူရှိပါတယ်။ ကွယ်လွန်သူရဲ့ အကြွေးကို သက်ဆိုင်ရာ အမွေခံတွေက ပြန်ပေးဆပ်မှသာလျှင် ကွယ်လွန်သူဟာ တမလွန်ဘဝမှာ ကောင်းရာကို ရောက်မယ်လို့ ယူဆပါတယ်။ ဒီတော့ ကျွန်တော်တို့အရပ်မှာ အများအားဖြင့် ဒီလိုလည်း ဆောင်ရွက်နေကြသူတွေ အများကြီး ရှိပါတယ်။ အဲဒီလိုသာ ဒေါ်မစန်း က ဆောင်ရွက်နိုင်မယ် ဆိုရင် ဒီကိစ္စ ကျွန်တော်တို့ လွှတ်တော်ထဲကို ရောက်လာစရာအကြောင်း မရှိပါဘူး။ ဒါ ဒေါ်မစန်း ရဲ့ အဓိက ချို့ယွင်းအားနည်းမှုပါပဲ။ ယေဘုယျအားဖြင့် ပြောမယ်ဆိုရင် ငွေရှင်တွေကလည်း သူတို့ ငွေကို ပြန်မရတဲ့အခါမှာ ငွေချေးယူစဥ်ကပင် စာချုပ်အမျိုးမျိုးကို ချုပ်ပြီးတော့ ဥပမာ - ငွေချေးတာ အတိုး မပါဘူး။ ယုံကြည်မှု အပ်နှံတဲ့ငွေ၊ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်း၊ မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းကို အာမခံ ထားတာ အမျိုးမျိုးပဲ ဒါ လုပ်တာရှိပါတယ်။ ကျွန်တော် ပြောရင်တော့ဒါ ဆုံးနိုင်မယ် မထင်ပါဘူး။

ဒီလို ငွေပြန်ရမှုကို တရားမမှုနဲ့ ပြုလုပ်တာလည်းရှိတယ်။ ပြစ်မှုဆိုင်ရာတွေနဲ့လည်း ပြုလုပ်တာလည်းရှိတယ်။ ပုဒ်မ ၄၂၀၊ ၄၀၆ ဒါနဲ့ ငွေရှင်ကြွေးရှင်တွေက တရားစွဲတာလည်း ရှိတယ်။ ဒီအပေါ်မှာ ဒီပုဒ်မတွေနဲ့ မြောက်၊ မမြောက်၊ ပြစ်မှုဆိုင်ရာ ဥပဒေ ၄၂၀၊ ၄၀၆ နဲ့ မြောက်၊ မမြောက် ဆိုတာ ရဲမှာလည်းတာဝန်ရှိတယ်။ ကျွန်တော်တို့ ပြည်သူ့ရဲမှာ တာဝန်ရှိသလို မြို့နယ်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေအရာရှိ၊ တရားသူကြီး အဆင့်ဆင့်မှာလည်း တာဝန်ရှိပါတယ်။ ဥပမာ - ကျွန်တော် အနည်းအကျဥ်းလေး ပြောမယ်ဆိုရင် ကျွန်တော့်မိတ်ဆွေ သမီးတစ်ယောက် သထုံမှာ ပုဒ်မ ၄၂၀ နဲ့ သူက အမှုစွဲဆိုခံနေရပါတယ်။ ၂၀၁၃၊ ပြစ်မှုကြီးအမှတ်၊ ၃၃၄ ဖြစ်ပါတယ်။ ငွေရှင် အတိုးပေးပြီးတော့ သိန်း(၈၀)ချေးတာ (၆၀)ပြန်ဆပ်ပြီးပြီ အတိုးရောအရင်းရော (၂၀)ကျန်တာကို သုံးရစ်လေးရစ် ဆိုင်းပြီး ဆပ်ပါမယ်ဆိုတာကို ငွေရှင်က မကျေနပ်လို့ ပုဒ်မ ၄၂၀ နဲ့ အမှုဖွင့်ပြီးတော့ အရေးယူစစ်ဆေးဆဲ ရှိပါတယ်။ အဖြေက ဘယ်လိုလာအုံးမှာလဲဆိုတာမသိပါဘူး ဒါ အကျဥ်းချုပ်လေး ပြောတာပါ။ ဒီ ဒေါ်မစန်းအမှုကို ကျွန်တော်တို့ စိစစ်တဲ့အခါမှာ ဒေါ်မစန်းကတော့ ကျွန်တော်တို့ တိုင်စာကော်မတီကို၊ ပြည်သူတို့ရဲ့ တိုင်ကြားစာနဲ့ အသနားခံစာကော်မတီကို သူကတော့ စာတင်တယ်။ ဒီလို စာတင်တဲ့ လူတိုင်းဟာ အမှန်လို့ ကျွန်တော်တော့ မဆိုလိုပါဘူး။ ဒေါ်မစန်း လည်း သူ့အပြစ်ကိုသူ သူ့ရဲ့ ချို့ယွင်းအားနည်းချက်ကို ဖုံးဖိထားပါတယ်။ ဒီငွေယူတာ သူ့ယောကျ်ားမဟုတ်ပါဘူး။ သူ့ယောကျ်ားက သက်သေခံတာပါ။ ဒီလိုလုပ်တယ်။ ဒီလိုပဲ ဒီတိုင်စာကို ပေးပို့တယ်။ တကယ့် ကွင်းဆင်းစစ်ဆေးတဲ့ အခါကျတော့ ဒေါ်မစန်း ယောကျ်ားကိုယ်တိုင်က ငွေယူထားတာကို တွေ့ရတယ်။ နောက်ပြီးတော့ အဲဒီမှာ ဦးမောင်စစ် ဆိုတာလည်း ပါလာသေးတယ်။ ဦးမောင်စစ် က တကယ်တော့ ဦးစိုးဝင်း ဆီက ငွေချေးတာ မဟုတ်ဘူး။ ဒေါ်မစန်း ယောကျ်ားဦးမောင်ပြုံး ဆီက ငွေချေးတာ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ကောက်ချက် ချရမယ်ဆိုရင် ထင်မြင်ချက်ဟာ ဦးမောင်ပြုံး ဟာ ဦးစိုးဝင်း ဆီက ငွေချေးမယ်။ အဲဒီချေးငွေအပေါ် ဦးစိုးဝင်းပြောသလို (၆)ကျပ်တိုးနဲ့၊ တစ်လကို(၆)ကျပ်တိုးနဲ့ ငွေချေးတယ်။ ဦးမောင်စစ်ကို သူက (၁၀)တိုးနဲ့ ငွေချေးရင်လည်းချေးမယ်လို့ ကျွန်တော်တို့ ထင်မြင် ယူဆစရာ အကြောင်းရှိပါတယ်။ အလကားသက်သက်တော့ ဦးစိုးဝင်း ဆီက (၆)ကျပ်တိုးယူပြီး ဦးမောင်စစ်ကို သူက (၆)ကျပ်တိုးနဲ့တော့ သူက ပြန်ပေးမှာ မဟုတ်ပါဘူး။ ဒါလေးတွေ လည်းဒါ ကျွန်တော် စိစစ်သုံးသပ်ဖို့ရှိပါတယ်။ ဒါကြောင့် ဦးစိုးဝင်း က တရားစွဲဆိုတဲ့အခါမှာ ဘာကြောင့်

ဒေါ်မစန်း နဲ့ ဦးမောင်စစ်ကို တရားစွဲသလဲ။ ဦးစိုးဝင်း ဆီ က ငွေဟာ ဒေါ်မစန်း ယောကျ်ား ဦးမောင်ပြုံး ကသာ ယူတာဖြစ်တဲ့အတွက်ကြောင့် ဒီမှာလည်း ကျွန်တော်တို့ ကွဲလွဲချက်က တွေ့နေရပါတယ်။ ဦးမောင်စစ် က ဘာကြောင့် ဒီ ဦးစိုးဝင်း ရဲ့ တရားမမှုမှာ သူ ဘာကြောင့် ခေါင်းစင်းခံသလဲ။ ဒါလည်း ကျွန်တော်တို့ စဉ်းစားစရာ ရှိပါတယ်။ ဒီမှာ သာဓကအနေနဲ့ဆိုရင် ဒီ ကျွန်တော်တို့ ၈-၄-၂၀၀၉ ရက်နေ့မှာ လေးမျက်နှာရုံးမှာ ဦးစိုးဝင်း က တရားစွဲတယ်။ ဒေါ်မစန်း နဲ့ ဦးမောင်ပြုံး တို့ကို အဲဒီ ဦးမောင်စစ် နဲ့ ကို။ ဒါပေမဲ့ ၂၁-၄-၂၀၀၉ မှာ ဦးမောင်စစ် က ဒေါ်မစန်း ရဲ့ ခင်ပွန်းကို ငွေ(၅၈၉၀၀၀) ကျပ်ပေးရန်ရှိတယ်လို့ ကိုးတဲအုပ်စု ကျွန်တော်တို့ ရ.ယ.က ဥက္ကဋ္ဌရှေ့မှာ လက်မှတ်ထိုးထားတာ ဒါဟာ ရှိတယ်။ သူက ဦးစိုးဝင်း ကို ပေးစရာမရှိဘူး။ ဒေါ်မစန်း ယောကျ်ားကိုသာ ပေးစရာရှိတယ်ဆိုတော့ ဒါထင်သာမြင်သာတော့ တော်တော်ရှိပါတယ်။

ဒီအပေါ်မှာ လေးမျက်နှာတရားရုံးက တစ်ခါ ဦးစိုးဝင်း ရဲ့ တောင်းဆိုချက်အရ ငွေ(၇)သိန်းကို အလီလီ(၃)ခါ၊ (၃)ခါလီပြီးချေတဲ့အတွက်ကြောင့် (၆)ကျပ်တိုးနဲ့ ငွေ(၁၂၂၀၀၀၀) ဒါသူက ရထိုက်တယ်လို့ တရားမမှုနဲ့ တရားစွဲတဲ့အခါမှာ လေးမျက်နှာမြို့နယ်တရားရုံးက တရားသူကြီးကလည်း ဦးစိုးဝင်းရဲ့ တောင်းဆိုချက်ကို၊ ဒီကရီကို စီရင်ထုံးနဲ့ အတည်ပြုခဲ့ပါတယ်။ ဒါဟာလည်းပဲ ကျွန်တော်တို့ ကော်မတီရဲ့ ဒီအစီရင်ခံစာမှာ ပါတဲ့အတိုင်း မှားတယ်လို့ ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ဥပဒေမှာ ကျွန်တော်တို့ တစ်လကို(၆)ကျပ်တိုး ဆိုပေမယ့်လည်း တရားရုံးက ခွင့်ပြုနိုင်တဲ့ဟာက တစ်နှစ်လုံးမှ (၉)ရာခိုင်နှုန်းသာ အတိုးကို ခွင့်ပြုနိုင်ပါတယ်။ ဒီအပေါ်မှာလည်းသူက၊ တရားသူကြီးက (၉) ရာခိုင်နှုန်းနဲ့ တွက်ပေးရမယ်။ ဥပမာ - ပဋိညာဉ်မှာ၊ စာချုပ်ပေါ်မှာ တစ်နှစ်ကို (၉)ရာခိုင်နှုန်းထက် နည်းတယ်လို့ ယူဆရင်လည်း တရားရုံးက အဲဒီနည်းတဲ့အတိုင်း ဥပမာ(၅)ရာခိုင်နှုန်းပဲ ချုပ်တယ်ဆိုရင် (၅) ရာခိုင်နှုန်းပဲပေးလို့ရတယ်။ (၉)ရာခိုင်နှုန်းထက်တော့ ပိုပေးလို့မရဘူး။ ဒီမှာလည်း တရားဥပဒေက အဲဒီလိုပဲ ပြဋ္ဌာန်းထားတယ်။

ဒါကြောင့် မူလစစ်တဲ့ တရားရုံးကလည်း၊ တရားသူကြီးကလည်း လွဲလွဲမှားမှား ရှိပါတယ်။ ဒီအပေါ်မှာ ဒေါ်မစန်း နဲ့ ဦးမောင်စစ် ကလည်း သူက မကျေနပ်လို့ ခရိုင်တရားရုံးကို အယူခံတင်တယ်။ ခရိုင်တရားရုံးက တစ်ခါ(၁၀)သိန်းကျော် တစ်ခါ ပေးစေဆိုပြီးတော့ ဒါအမိန့်ချလိုက်ပြန်ရော။ ဒီ(၁၀)သိန်းကလည်း တရားရုံးခွင့်ပြုချက် အတိုင်းအတာ (၉)ရာခိုင်နှုန်း၊ တစ်နှစ် (၉)ရာခိုင်နှုန်းထက် များနေတာတွေ့ရပါတယ်။ ကျွန်တော်တို့ဒီ တရားမမှု သိန်း(၂၀)နဲ့အောက်က မြို့နယ်တရားရုံးစစ်ပြီးရင် ခရိုင်တရားရုံးမှာ နောက်ဆုံးပိတ်ဖြစ်ပါတယ်။ ခရိုင်တရားရုံးရဲ့ ဆုံးဖြတ်ချက်က အပြီးအပြတ် ဖြစ်ပါတယ်။ အဲဒီတော့ ဒေါ်မစန်း နဲ့ ဦးမောင်စစ် အနေနဲ့ တရားလွှတ်တော်ချုပ်ကို အယူခံတက်လို့ မရပါဘူး။ ခရိုင်တရားရုံးမှာ အပြီးအပြတ် ဖြစ်သွားပါပြီ။ ဒါကြောင့် ဒီခရိုင်တရားရုံးရဲ့ (၁၀)သိန်းကျော် အမိန့်ချတဲ့ဟာကို၊ (၁၀၅၀၀၀၀) အမိန့် ချတဲ့ဟာကို ဘာမှ ဒါအပြီးအပြတ် ဒါကျွန်တော်တို့ မီးသေ ဆုံးဖြတ်ချက် ဖြစ်တဲ့အတွက်ကြောင့်မိုလို့ ပြန်ပြီးတော့ တက်လို့မရပါဘူး။ ပြန်တက်လို့မရလို့ရှိရင် တရားလို ဦးစိုးဝင်း ကသာ ဒီ သူတို့(၂)ဦးစီကငွေ (၁၀)သိန်း၊ (၅)သောင်း ပေးဖို့ပဲ ရှိတယ်။ အဲဒီလို ပေးတဲ့အခါမှာ ဇာရီဖွဲ့ရပါတယ်။ ဇာရီဖွဲ့တော့ အောက်မှာ မူလတရားရုံးမှာ ဖွဲ့တယ်။ မူလ တရားရုံးမှာ ဖွဲ့တဲ့ အခါကျရင် ဒါ(၂)ဦးစလုံးက ဒေါ်မစန်း ရော၊ ဦးမောင်စစ် ရော ပေးရန် တာဝန်ရှိတဲ့အတွက် ကြောင့် အောက်တရားရုံး ကနေပြီးတော့ ဒေါ်မစန်း ကို (၅)သိန်း (၂)သောင်း (၃)လီခွဲပြီးပေးစေ ဒီလို

ဆုံးဖြတ်ချက်ပေးတယ်။ ဦးမောင်စစ် ကိုတော့ တစ်ဝက်ပေးစေပေါ့။ ဒေါ်မစန်း ကိုတော့ (၃)လီ ပေးစေ။ အဲဒီလို အခါမှာ ဒေါ်မစန်း က မြို့နယ်တရားရုံးရဲ့ ဇာရီကို နာခံရမှာ ဖြစ်ပါတယ်။ မနာခံပါဘူး။ (၃)လီ လည်း မပေးဘူး။ ပေးလည်းမပေးဘူး။ တစ်ပြားမှလည်း မပေးဘူး။ ဒီအခါမှာ တရားလို ဦးစိုးဝင်း က သူက ဒေါ်မစန်း ပိုင်တဲ့ ပစ္စည်းကို တရားရုံးကို တင်ပြပြီးတော့ လေလံတင်ရောင်းချပြီးတော့ သူရဲ့ ရပိုင်ခွင့် (၅)သိန်း၊ (၃)သောင်းကို သူကရယူမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ နောက်ဆုံး မနက်ဖြန်ပဲ လေလံတင်တော့မယ်။ ဒီနေ့လို ဒါ ဒေါ်မစန်း ရဲ့ ဝမ်းကွဲမောင်က လာသွင်းသွားပြန်ရော၊ လာသွင်းသွားပြန်ရင် ဒေါ်မစန်း ရဲ့ ဒါက ပေးရန် တာဝန်ကတော့ ကြေသွားပြီလို့ ယူဆစရာအကြောင်း ရှိပါတယ်။ တစ်ဖက်က ဦးမောင်စစ် ပဲ ပေးရမှာပါ။ ဒါတောင် ဦးစိုးဝင်း က ဦးမောင်စစ် ဆီမှာ ရတဲ့ငွေ (၅)သိန်း၊ (၃)သောင်း၊ ကျန်တဲ့ငွေကို သူထပ်လိုချင်တယ်။ ဒါကြောင့် ကျွန်တော်တို့ မြို့နယ်ကတော့ ဦးမောင်စစ် ကို ရှာ လွှဲပေးမယ်။ ဒါပေမဲ့ ဦးစိုးဝင်း က ခရိုင်ရုံး အယူခံတက်တဲ့အခါကျတော့ ဒီငွေ တွေဟာ၊ ကျန်တဲ့ငွေဟာ ဒေါ်မစန်း ပဲ ပေးဆောင်ရမယ်ဆိုတာ ဒေါ်မစန်း က နှစ်ခါ နာနေတယ်။

ကျွန်တော်လည်း ဒါ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ဥပဒေပညာကို သင်ကြားဖူးတဲ့သူ မဟုတ်ပါဘူး။ ကျွန်တော့် အတွေ့အကြုံလေး၊ မြင်တဲ့အမြင်လေးကိုပြောတာ။ ကျွန်တော့်အမြင်က အနည်းငယ် ခွင့်လွှတ်သည်းခံနိုင်ဖွယ် အမှားအယွင်းရှိရင် ခွင့်လွှတ်သည်းခံပေးဖို့ ကျွန်တော်ပန်ကြား အပ်ပါတယ်။ အဲဒီတော့ ဒီမှာလည်း ကျွန်တော်တို့ ဒါ ဒေါ်မစန်း က နှစ်ခါပေးသလို ဖြစ်နေပါတယ်။ ဦးမောင်စစ် က လွတ်သွားတဲ့သဘော ကျွန်တော်တို့တွေ့ရပါတယ်။ အဲဒီတော့ ဒီလိုပစ္စည်းကို လေလံတင်၊ ဘာညာကတော့ လုပ်ထုံးလုပ်နည်းနဲ့အညီ လုပ်တယ်လို့ ကျွန်တော် ယူဆပါတယ်။ ဘာကြောင့်ဆိုတော့ ဒါ ပစ္စည်းကို သူက ရဲလည်းပါတယ်။ တရားရုံးက ဘိလစ်လည်းပါတယ်။ ဒီလိုပဲ ရပ်/ရွာလူကြီးတွေ လည်း ပါတယ်။ အိမ်ကပစ္စည်းတွေ အပြင်ထုတ်ယူတော့ပါတယ်။ တကယ်တမ်း ဒေါ်မစန်း က တရားရုံး အမိန့်ကို နာခံမယ်ဆိုရင် အဲဒီအချိန်မှာ သူရှိနေရမှာပါ။ သူ့ရဲ့ ကိုယ်ပိုင်ပစ္စည်းကို သူက ယူထုတ် ပြီးတော့ သူကသိမ်းဆည်းရမှာ၊ သူက လက်ခံရမှာပါ။ သူက လက်မခံဘဲနဲ့ ရှောင်နေတဲ့အတွက်ကြောင့် သူ့မှာလည်း တာဝန်ရှိပါတယ်လို့ ကျွန်တော်ယူဆပါတယ်။

အဲဒီတော့ ခြုံပြီးတော့ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ တရားစီရင်ရေးကိစ္စတွေဟာ၊ မဏ္ဍိုင် တွေဟာ ကျွန်တော်တို့နိုင်ငံမှာ တည့်မတ်နေလား၊ မတည့်မတ်နေလား။ တည့်မတ်တဲ့ နေရာမှာ တည့်မတ်ပါတယ်။ မတည့်မတ်တဲ့နေရာမှာ မတည့်မတ်ဘူးလို့ ဒီလိုပဲ ကျွန်တော် ယူဆပါတယ်။ ဝါးလုံးရှည်နဲ့ ရမ်းပြီးတော့လို့ ပြောလို့မရပါဘူး။ တကယ် တိကျမှန်ကန်ပြီးတော့ တရားဥပဒေနှင့်အညီ ဆုံးဖြတ်တဲ့ တရားသူကြီး အများအပြား ကျွန်တော်တို့ နိုင်ငံမှာ ရှိပါတယ်။ တစ်ချို့တလေ ကတော့ ငွေများ တရားနိုင် စကားနဲ့အညီ ဒါကရှိတဲ့ တရားသူကြီးလည်း ရှိကောင်းရှိနိုင်မယ်။ ဒါပေမဲ့ ဒီတရားသူကြီးတွေကို ထိန်းကွပ်ဖို့ဆိုတာ တရားရုံးအဆင့်ဆင့်က မြို့နယ်က၊ ခရိုင် ကို ထိန်းကွပ်မယ်။ ခရိုင်ကို တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်၊ တရားလွှတ်တော်က ထိန်းကွပ်မယ်။ ဒီတရား သူကြီးကို တရားရုံးချုပ်က ထိန်းကွပ်မယ်။ ဒီလိုထိန်းကွပ်ပြီးတော့ ဒီဥပဒေနှင့်အညီ မစီရင်တဲ့ တရားသူကြီး တွေကို လိုအပ်သလို ထိုက်သင့်အားလျော်စွာ ကျွန်တော်တို့ အရေးယူဆောင်ရွက်ရပါမယ်။ သိပ်ဆိုးတဲ့ တရားသူကြီးဆို အလုပ်က ဖြုတ်ပစ်ရမယ်။

ဥပမာ - ကျွန်တော် တလောက ဂျာနယ်တစ်ခုမှာ တွေ့လိုက်တယ်။ ရုရှားနိုင်ငံဖြစ်ပါတယ်။ တရားသူကြီးက တရားစီရင်တဲ့ အခါမှာ အိပ်ပျော် နေတော့၊ ဒါ ဓာတ်ပုံရတဲ့သူက မှတ်တမ်းတင်ရော၊ ဒါ တရားသူကြီးက နုတ်ထွက်သွားတယ်။ ဒါလုပ်သင့်တဲ့အလုပ်တွေ၊ ကျွန်တော်တို့ တရားသူကြီး တွေက၊ ကျွန်တော် တရားသူကြီး(၂)ဦး တွေ့ဖူးတယ်။ ပြည်နယ်အဆင့် တရားသူကြီး၊ ဒါသည် ကျွန်တော်တို့ ဒီဘက် ၂၀၁၀ နောက်ပိုင်း မဟုတ်ဘူး။ အရှေ့ပိုင်းက တပ်မတော်အစိုးရ လက်ထက် က၊ ပြည်နယ် တရားသူကြီး၊ တရားစီရင်ရေး ခန်းမလာတယ်။ တရားစီရင်နေတယ်။ ခေါင်းပေါင်းသာ ချသွားတယ်။ တရားသူကြီးက ဘယ်လိုက်သွားနေလည်း မသိဘူး။ တစ်ခါ တစ်ခါ ရှေ့နေ(၂)ယောက် က ငြင်းနေ၊ ခုန်နေရင်းနဲ့ တရားသူကြီးကို သွားပြေးခေါ်ရတာ ရှိတယ်။ နောက် အမိန့်ချတဲ့အခါမှာလည်း အမိန့်က ပါးစပ်နဲ့ ပြောတာတစ်မျိုး၊ တကယ်အမိန့်ကို ပြန်ကူးတဲ့အခါကျရင် နည်းနည်း အလွဲလွဲ အမှားမှားတချို့ ရှိတယ်။ ဒါပေမယ့် ကောင်းတဲ့ တရားသူကြီးလည်း တစ်ဦး တွေ့ရတယ်။ ပြည်နယ်တရားသူကြီးပါ။ တရားရုံးခန်း ထဲဝင်လာတယ်။ နိုင်ငံတော်တံဆိပ်ကို အလေးပြုတယ်။ ပထမဦးစွာ။ အလေးပြုပြီးတော့ ကျွန်တော်တို့ ရှေ့နေ၊ ရှေ့ရပ်တွေ၊ အမှုသည်တွေကို တစ်ခါအလေးပြုပြန်တယ်။ ဒီလိုတရားသူကြီး၊ သူအပေါ့အပါး သွားချင်လို့ရှိရင် စစ်ဆေးချက်ကို ရပ်ထားတယ်။ သူပြန်လာမှ ပြန်စတယ်။ ဒီလို တရားသူကြီးတွေလည်း ရှိပါတယ်။ ဒါကြောင့် ကောင်းတဲ့ တရားသူကြီးတွေ များများပေါ်ထွန်းဖို့ ကျွန်တော်တို့ ကြိုးစားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့်တရားစီရင်ရေးမှာ တရားသူကြီးကိုပဲ အပြစ်ပုံချလို့ မရဘူး။ တရားမမှုမှာဆိုရင် တရားလိုရှိတယ်။ တရားပြိုင်ရှိတယ်။ အမှန်တရားကို သိတာလည်း အမှုသည်တွေပဲ၊ အမှန်တရားကို မဟုတ်ဘူး ဆိုတာကို သိတာလည်း အမှုသည်တွေပဲ၊ တရားသူကြီးဆိုတာ အမှန်တရားကို အားလုံးမသိ နိုင်ပါဘူး။ မသိနိုင်ပါဘူး။ တရားသူကြီး ဆုံးဖြတ်ချက်က အမှုသည်တွေ တရားလို၊ တရားပြိုင်တွေရဲ့ ဖော်ပြတဲ့ သက်သေတွေရဲ့ ထွက်ချက်ကို ကြည့်ပြီးတော့သာ တရားဥပဒေအရ စီရင်ဆုံးဖြတ်ခြင်း ဖြစ်တယ်။ အမှန်ကို သိနေပေမယ့် ဒီ သက်သေခံချက်၊ သက်သေတွေဟာ Hear Says တွေကိုသာ ပြောမယ်။ တရားမဆိုရင် အမှုမှာ After Thought တွေ ဖြစ်လာရင် ဒီတရားသူကြီးက ဒါကို သူ လက်ခံမှာ မဟုတ်ဘူး။ တိကျခိုင်မာတဲ့ သက်သေပြဖို့ဆိုတာ အမှုသည်တွေမှာ တာဝန်ရှိတယ်။ တရားသူကြီးမှာ တာဝန်မရှိပါဘူး။ တရားသူကြီးက ဒီ အမှုဖြစ်ခြင်းဟာ တရားလို၊ တရားပြိုင်၊ သက်သေတွေရဲ့ ထွက်ချက်အရသာလျှင် တရားဥပဒေအရ စီရင်ရတာ ဖြစ်တဲ့အတွက်ကြောင့် သူ့မှာ အားနည်းချက် ရှိကောင်း ရှိပါလိမ့်မယ်။ ကျွန်တော်တို့ဟုတ်လား။

တစ်ချိန်က ကျွန်တော်တို့ စွဲလမ်းခဲ့တဲ့ တရုတ်ဇာတ်လမ်းတွဲ၊ ပြည်သူ့တရားရှင် ဦးပေါင်ချိန် ဆိုရင်၊ ဒါ သူက တရားခံဖြစ်တဲ့သူကို သူက ဘာဖြစ်တယ်၊ ညာဖြစ်တယ်၊ မောင်မင်း အမှန် ဖြေစမ်း ဘာညာ ကြိမ်းမောင်း၊ ခြိမ်းခြောက်ပြီးတော့ ခွေးခေါင်းစက်နဲ့ ဖြတ်မယ် ဘာညာ လုပ်ပြီးတော့ သူ့နောက်လိုက်က တစ်ခါတူထုလိုက်ရင်၊ အနောက်က ညာသံပေးတယ်။ အခြေအနေ လိုအပ်လို့ရှိရင် သူ့ရဲ့ တပည့်စွမ်းဖြစ်တဲ့ မောင်ကျန်ကျောင်း ကို သူက စုံစမ်းခိုင်းတယ်။ သူ့ဘက်မှာ ဆရာကုန်းစွန်း တို့လည်း ကူညီတယ်။ ဒီကနေ့ ကျွန်တော်တို့ တရားသူကြီးက ဒီလိုဆောင်ရွက်လို့ ရတာ မဟုတ်ဘူး။ ဒီလို ဆောင်ရွက်လို့ မရသောကြောင့် ကျွန်တော်တို့ ဦးပေါင်ချိန် လို တိကျမှန်ကန် တဲ့ တရားစီရင်ရေး ဖြစ်ချင်မှ ဖြစ်နိုင်မယ်။

ဒါကြောင့် တရားစီရင်ရေးမှာဆိုရင် ကျွန်တော်တို့ အမှုသည် ဘာကြောင့် တရားရေးမဏ္ဍိုင် တိမ်းစောင်းနေသလဲဆိုရင် ကျွန်တော်အချက် (၄)ချက်လောက် ကျွန်တော်တွေ့တယ်။ (က) အမှုသည်များ တင်ပြချက်အားနည်းလို့။ (၂)က တရားသူကြီးများ လေ့လာအားထုတ်မှု အားနည်းတယ်။ တရားသူကြီး က စာများများဖတ်ရမယ်။ တရားစီရင်ရေးထုံးကို ကျွမ်းကျင်ရမယ်။ ဒါမှသာလျှင် သူရဲ့ စီရင်ဆုံးဖြတ် ချက်တွေဟာ မှန်ကန်တည့်မတ်မှာ ဖြစ်ပါတယ်။ (၃)က တရားသူကြီးများအပေါ် ချီးမြှင့်ငွေ နည်းပါး နေတယ်။ နည်းပါးနေပါတယ်။ ကျွန်တော်ဥပမာပြပါ့မယ်။ မြို့နယ်တရားသူကြီးအဆင့်ဟာ ဦးစီးအရာရှိ စကေးပါ။ (၈)သောင်းနဲ့ (၁)သိန်း၊ Plus (၅)သောင်း၊ (၁၅၀၀၀၀)ပဲ ဆိုပါတော့။ ကျွန်တော်တို့ မြို့ကို လာတဲ့ မြို့နယ်တရားသူကြီးက သူက ဒီဒေသခံမဟုတ်ဘူး။ သူအိမ်ငှားရမယ်။ ကျွန်တော်တို့ မြို့ပေါ်မှာ အိမ်ငှားခ တော်ရုံသင့်ရုံအိမ်၊ တစ်လ(၁)သိန်း ပေးရတယ်။ သူ့မှာ (၅၀၀၀၀)သောင်းပဲ ပိုပါတယ်။ တရားသူကြီး ဆိုပြီးတော့ မြို့နယ်အထူးအာဏာရ တရားသူကြီးဆိုပြီးတော့၊ မြို့နယ်တရားသူကြီး အထူးအာဏာဆိုတာ ရှိပါတယ်။ တရားသူကြီး ဆိုပြီးတော့ ခနိမိုး၊ ဇလီကာ၊ ဝါးခင်း တဲနဲ့ နေလို့ မရပါဘူး။ သူ့မှာ လုံလောက်တဲ့ အဆောင်အယောင် ရှိရပါမယ်။ ဒါကိုလည်း တရားလွှတ်တော်ချုပ် ကသာ စဥ်းစားဖို့သင့်ပါတယ်။ ဒါကြောင့် တရားသူကြီးတွေကို ကျွန်တော်တို့ ဂုဏ်သရေ ရှိအောင်၊ သူ့အဆင့်အတန်းနဲ့သူညီအောင် ချီးမြှင့်ရမယ်၊ ချီးမြှင့်ရမယ်။ ခရိုင်တရားသူကြီးဆိုရင် ဘယ်လိုအဆင့် စသည်ဖြင့် နောက်ဆုံးသူတို့ကို စီးတဲ့မော်တော်ယာဥ်ကအစ၊ ဘာအစ။

ကျွန်တော်တို့ သိပ္ပံမောင်ဝခေတ်ကို ပြန်ကြည့်မယ်ဆိုရင် အရေးပိုင်၊ နယ်ပိုင်တွေက တရား စီရင်လာခဲ့တယ်။ ဒါပေမဲ့ အရေးပိုင်၊ နယ်ပိုင်တွေရဲ့ ခံစားခွင့်က အများကြီးရှိတယ်။ အဲဒီအပေါ်မှာ သူတို့ ဘယ်လိုမှ တံစိုးလက်ဆောင်ယူဖို့အကြောင်းမရှိပါဘူး။ ဒါပေမယ့် ဒီနေ့ တရားသူကြီးတွေ ကလည်း တံစိုးလက်ဆောင် ယူနေကြတာ အားလုံးဆိုတာ ကျွန်တော် ဒါကို လက်မခံပါဘူး။ ဖြောင့်မတ် မှန်ကန်တဲ့ တရားသူကြီးတွေ၊ တံစိုးလက်ဆောင်ကို ငြင်းပယ်တဲ့ တရားသူကြီးတွေ အများအပြား ရှိပါတယ်။ ကျွန်တော် ဥပမာပြရရင် နာမည်နဲ့တောင် ပြောလို့ရတယ်။ ဒါပေမဲ့ ကျွန်တော် မပြောပါဘူး။

ဒါကြောင့် တရားစီရင်ဆုံးဖြတ်မှုမှာ အခုကျွန်တော်တို့ ကော်မတီက ဟုတ်လား။ ဒီ ဒေါ်မစန်း အမှုဟာ တရားစီရင်ရေးမှာ လွဲမှားနေပါတယ်တဲ့ ဒါကြောင့် ဒါ ဦးနု က သူတောင်း ဆိုတာက ခုံရုံးဖွဲ့ပြီးတော့ စစ်ဆေးပေးပါ။ ဒါလည်း ကျွန်တော်လက်မခံပါဘူး။ ကျွန်တော်တို့ တရားရုံး က ဆုံးဖြတ်ချက်တစ်ခုကို ဟုတ်လား။ မှားရင်လည်း မှားတဲ့အလျောက် ကျွန်တော်လက်ခံ ရတော့မယ်။ တရားရုံး အဆင့်ဆင့်က တရားသူကြီးတွေကပဲ စီမံကွပ်ကဲရမယ်။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေ အနေနဲ့ ဒီလိုတောင်းဆိုပိုင်ခွင့် ရှိပါသလား။ ကျွန်တော်တို့ အခြေခံဥပဒေကို မျက်ကွယ်ပြုရာ ကျနေမှာလား။ ဒါကိုလည်း ကျွန်တော် စဥ်းစားမိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကတင် Check and Balance အနေနဲ့ ကျွန်တော် တို့ တရားသူကြီးတွေ တိမ်းစောင်းနေတာကို ပြောလို့ရှိရင် တရားရုံးအဆင့်ဆင့်က တာဝန်ရှိပုဂ္ဂိုလ်တွေက ဒီ တရားသူကြီးကို အရေးယူ အပြစ်ပေးဖို့ ဒီလောက်ပဲ လိုအပ်မယ်ထင်ပါတယ်။

ဒါကြောင့် နိဂုံးချုပ်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်လွှတ်တော် ကိုယ်စားလှယ်များကို ပန်ကြားလိုတာကတော့ မိမိတို့ရဲ့ကြီးမြတ်သော အသိပညာကို ဆင်ခြင်တုံတရားဖြင့် စဥ်းစားတွေးခေါ် ပြီးတော့ ဒီ အဆိုကို အဆုံးအဖြတ် ပေးကြပါ။ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၉။**

**ဥက္ကဋ္ဌ**။ ။ တရားစီရင်ရေးနဲ့ ပတ်သက်လို့ရှိရင် ဆုံးဖြတ်ဆဲကိစ္စမှအပ ကျန်တာအားလုံး ဆွေးနွေးနိုင်တယ်။ ဒါ လွှတ်တော်ရဲ့ နည်းဥပဒေကို နည်းနည်းပြန်ပြီးတော့ ဖတ်ကြည့်ပါ။

**အချိန်၊ ၁၂း၀၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၀။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် လေးမျက်နှာမြို့နယ်၊ ချောင်းစုရွာမှ မစန်း ၏ အမှုကိစ္စနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာကော်မတီ၏ စစ်ဆေးတွေ့ရှိချက်အပေါ်ကို ကျွန်တော်ထောက်ခံဆွေးနွေးပါမယ်။ အစီရင်ခံစာထဲမှာ ပါရှိသည့်အတိုင်းပဲ မစန်း ဟာ တရားဥပဒေအကာအကွယ်၊ လူ့အခွင့်အရေး၊ လူမှုရေးအခွင့်အရေးနှင့် နိုင်ငံသားများ၏ အခွင့်အရေးများကို လုံး၀ခံစားခွင့်မရှိတာကို ၀မ်းနည်းစွာ တွေ့ရမှာဖြစ်ပါတယ်။ လွတ်လပ်ရေးမရမီ အချိန်ကာလ၌ သာလျှင် ငွေရေးကြေးရေးရှင်များဖြစ်ကြတဲ့ ချစ်တီးတွေက ဆင်းရဲသားများ ဖြစ်ကြတဲ့ မြန်မာ တောင်သူလယ်သမားများအပေါ်မှာ မတရားသဖြင့် မြေသိမ်းတဲ့ကိစ္စ၊ ယာသိမ်းတဲ့ ကိစ္စဖြစ်ခဲ့တဲ့ အကြောင်းကို ကျွန်တော်တို့ ကြားသိရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု မစန်း အမှုမှာပါ၀င်တဲ့ တရားသူကြီးများ အပါအ၀င် ဇာတ်ဆောင်များ အားလုံးဟာ မြန်မာတိုင်းရင်းသားလူမျိုးများသာ ဖြစ်ပြီး၊ မုဆိုးမ မစန်း အပေါ် တစ်ဖက်သတ် ဥပဒေ အကာအကွယ် မရရှိခြင်းမှာ အံ့ဩစရာကောင်းတယ်လို့ ကျွန်တော်မြင် ပါတယ်။ တရားရေးမဏ္ဍိုင် အားနည်းချက် ယိမ်းယိုင်လျက်ရှိတယ်လို့လည်း ကျွန်တော်တွေ့မြင် ရပါတယ်။ အလားတူ ကိစ္စဟာ လေးမျက်နှာမြို့နယ်တစ်ခုတင် မဟုတ်ဘဲ။ ကျွန်တော်တို့ သွားတဲ့ လာတဲ့ နေရာတိုင်းမှာ ဥပမာ ကျွန်တော်ဆို မင်းတပ်၊ မတူပီမြို့နယ်မှာ ကျွန်တော်သွားရောက်တဲ့ အခါမှာ မကြာခင်ဘဲ ကျွန်တော် မတူပီ မြို့နယ်မှာ ဒီအလားတူ ကိစ္စကို ကျွန်တော်တွေ့ခဲ့ပါတယ်။ သို့သော် ဒီပုဂ္ဂိုလ်ဆန်သော ကိစ္စများဖြစ်တဲ့ အတွက် တရားရုံးဌာနတစ်ခုကို ပုတ်ခတ်ရာကျတဲ့ အတွက် ဒီကိစ္စကို ကျွန်တော် မဆွေးနွေးတော့ပါဘူး။ ဒါပေမယ်လို့ တရားရေးကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေဖြင့် အရေးယူရန်လိုအပ်နေကြောင်းကို ကျွန်တော် တင်ပြဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါ်မစန်း အမှုကိစ္စအပေါ်မှာ အစီရင်ခံစာအပေါ်မှာ အသေးစိတ်ဖော်ပြပြီး ဖြစ်တဲ့အတွက် ကျွန်တော် မစန်း ကိစ္စကို ကျွန်တော် မဆွေးနွေးတော့ပါဘူး။ ကျွန်တော် ဆွေးနွေးလို တာက ပြည်သူ့ကိုယ်စားလှယ်များဖြစ်တဲ့ လွှတ်တော်များ၏ မေးခွန်း၊ အဆိုများအပေါ်မှာ သက်ဆိုင်ရာ ဌာနအကြီးအကဲများက ပြန်လည်ဖြေကြားတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်၏ ဂုဏ်သိက္ခာ ကျဆင်းစေတဲ့ကိစ္စပေါ်ပေါက်ခြင်း၊ လွှတ်တော်၏ ဂုဏ်သိက္ခာကို ကျဆင်းစေတဲ့ကိစ္စများ၊

ပြည်သူများ၏ အထင်အမြင် လွဲမှားစေတဲ့ကိစ္စများ ပေါ်လာတဲ့ကိစ္စရှိတဲ့အတွက် ကျွန်တော် ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ဆွေးနွေးပါမယ်။

၁၂-၇-၂၀၁၂ ရက်နေ့မှာ အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့၌ ရန်ကုန်တိုင်း အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု က မစန်း ၏ အမှုကို ကြယ်ပွင့်ပြ မေးခွန်းနဲ့ မေးရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ခရိုင်တရားရုံး အဆုံးအဖြတ် မှန်ကန်ကြောင်း တင်ပြခဲ့သည့်အပြင် နှစ်ဖက်ရှေ့နေ၊ ရှေ့ရပ်များရှေ့မှောက်၌ သက်သေထွက်ဆို ချက်များကို ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်ထားပြီးဖြစ်၍ ဖြစ်စဉ်ဖြစ်ရပ်များကို ပိုမိုတိကျခိုင်မာရေး အတွက် နောက်ထပ် စုံစမ်းစစ်ဆေးရန် မလိုအပ်ပါသဖြင့် စုံစမ်းစစ်ဆေးမှုပြုရန် အစီအစဉ် မရှိကြောင်း ဖြေကြားခဲ့ပါတယ်လို့ ဖြေကြားတာကို ကျွန်တော်တို့ ကြားရပါတယ်။ အဲဒီ ကြားတဲ့အခါမှာ ကျွန်တော်ခံစား ရပါတယ်။ ကျွန်တော် ဒုတိယအကြိမ် ခံစားရတာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ပထမအကြိမ်တုန်းက ကျွန်တော်ကိုယ်တိုင် ခံစားရတယ်။ အခုတော့ ဦးနု ရဲ့ မေးခွန်းကို အထက်က အဲဒီလို ဖြေကြားတာကို ကျွန်တော် ခံစားရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထိုကဲ့သို့ ဖြေကြားတဲ့ အပေါ်မှာ သုံးသပ်တဲ့အခါမှာ မေးမြန်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မဟုတ်မမှန်တဲ့ ကိစ္စကို လွှတ်တော်မှာ မေးမြန်းတဲ့သဘောမျိုး သက်ရောက်စေတဲ့အပြင်၊ မေးမြန်းသူ လွှတ်တော်ကိုယ်စားလှယ် အပြင် လွှတ်တော်တစ်ခုလုံးကိုလည်း သိက္ခာထိခိုက်စေတဲ့အမြင်မျိုး၊ လွှတ်တော်ဟာ မလိုအပ်သော ကိစ္စကို ဆောင်ရွက်နေသလိုလို ဖြစ်စေတဲ့ ကျွန်တော်မြင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဥက္ကဋ္ဌကြီးရဲ့ အမိန့်အရ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ရှုလေ့လာတဲ့အခါမှာ တရားရုံးများ၏ လိုအပ်ချက် အချက်အလက်များစွာ တွေ့ရှိရပါလျက် နောက်ထပ် စုံစမ်းစစ်ဆေးပေးရန် မလိုအပ်ပါဟု ဖြေကြားခြင်းသည် နိုင်ငံတော်က သွားနေသော မဏ္ဍိုင်(၃)ရပ်ကို တရားရုံးက မျက်ကွယ်ပြုတယ်လို့ ကျွန်တော် မြင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်က သက်ဆိုင်ရာဝန်ကြီးဌာနကို ပို့လိုက်တဲ့ မေးသည့်မေးခွန်း၊ အဆိုများကို ဥက္ကဋ္ဌက လက်မှတ်ထိုးပြီး ပြည်ထောင်စုအစိုးရက သမ္မတ ကိုယ်စား လက်မှတ်ထိုးပြီး တစ်ဆင့်ပြီးတစ်ဆင့် ပို့ရသောစာများ ဖြစ်ပါတယ်။ အဲဒါကို လွယ်လင့်တကူ ဌာနဆိုင်ရာတချို့က လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်ကို အဆင်ပြေရင် ပြေသလို ဖြေကြားခြင်းမျိုးဟာ ဒီလွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ခံစားရပါတယ်။ ပထမခံစားချက်ဆိုတာကို အလျဉ်းသင့်လို့ ဥက္ကဋ္ဌကြီး ကျွန်တော်ရှင်းပြပါရစေ။ ကျွန်တော်ပထမအကြိမ် လွှတ်တော်တုန်းက ဒီအမှုနဲ့တော့ မဆိုင်ဘူး။ ဒါပေမဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးခွန်းကို ခံစားရတဲ့ အကြောင်းကို ကျွန်တော် ဆွေးနွေးခြင်း ဖြစ်ပါတယ်။ မတူပီနဲ့ ပလက်ဝကို ကားလမ်းဖောက် ပေးပါလို့ ကျွန်တော်အဆိုပြုတဲ့အခါမှာ ထိုစဉ်က ဝန်ကြီးက မတူပီနဲ့ ပလက်ဝကားလမ်း ဖောက်စရာ မလိုဘူး။ ရခိုင်ပြည်နယ်က ကျောက်တော် - မင်းပြား။ မကွေးတိုင်းက မင်းဘူး - မကွေး - ပခုက္ကူ - ကျောက်ထု၊ ဂန့်ဂေါကနေ စစ်ကိုင်းတိုင်းက ကလေးမြို့ကနေ သွားလို့ရပါတယ်လို့ ဖြေတယ်။ ဖြေတဲ့ အခါမှာ ကျွန်တော်ဟို ပြန်ရောက်တော့ မသိတဲ့သူတွေကလည်း ခင်ဗျားကလည်း ဘာလျှောက် မေးသလဲတဲ့။ လမ်းရှိရဲ့သားနဲ့ ခင်ဗျားကဘာတွေ လျှောက်မေးသလဲလို့ တချို့က ချင်းပြည်နယ် ဘယ်မှာရှိမှန်းမသိတဲ့ လူတွေက မေးတယ်။ သိတဲ့လူတွေကလည်း ကျွန်တော်ကို ဒီလိုဖြေတာဟာ ဘယ်လိုလဲလို့

ကျွန်တော်ကို အထင်သေးတဲ့အနေနဲ့ ဝန်ကြီးက ခင်ဗျားတို့ လွှတ်တော်ကိုယ်စားလှယ် တွေလည်း ဂရုမစိုက်ဘူးလို့ ဖြေတဲ့အခါမှာလည်း ဂရုမစိုက်တဲ့ ပုံသဏ္ဌာန်မျိုး ကျွန်တော်ကို မေးတဲ့အခါမှာ ကျွန်တော် တော်တော်ခံစားရတယ်။

အဲဒါကြောင့် အလားတူ ဒုတိယအကြိမ် အဲဒီမေးခွန်းမျိုးကို ဦးနု က မေးတဲ့အချိန်မှာ အဲဒီလို တရားလွှတ်တော်ချုပ်တရားသူကြီးက ဖြေကြားတဲ့အခါမှာ ကျွန်တော် ဒုတိယအကြိမ် ခံစားခြင်း ဖြစ်တယ်လို့ ကျွန်တော် ဆွေးနွေးခြင်း ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတုန်းက ဦးနု တင်ပြ ဆွေးနွေးတုန်းက ဦးနုက မစန်း ကို သနားသလား။ မဟုတ်ရင် အမှုကိစ္စများကို ရင်နာလွန်းလို့လား မသိဘူး။ ဆွေးနွေးတဲ့ အချိန်မှာ သူ မဆွေးနွေးနိုင်ဘဲ ရင်ဆို့နေတာကို ကျွန်တော်သတိပြုမိပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ သို့သော် လွှတ်တော်အတွက်ကို ဥက္ကဋ္ဌကြီးက သဘောထား ကြီးစွာဖြင့် ပြည်သူတို့ တစ်ဦးတစ်ယောက် မည်သူ့ကိုမဆို ဥပဒေနှင့်အညီ ဥပဒေအကာအကွယ် ရစေ လိုသော စေတနာကြောင့် ပြည်သူများ၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီကို အမှုမှန် ပြန်လည်တင်ပြရန် တာဝန်ပေးသည့်အတွက် ဥက္ကဋ္ဌကြီးကို အထူးဂုဏ်ယူလေးစားမိပါကြောင်း ဖော်ပြ လိုပါတယ်။ ပြည်သူများ လိုလားချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသလို ယခုကော်မတီ၏ အစီရင်ခံစာသည် လွှတ်တော်၏ ဂုဏ်ကို မြှင့်တင်စေတယ်လို့ ကျွန်တော်မြင်ပါတယ်။ ကော်မတီကို လည်း ကျေးဇူးတင်သလို မရှက်မကြောက်ဘဲနဲ့ အကြိမ်ကြိမ် တင်ပြသော ဦးနု ကိုလည်း ကျွန်တော် ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။

ယခုအဆိုဟာ အမျိုးသားလွှတ်တော်မှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်း ကြောင်းအဆို ပထမအကြိမ်ဖြစ်သောကြောင့် တကယ်တိုက်တွန်းရန်လိုအပ်သော အဆိုဖြစ်တယ်လို့ လည်း ကျွန်တော်ယုံကြည်ပါတယ်။ ဒါကြောင့် ကျောင်းစုရွာမှ ဒေါ်စန်း ၏ တိုင်ကြားစာကိစ္စအား ကွင်းဆင်း စစ်ဆေးတင်ပြချက် အစီရင်ခံစာအား ဆက်လက်အရေးယူသင့်ပါကြောင်း ကျွန်တော် ချင်းပြည်နယ် အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် က လေးလေးနက်နက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၂း၁၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်း မေးမြန်းတာနဲ့ ပတ်သက်လို့ နည်းဥပဒေ ၁၁၆ မှာ (ဃ) ဖြေကြား သော အဖြေကို ရှင်းလင်းစေရန် အလို့ငှာ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးမြန်းနိုင်သည်။ သို့ရာတွင် ယင်းမေးခွန်းသည် ဤနည်းဥပဒေများနှင့် ဆန့်ကျင်လျှင် ဥက္ကဋ္ဌက ခွင့်မပြုရ။ သတ်မှတ် ပြဋ္ဌာန်းထားပြီးသား ဖြစ်တဲ့အတွက် မေးဖို့လည်း ဥက္ကဋ္ဌက ပြောထားတယ်။ တစ်ယောက်ကမေးလို့ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်က ဖြေပြီးတဲ့အခါမှာ ဥက္ကဋ္ဌအနေနဲ့ အဲဒီလူကို လှမ်းကြည့်ပါတယ်။ လှမ်းကြည့်လို့ တစ်ခါတစ်လေ မမြင်လို့ရှိရင်လည်း ဒီမှာ မိုက်တောင်းလား ဆိုပြီးတော့ ကြည့်ပြီးတော့ ပေးတာရှိတယ်။ မေးခွန်းတွေ မေးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များ မေးနည်းပေါ့။ ဤသို့ဖြေလျှင် ဘယ်လို ပြန်မေးမလဲ။ မရှင်းတဲ့ မေးခွန်းကို မည်သို့ဖြေလျှင် ဘယ်လိုပြန်မေးမလဲ ပြင်ဆင်လာပြီးတော့မှ ဖြေတဲ့အပေါ် မူတည်ပြီးတော့မှ ထပ်ဆင့်မေးခွန်းတွေ မေးလိုက်ဖို့ တစ်ခါတည်း သင်ပေးလိုက်ပါတယ်။

**အချိန်၊ ၁၂း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၉။**

**ဦးသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော် ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးတင်ပြမှာကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)က ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ ဦးအောင်ငြိမ်း ရဲ့ တင်ပြချက်ဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကိုးတဲကျေးရွာအုပ်စု၊ ကျောင်းစုရွာမှ ဒေါ်စန်း၏ အမှုကိစ္စကို ကွင်းဆင်း စစ်ဆေး တင်ပြချက် အစီရင်ခံစာမှာ ကော်မတီရဲ့ အကြံပြုတင်ပြချက်အပေါ် အထူးအလေးထား အကောင်အထည်ဖော် ဖြေရှင်းဆောင်ရွက်သွားနိုင် ပါရန် အဆိုကို ကျွန်တော်က ထောက်ခံဆွေးနွေးပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ တင်ပြ ဆွေးနွေးချက်ဟာ မည်သူ့ကိုမျှ သာစေ၊ နာစေရယ်လို့ ရည်ရွယ်ချက် မဟုတ်ဘဲ တရားရေးမဏ္ဍိုင်ကြီး ခိုင်မာစေဖို့နဲ့ တရားသူကြီးများအပေါ် ပြည်သူများက လေးစား ယုံကြည်မှု ရှိစေလိုတဲ့ဆန္ဒနဲ့ ပြည်သူတို့ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာ အပေါ်မှာသာလေ့လာပြီး တင်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဖြစ်စဉ်ကတော့ တရားလို ဦးစိုးဝင်း နဲ့ ဒေါ်စန်း၏ ခင်ပွန်း ဦးမောင်ပြုံးတို့ဟာ မကွယ်လွန်မီက ငွေချေးငှားခြင်းများကိစ္စကို ပြုလုပ်ခဲ့ကြပြီး ဦးမောင်ပြုံး ကွယ်လွန်သွားပြီးကာမှ ဦးမောင်ပြုံး ရဲ့ဇနီး ဒေါ်စန်းက တရားလို ဦးစိုးဝင်း နဲ့ ဦးမောင်ပြုံး တို့ အကျိုးတူ စီးပွားဖက် ငွေချေးငှားခြင်းသာ ပြုလုပ်ကြောင်း ငြင်းဆိုကြတဲ့နေရာကနေပြီးတော့ ပေါ်ပေါက်လာရတဲ့ မှုခင်းဖြစ်ရပ် ဖြစ်ပါတယ်။

ဒီနေရာမှာ အမှန်ပဲ အကျိုးတူ ငွေချေးငှားခြင်းလား။ တစ်ဆင့်ခံ ငွေချေးငှားခြင်းလား ဆိုတာကိုတော့ ထင်သာမြင်သာအောင် ဖော်ပြထားခြင်းမရှိတာကို တွေ့ရှိရပါတယ်။ တရားသူကြီး ဆိုတာဟာ ပြည်သူများရဲ့ အကျိုးခံစားခွင့်များ မနစ်နာ မဆုံးရှုံးရလေအောင် ဘက်လိုက်ခြင်း ကင်းစွာနဲ့ တရားရေးမဏ္ဍိုင်ကြီး မတ်မတ်ခိုင်အောင် ပြည်သူများရဲ့ ယုံကြည်အားကိုးမှုကို ရရှိလေ အောင် ဖြောင့်မတ် တည်ကြည်စွာ စီရင်ကြရမယ့် ပုဂ္ဂိုလ်ကြီးများ ဖြစ်တယ်ဆိုတာကို ပြည်သူများက သိထား ပြီးလည်း ဖြစ်ပါတယ်။ ဒါပေမယ့်လည်း တရားရှုံး ဒေါ်စန်းရဲ့ မှုခင်းအကြောင်းအရာကို လေ့လာ ကြည့်တဲ့နေရာမှာ အောက်ပါအတိုင်းပဲ တွေ့ရှိရပါတယ်။ ငွေချေးပြီးတော့ ပြန်လည်ပေးဆပ် ခြင်းမရှိသူ၊ ဦးမောင်စစ် အပေါ် တရားစွဲဆို အပြစ်ပေးအရေးယူခြင်းမျိုး မဟုတ်ပဲ ငွေချေးကြောင်း သက်သေခံမှု ပြုမိတဲ့ ဦးမောင်ပြုံး ကွယ်လွန်ခဲ့၍ ကျန်ရစ်သူဇနီး၊ လယ်လုပ်ကိုင်စားသောက်သူ ဒေါ်စန်း ကို ချေးထားတဲ့ငွေ ပေးလျော်စေတဲ့အပြင် အိမ်ခြံမြေ သိမ်းစေသည်အထိ စီရင်ဆုံးဖြတ်ခြင်းနှင့်အတူ ငွေပေးဆပ်ရန် ဒီကရီအတွက် မရွှေ့ပြောင်းနိုင်သောပစ္စည်းကို လေးမျက်နှာမြို့နယ်တရားရုံးက

သိမ်းဆည်း၊ ဝရမ်းကပ်၊ လေလံတင်ရောင်းချရာမှာ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၁၃ ပါ ပြဋ္ဌာန်းချက်များကို ဂရုပြုလိုက်နာခြင်းမရှိဘဲ ဆောင်ရွက်ထားတာကို တွေ့ရှိရ ပါတယ်။

ဒါ့အပြင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၆၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(ခ)နဲ့(ဂ)မှာ ဖော်ပြထားတဲ့ တောင်သူလယ်သမားများ ပိုင်တဲ့ လယ်လုပ် ကိရိယာတန်ဆာများ ကျွဲ၊ နွား၊ မျိုးစေ့နဲ့ တောင်သူလယ်သမား လက်ရှိနေထိုင်တဲ့ အိမ်နဲ့ အခြားအဆောက်အဦပါ မြေများ အပါအဝင်ကို ဝရမ်းကပ်ခြင်း၊ ရောင်းချခြင်း မခံထိုက်စေရလို့ တောင်သူလယ်သမားများရဲ့အကျိုးကို ကာကွယ်ထားတဲ့ အတိအလင်း ဖော်ပြထားတာကို မျက်ကွယ်ပြုပြီးတော့ ဆောင်ရွက်ပြီး တရားလက်လွတ် ၄က်အတောင်ကျွတ်အောင် ဆောင်ရွက်သကဲ့သို့ ဖြစ်နေတာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် ဟသ်ာတမြို့နယ် ခရိုင်တရားသူကြီးများ အဆက်ဆက်ကလည်းပဲ ၁၉၄၅ ခုနှစ်၊ ငွေတိုးချေးစားသူများ အက်ဥပဒေပုဒ်မ ၉ အရ ဦးစိုးဝင်း သည် ငွေတိုးချေးစားခွင့် မှတ်ပုံတင်ထားခြင်းမရှိဘဲ ဖြစ်နေတဲ့အတွက် တရားရုံးက ချေးငွေအတွက် ဒီကရီ ချပေး၍ မရကြောင်းကို သိရှိပါလျက်နဲ့ မူလတရားရုံးက ချမှတ်တဲ့ ဒီကရီ (၁၂)သိန်း(၂)သောင်းအစား ငွေကျပ်(၁၀)သိန်း (၅)သောင်းကို စရိတ်နဲ့တကွ ပေးဆပ်စေရန် ပြောင်းလဲချမှတ်ခြင်းသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၃၄ နဲ့ တရားရုံးများလက်စွဲအပိုဒ် ၁၇၃ ကို ကိုက်ညီခြင်းမရှိဘဲ ဆုံးဖြတ်ထားတာကို တွေ့ရပါတယ်။

ဒါ့အပြင် ချေးငွေအပေါ် အတိုးနှုန်းသတ်မှတ်တဲ့နေရာမှာလည်းပဲ (၁)နှစ်မှာ (၉)ရာခိုင်နှုန်း ထက်မပိုစေရကြောင်း အကြိမ်ကြိမ်အရစ်ကျ ပေးဆပ်ထားတဲ့ ချေးငွေအလိုက် တွက်ချက်ပြီး အတိုးငွေဟာ (၅၀၂၅၀) ကျပ်သာ ဖြစ်ရမယ်ကို သိရှိသူများ ဖြစ်ကြပါသော်လည်းပဲ ဥပဒေကို မျက်ကွယ်ပြုပြီး ဆုံးဖြတ်ထားခြင်းသည် တရားရှုံး ဒေါ်စန်း အပေါ်မှာ မြေနိမ့်ရာ လှံစိုက် လေသလား ဖြစ်ခဲ့ရပါတယ်။ အိမ်ခြံမြေကို ဝရမ်းကပ်ရောင်းချခြင်းအတွက် ဒီကရီကို အတည်ပြု ပေးရန် လျှောက်ထားတဲ့နေရာမှာလည်းပဲ မြေစာရင်းဌာနရဲ့ ပုံစံ (၁၀၅) ကို တင်ပြရမှာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဦးစိုးဝင်း က တင်ပြနိုင်ခြင်းမရှိဘဲ တရားရှုံး ဒေါ်စန်း ပိုင် အိမ်ခြံမြေ ရဲ့ မြေခေါ် ပြေစာလေးကို ရ.ယ.က ရဲ့ ထောက်ခံချက်တစ်ခုတည်းဖြင့်သာ တင်ပြပြီး တရားရုံးက ပညတ်မိန့်ထုတ်ဆင့်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

မရွှေ့ပြောင်းနိုင်သောပစ္စည်း အပ်ဝရမ်း အတည်ပြုရာမှာ ဘီလစ်စာရေးကိုသာ ဆောင်ရွက်ခွင့်ပေးရမှာ ဖြစ်သော်လည်းပဲ ဒီအချိန်မှာ အငယ်တန်းစာရေးဟာ ခွင့်(၃)ရက်ယူထားတဲ့အတွက် အပ်ဝရမ်း အတည်ပြုပေးဖို့ အငယ်တန်းလက်နှိပ်စက်စာရေးကို တရားသူကြီးက နှုတ်မိန့်ဖြင့် တာဝန်ပေးပြီး အိမ်အပ်ဝရမ်းကိစ္စ ဆောင်ရွက်စေခြင်းဟာလည်း ဥပဒေနဲ့ လွဲမှားနေမှုတွေ ဖြစ်နေပါတယ်။ အငယ်တန်းလက်နှိပ်စက်စာရေးကလည်း ဒေါ်စန်း အိမ်ပေါ်မှာရှိတဲ့ ပစ္စည်းများကို ဖယ်ရှားရန်အတွက် ရဲအကူအညီပါခေါ်ပြီး အလုပ်သမားများနှင့် လုပ်အားဖြင့် အိမ်ပေါ်မှာ ရှိတဲ့ ပစ္စည်းများဆွဲချပြီး လမ်းပေါ်မှာ စုပုံထားခြင်း အိမ်အပ်ဝရမ်း အတည်ပြုရာမှာလည်းပဲ ပါဝင်ခြင်းမရှိတဲ့ ပစ္စည်းလွှဲအပ်ပေးရာမှာ မပါဝင်တဲ့ သစ်ခွဲသားများကိုပါ တရားနိုင် ဦးစိုးဝင်း က သယ်ယူသွားခြင်းကို မသိသလိုနဲ့ တားမြစ်မှုမရှိ ဖြစ်နေတာကို တွေ့ရပါတယ်။

တစ်ခါ အိမ်အပ်နှံပေးပြီး ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနဲ့ အငယ်တန်းလက်နှိပ်စက်စာရေး တို့ဟာ တရားနိုင် ဦးစိုးဝင်း ရဲ့ နေအိမ်မှာ ထမင်းဝိုင်းဖွဲ့စားသောက်ကြပြီး ပြန်ကြခြင်းသည် တစ်ဖက်သတ် ဆောင်ရွက်မှုပြီးစီးလို့ အောင်ပွဲခံကြတဲ့သဘောမျိုး သက်ရောက်နေပါတယ်။ ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု က လယ်သမား ဒေါ်စန်း အပေါ် တရားစီရင်မှု မမျှတခြင်းအတွက် လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးခဲ့ရာမှာ လည်းပဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက မြို့နယ်နဲ့ ခရိုင်တရားရုံး တို့ရဲ့ ဆောင်ရွက်ချက်များဟာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့ ညီညွတ်နေတာဖြစ်တဲ့အတွက် တရားရုံး များရဲ့ ဆောင်ရွက်ချက်အပေါ် ပြန်လည်ပြင်ဆင်ပေးရန် လိုအပ်မည်မဟုတ်ကြောင်း ဖြေကြားခဲ့ ပါတယ်။ ဒေါ်စန်း ဟာ ဥပဒေကြောင်းအရ ကုစားခွင့်မရဘဲ များစွာ နစ်နာမှုရှိနေတာကို တရားရုံးချုပ် တရားသူကြီးက လေ့လာသုံးသပ် ဆင်ခြင်မှုကို မပြုဘဲ ပေါ့လျော့စွာနဲ့ပဲ ဖြေကြားခဲ့ခြင်းမျိုးကို တွေ့ရှိရ ပါတယ်။

ဖြစ်ရပ်အားလုံးကို ခြုံငုံပြီးသုံးသပ်ရမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၇ မှာ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည် ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၅၇ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ မဆန့်ကျင်ဘူးဆိုရင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနဲ့ အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများ အတွက် ဥပဒေအရ အကာအကွယ်ပေးရမည် ဟူ၍လည်းကောင်း ပုဒ်မ ၂၁(က)မှာ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် တန်းတူညီမျှ အခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှု အခွင့်အရေးတို့ကို ခံစားခွင့်ရှိသည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၄၄ မှာ လူ့သိက္ခာ ညှိုးနွမ်းသေးသိမ်စေသည့် ပြစ်ဒဏ်ပြဋ္ဌာန်းခွင့် မရှိစေရဟူ၍ အတိအလင်း ပြဋ္ဌာန်းထားပါသော် လည်းပဲ တရားရုံး ဒေါ်စန်း ၏ အမှုကို ကိုင်တွယ်စီရင်ဆုံးဖြတ်ကြသည့် တရားရေးဝန်ထမ်းနဲ့ တရားသူကြီး အဆက်ဆက်တို့သည် လူလူချင်းညှာတာထောက်ထားမှု ကင်းမဲ့စွာဖြင့် တည်ဆဲဥပဒေ များကို မျက်ကွယ်ပြု၍ တရားလက်လွတ် စီရင်ဆုံးဖြတ်ခဲ့ကြပေသည်။ လူ့အခွင့်အရေးများ ဆုံးရှုံး၍ အိုးအိမ်အဖျက်ခံရပြီး အသိုက်အမြုံပျောက်လို့ လမ်းပေါ်ရောက်အောင် ပြုရက်နိုင်ကြပေသည်။

တရားစီရင်ရေးအာဏာကို စွဲကိုင်၍ တရားရေးမဏ္ဍိုင်ကြီး မတ်မတ်ခိုင်အောင် ဘက်လိုက်ခြင်းကင်းပြီး ပြည်သူများအကျိုးကို ရှေးရှုကာကွယ်ပေးရမည့်အစား ရေနစ်သူကို ဝါးကူထိုးပေးသလို ဖြစ်သွားခဲ့ပါပြီ။ နိုင်ငံတော်သမ္မတကြီး အာဏာလွှဲပြောင်းယူစဉ်က ယနေ့ထိ၊ Clean Government, Good Governance ဖြစ်စေရန် နိုင်ငံ့ဝန်ထမ်းများ အားလုံး အထူးအလေးထား ဆောင်ရွက်ကြရန် Human Rights များ မဆုံးရှုံးမနစ်နာအောင် ဥပဒေဘောင် အတွင်းက ဆောင်ရွက်ကြရမည်ဟု မိန့်ခွန်းခြွေခဲ့တာတွေကိုလည်း အလေးဂရုမပြုဘဲ တရားရေး မဏ္ဍိုင် ယိုင်နဲ့အောင် ကိုင်လှုပ်နေကြပေသည်။

ဒါကြောင့် ပြည်သူတို့၏ တိုင်ကြားစာနဲ့ အသနားခံစာကော်မတီ၏ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာပါအတိုင်း ပြည်သူတို့၏ အားကိုးယုံကြည်မှုမရှိသော တရားရေးမဏ္ဍိုင်ကြီး ဖြစ်မသွားရ

လေအောင် မည်သူ့တွင် တာဝန်ရှိသည်ကို ပွင့်လင်းမြင်သာစွာ ဖော်ထုတ်အရေး ယူသင့်ပါကြောင်း ထောက်ခံဆွေးနွေးရင်း တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီ။

[အစည်းအဝေးကို (၁၂း၃၀) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၃း၃၀) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၃၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၃၅။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်ပိုင်း ခွင့်ပန်ကြားမှုများရှိပါတယ်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးမြညိမ်း၊ ရန်ကုန်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြု ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၃း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးစိုင်းစံမင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၈။**

**ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ရှေးဦးစွာ ဂါရဝနှုတ်ခွန်း ဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံမင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးအောင်ငြိမ်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဥက္ကဋ္ဌ၊ ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့၊ ကိုးတဲကျေးရွာအုပ်စု ကျောင်းစုရွာမှ ဒေါ်စန်း ၏ အမှုကိစ္စအား ကွင်းဆင်းစစ်ဆေးတင်ပြချက် အစီရင်ခံစာတွင် ကော်မတီ၏ အကြံပြု တင်ပြချက်များအပေါ် အထူး အလေးထား အကောင်အထည်ဖော် ဖြေရှင်းဆောင်ရွက်သွားနိုင်ပါရန် ပြည်ထောင်စုတရားလွှတ်တော် ချုပ်အား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေး တင်ပြ သွားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါအမှုလိုပဲ ကျွန်တော်တို့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်တရားရုံးမှာ အမှုဖြစ်ပွားရင်ဆိုင်ရင်းနဲ့ အတိဒုက္ခရောက်သွားတဲ့ မိသားစု တစ်စုရဲ့ အဖြစ်ကို ကျွန်တော် တင်ပြဆွေးနွေးသွားပါမယ်။ အမှုရဲ့ ဖြစ်စဉ်ကတော့ မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်နေ ဒေါ်သန်းကြည် (ခ) ဒေါ်မွှေး က ဦးကျော်ဝင်း(ခ) လူစီယွမ် နှင့် ၎င်း၏ဇနီး ဒေါ်နန်းအီ တို့သည် တူမထံ အရေးတကြီး ငွေလိုအပ်နေ၍ဟု ပြောဆိုပြီး မြန်မာငွေကျပ် သိန်း(၂၀၀) နှင့် တရုတ်ယွမ်ငွေ(၁၀)သိန်းကို လိမ်လည်ရယူသွား၍ဟုဆိုကာ ၂၉-၁၀-၂၀၀၈ ရက်နေ့တွင် မူဆယ် မြို့နယ် တရားရုံး၌ ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့ရာ ပြစ်မှုကြီး အမှုအမှတ်၊ ၆၆၇/၂၀၀၈ အဖြစ် လက်ခံကြားနာခဲ့ပါတယ်။ ထိုအချိန်အခါက ဒေါ်နန်းအီ မှာ တစ်ဖက်နိုင်ငံသို့ ကိုယ်ရေးကိုယ်တာ ကိစ္စဖြင့် သွားရောက်နေချိန်ဖြစ်၍ တရားရုံးက ဒေါ်နန်းအီ ကို ဝရမ်းပြေးအဖြစ် သတ်မှတ်ခဲ့ကာ ဦးကျော်ဝင်း(ခ)လူစီယွမ် အား ထောင်ဒဏ်(၁၄)နှစ် ချမှတ်သော အမိန့်ကို ၂၂-၇-၂၀၀၉ ရက်နေ့မှာ ချမှတ်ခဲ့ပါတယ်။ ထိုအမှုကို အဆင့်ဆင့်အယူခံတက်ခဲ့ရာ တရားရုံးချုပ် မန္တလေးက မြို့နယ် တရားရုံး၏အမိန့်ကို ပယ်ဖျက်ကာ ထောင်ဒဏ်(၁၀)နှစ်အဖြစ် ပြင်ဆင်သတ်မှတ် ပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးကျော်ဝင်း(ခ)လူစီယွမ် ထောင်ဒဏ်ကျခံနေဆဲတွင် ဒေါ်သန်းကြည် (ခ)ဒေါ်မွှေး နှင့် ၎င်း၏ခင်ပွန်း ဦးဝင်းခင်တို့က ဦးကျော်ဝင်း(ခ)လူစီယွမ်နှင့် ၎င်း၏ဇနီး ဒေါ်နန်းအီ တို့ကို ပြစ်မှုတွင် လိမ်လည်ရယူသွားပါသည်ဟု အဆိုပြုခဲ့သောငွေကို ချေးငွေဖြစ်ပါသည်ဟု ထပ်မံ အဆိုပြုခဲ့ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းတရားရုံးတွင် ချေးငွေနှင့် နစ်နာကြေးငွေ ရလိုမှုဖြင့် စွဲဆိုခဲ့ရာ တရားမကြီးအမှု အမှတ် ၁၈/၂၀၀၉ ဖြင့် ကြားနာခဲ့ပါတယ်။ ယင်းအမှုတွင် တရားပြိုင်များဖက်က တရားလိုများထံသို့ ငွေတိုးဖြင့်ပေးသွင်းခဲ့ရသော စာရွက်စာတမ်း၊ သက်သေခံချက်များနဲ့ တရားပြိုင် များပိုင် မြေနှင့် အဆောက်အဦများကို အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး ပေးခဲ့ရကြောင်း အထောက်အထားများ တင်ပြထွက်ဆိုခဲ့သော်လည်း စာချုပ်စာတမ်းများမှာ မှတ်ပုံတင်စာချုပ် စာတမ်းများမဟုတ်၍ ထည့်သွင်းစဉ်းစားရန်မလိုဟုဆိုကာ တရားပြိုင်များ ငွေတိုးအမြောက်အများ ပေးခဲ့ရသည့်ကိစ္စကို လက်ခံစဉ်းစားခြင်းမပြုခဲ့ပါ။ အဲဒီနောက်မြန်မာငွေကျပ်သိန်း(၂၀၀)နှင့် တရုတ် ယွမ်ငွေ(၁၀)သိန်းအတွက် စုစုပေါင်း မြန်မာငွေကျပ်(၁၈၆၆)သိန်း၊(၆၆၀၀၀)အတိုး၊ (၅၆၃)သိန်း၊ (၃၃၀၀၀)၊ နစ်နာမှုလျော်ကြေး သိန်း(၅၀၀) စုစုပေါင်း(၂၉၂၉၉၀၀၀) ပေးဆပ်စေရန် အမိန့် ချမှတ်ခဲ့

ပါတယ်။ ယင်းအမိန့်ကို ရှမ်းပြည်နယ်တရားလွှတ်တော်တွင် ပထမအယူခံမှုအမှတ်၊ ၁၉ ဝင်ရောက်ခဲ့ရာ ရှမ်းပြည်နယ် တရားလွှတ်တော်က နစ်နာမှုလျော်ကြေး သိန်း(၅၀၀)နှင့် အတိုး (၅၆၃၃၃၀၀၀) ပေးအပ်စေရန် မူလရုံးက ချမှတ်သောအမိန့်ကို ပယ်ဖျက်ပြီး အရင်းငွေ (၁၈၆၆၆၆၀၀၀) ကိုသာ အမိန့်ချသည့်နေ့မှစ၍ အပြေပေးတဲ့နေ့အထိ တစ်နှစ်လျှင် (၁၈)ရာခိုင်နှုန်းအတိုးဖြင့် ပေးဆပ်စေရန် အမိန့်ချမှတ်ခဲ့ပါတယ်။ ယင်းအမိန့်ကို တရားလိုများ၊ တရားပြိုင်များ နှစ်ဖက်စလုံးက ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ခဲ့ရာ ရှမ်းပြည်နယ်တရားလွှတ်တော်၏ အမိန့်ကိုသာလျှင် အတည်ပြုပြီး အယူခံမှုများအား ပလပ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမှုတွင် တရားပြိုင်များဖက်က တရားလိုများသည် ငွေတိုးချစားသူများဖြစ်ကြောင်း သက်သေခံ စာရွက်စာတမ်းများ အခိုင်အမာတင်ပြဖော်ထုတ်ရာတွင် တရားလို များကိုယ်တိုင်က ငွေတိုးချစားသူများဖြစ်ကြောင်း ဝန်ခံထွက်ဆိုသော်လည်း တရားရုံးက တရားလို များကို ငွေတိုးချစားသူများအဖြစ် အသိအမှတ်မပြုခြင်း၊ တရားပြိုင်များပေးဆပ်ခဲ့ရသည့် ငွေတိုးနှင့် ပေးအပ်ခဲ့ရသော အိမ်ခြံမြေတို့ကို စာချုပ်စာတမ်းများ အခိုင်အမာတင်ပြခဲ့ပါလျက်နဲ့ အသိအမှတ် မပြုခဲ့ခြင်း ဖြစ်ပါတယ်။ တရားရုံးအဆင့်ဆင့်က ချေးငွေမှာ တရုတ်ငွေ ယွမ်(၁၀)သိန်းဟု အတိအလင်း အသိအမှတ်ပြုလက်ခံပြီးမှ ယင်းငွေကို မြန်မာငွေဖြင့် တန်ဖိုးသင့်၍ပေးဆပ်စေရန် အမိန့်ချမှတ်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ ၁၉၄၇ခုနှစ် နိုင်ငံခြားငွေလဲလှယ်မှုစည်းမျဉ်းဥပဒေပုဒ်မ ၅(၁)တွင် နိုင်ငံခြားငွေလဲလှယ်ရောင်းဝယ်ခွင့် ရရှိသူမှအပ မည်သူမှ နိုင်ငံခြားငွေ ကြီးကြပ်ရေးမှူး၏ ခွင့်ပြုချက် မရဘဲ နိုင်ငံခြားငွေလဲလှယ်ရောင်းဝယ်ခွင့် မရှိသူထံ နိုင်ငံခြားငွေချေးယူခြင်း၊ ချေးငှားခြင်း မပြုရဟု တားမြစ်ထားပါတယ်။ သို့သော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ချက်တွင် ချေးငှားသည့်ဒေသသည် တရုတ်ပြည်နယ်စပ် မူဆယ်မြို့တွင်ဖြစ်၍ ဒေသထုံးစံအရ ဆောင်ရွက်ခြင်းအပေါ် ချေးငွေပြန်လည်ပေးဆပ်ရန် မြန်မာငွေဖြင့် တန်ဖိုးသင့်၍ ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းသည် ဟု မဆိုနိုင်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး၊ တတိယနေ့မှာ လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်အပေါ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိုင်ငံခြားငွေကြေးနှင့် နယ်စပ်ဒေသတွင် ကိုင်တွယ်နေခြင်းကို သက်ဆိုင်ရာ ဌာနအားလုံးက ပူးပေါင်းတိုက်ဖျက်နေကြပါကြောင်းကို အိမ်နီးချင်းနိုင်ငံများ၏ ငွေကြေးကို မိမိနိုင်ငံငွေကြေးသဖွယ် သုံးစွဲနေခြင်းနှင့် လက်ဝယ်ထားရှိခြင်း ပြုနေသည့်ကိစ္စနှင့် ပတ်သက်၍ ယင်းအခြေအနေ ဖြစ်ပေါ်ရခြင်းသည် မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေကြေး ဈေးကွက် မဖွံ့ဖြိုးသေးခြင်း၊ လက်ရှိကျင့်သုံးနေသည့် ၁၉၄၇ ခုနှစ်၊ နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းဥပဒေကို ဖြေလျော့ဆောင်ရွက်နိုင်ခြင်းမရှိသေးခြင်း၊ နိုင်ငံခြားအကြား၊ နိုင်ငံအကြား ငွေကြေးနှင့် ဘဏ်လုပ် ငန်းဆက်သွယ်မှု အစီအမံများ အားနည်းနေခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ မိမိအိမ်နီးချင်း နိုင်ငံများ၏ ငွေကြေးအား မိမိနိုင်ငံ၏ငွေကြေးသဖွယ် သုံးစွဲနေခြင်းနှင့် လက်ဝယ်ထားရှိခြင်းများသည် တရားမဝင် လုပ်ဆောင်ချက်များ ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသများတွင် တရားမဝင် ငွေကြေးများကို နယ်စပ်ဖြတ်ကျော် သယ်ယူခြင်းနှင့် ပို့ဆောင်ခြင်းကိစ္စရပ်များသည် မြန်မာနိုင်ငံ၌ သာမက နယ်နိမိတ်ချင်း ထိစပ်နေသည့် နိုင်ငံအားလုံးတွင် ဖြစ်ပေါ်နေသည့် ငွေကြေးခဝါချသည့် ပြစ်မှု (Money Laundry of

Bank) ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ထိုကိစ္စရပ်များကို ငွေကြေး ဆိုင်ရာ အာဏာပိုင်များနှင့်အတူ သက်ဆိုင်ရာဌာန အားလုံးက ပူးပေါင်းပါဝင်တိုက်ဖျက် နေကြရပါကြောင်း အတိအကျ ဖြေကြားချက် အရ တရားရုံးအဆင့်ဆင့်တို့၏ အမိန့်သည် မှန်ကန်မှု ရှိ/မရှိ ပြန်လည်စစ်ဆေးသင့်ပါတယ်။ အဲဒီ အမှုဖြစ်ချိန်အခါက ကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံခြားငွေ တရားဝင်ကိုင်ဆောင်သုံးစွဲခွင့် မပြုသေးတဲ့ ကာလဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးအဆင့်ဆင့်တို့၏ ဆုံးဖြတ်ချက်တို့သည် ငွေတိုးကြီးချစားသူ များအား အကာအကွယ်ပေးနေသည်ဟု ဤသို့ ဖြစ်ရပါသည်။ ဦးကျော်ဝင်း(ခ)လူစီယွမ် မှာ ငွေတိုးချေးမိသည့် ကိစ္စတစ်ခုတည်းအတွက် နှစ်ရှည်ထောင်ဒဏ်ကျခံရခြင်း၊ ဇနီးဖြစ်သူဝရမ်းပြေး ဖြစ်သွားခြင်း၊ ၎င်းထောင်ကျခံနေရစဉ် ကာလတွင် ဖခင်ဖြစ်သူသေဆုံးသွားခြင်း၊ ချေးငွေအတွက် ၎င်းပိုင်မူဆယ်မြို့ရှိ Grand Hotel အဆောက်အဦကို ကာလပေါက်စျေးထက် များစွာနိမ့်ကျသော စျေးနှုန်းဖြင့် ၆-၆-၂၀၁၃ ရက်နေ့တွင် လေလံပစ် ရောင်းချခံရခြင်း စသည့်ကြီးမားသော နစ်နာ ဆုံးရှုံးမှုများ ခံစားနေရလျက်ရှိရာ ဦးကျော်ဝင်း ဟာ ထောင်ဒဏ်နှစ်ရှည်ကျခံပြီး၊ လျှော့ရက်နဲ့ Grand Hotel လေလံမပစ်မီ (၃)ရက်အလို ၃-၆-၂၀၁၃ ခုနှစ်မှာ လွတ်လာခဲ့ပေမယ့် ၎င်း၏ဇနီး ဒေါ်နန်းအိ ဟာ ဝရမ်းပြေးအဖြစ် ရှိနေတုန်းပါပဲ။ ဒေါ်နန်းအိ ကိုယ်တိုင် အမှန်တရားအတိုင်း စစ်ဆေးပေးမည် ဆိုပါက လာရောက်ရင်ဆိုင် ဖြေရှင်းသွားမယ်လို့ သိရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအမှုမှာ ဥပဒေမဲ့ ငွေတိုးချစားသူများအား တစ်ဖက်တစ်လမ်း ကနေ ပံ့ပိုးကူညီရာရောက်နေပါသဖြင့် တရားရုံးများသည် အမှန်တရားကို ဖော်ထုတ်ပေးသော ရုံးဌာန၊ တရားမျှတမှုကို ဖော်ဆောင်ပေးသောရုံးဌာန ဖြစ်ကြောင်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် အနေဖြင့် ဥပဒေနည်းလမ်းအတိုင်း ပြန်လည်တည့်မတ်ပေးနိုင်ရန် တရားစီရင်ရေးမဏ္ဍိုင်အပေါ် ပြည်သူတို့ အားကိုးယုံကြည်မှု မထိခိုက်မီ အောက်ခြေဖြစ်ရပ်မှန်များ ဖော်ထုတ်ပေးပါရန်နှင့် တာဝန် ရှိသူများအား ထိုက်သင့်သလို ပွင့်လင်းမြင်သာစွာ ဖော်ထုတ်အရေးယူသင့်ကြောင်း ဆွေးနွေးရင်း ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ အဆိုကို လေးလေးနက်နက် ထောက်ခံ ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၀။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ မင်္ဂလာပါခင်ဗျာ။ လေးစား အပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၀) ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော် ဦးမြင့်ထွန်း အနေနဲ့ ဒီ ဒေါ်မစန်း အမှုကို တိုတိုပဲ ဆွေးနွေးသွားမှာပါ။ ကျွန်တော်တို့ ဒေါ်မစန်း၊ ဒေါ်မစန်း အမှုလို့ဆိုတာထက် တရားရေးမဏ္ဍိုင်ကို အခြေခိုင်ဖို့အတွက် ဆွေးနွေးတာလည်း ဖြစ်ပါတယ်။ အဲဒီတော့ လွှတ်တော်ကလည်းပဲ ကွင်းဆင်းစစ်ဆေးပြီးတော့ ပြည်သူတွေ ထင်သာ မြင်သာရှိအောင် ကျွန်တော်တို့ ထိထိရောက်ရောက် ဆောင်ရွက်ဖို့ တင်ပြလိုပါတယ်။ တရားစီရင်ရေး ကဏ္ဍကလည်း လုပ်ဆောင်သင့်တဲ့အချက်တွေကို ဒါ တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီဖြစ်ရပ်မှာ

ကျွန်တော်တို့ ဘာလုပ်သင့်သလဲ။ ဘယ်သူတွေ တာဝန်ရှိသလဲ။ ဒါကို ကြည့်လိုက်တော့ တိုင်ကြားစာ ကော်မတီရဲ့ အစီရင်ခံစာမှာလည်း ပေါ်လွင်နေပါတယ်။ ရှေ့ကကိုယ်စားလှယ်ကြီးတွေလည်း ဆွေးနွေး သွားပြီး ဖြစ်ပါတယ်။ ကျွန်တော်အချက်(၁၃)ချက်ကို Slide လေးနဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။

Slide(1) ကျွန်တော်တို့ တရားလို ဦးစိုးဝင်း ဟာ လိုင်စင်မရှိဘဲနဲ့ ငွေတိုး ချေးစားတယ် ဆိုတဲ့အကြောင်းဟာ ဒါ ပေါ်လွင်ပါတယ်။ နောက်တစ်ခါ တူဖြစ်တဲ့ ကျေးရွာအုပ်ချုပ်ရေးဥက္ကဋ္ဌနဲ့ ပေါင်းပြီးတော့ တရားရှုံးရဲ့ အိမ်ကို ကြမ်းခင်းဈေး(၆)သိန်း သတ်မှတ်တဲ့အပြင် ဒါ သူ ဆုံးရှုံးတဲ့ ငွေတွေ ထက်လည်း ပိုပြီးတော့ အကျိုးခံစားသွားရတယ်ဆိုတာ ပေါ်လွင်ပါတယ်။ ဒါဟာလည်း ဥပဒေအရ ဟုတ်/မဟုတ် ပြန်ပြီးတော့ စိစစ်ဖို့လိုပါတယ်။ နောက် လေးမျက်နှာတရားရုံးဟာ အရင်းငွေ(၇)သိန်းမှာ အတိုး(၅၂၀၀၀၀) ဆိုပြီး တွက်ချက်တဲ့အတွက် ဥပဒေနဲ့ ညီ/မညီ ပြန်လည်စိစစ်ဖို့ လိုမှာပါ။ ဒါကြောင့်မို့ ဥပဒေနဲ့ ညီအောင် ကျွန်တော်တို့ ရှေ့လျှောက်ပြီးတော့ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေကလည်း ကြပ်မတ်သွားဖို့ လိုပါတယ်။ ဒါတွေလည်း ကိုယ်စားလှယ်ကြီးတွေလည်း ဆွေးနွေးသွားပြီဖြစ်ပါတယ်။ Slide(၃) မှာ ကျွန်တော်တို့ ဟင်္သာတခရိုင်တရားရုံးကလည်း အရင်းငွေ(၇)သိန်း၊ အတိုး (၃၅၀၀၀၀) တွက်ချက်တာလည်း ဥပဒေနဲ့ ညီသလား၊ မညီသလား ဒါတွေလည်း ပြန်စိစစ်ဖို့ လိုပါတယ်။ ဒါတွေလည်း ကိုယ်စားလှယ်တော်ကြီးတွေ ခုနက တင်ပြသွားတာ ဖြစ်ပါတယ်။

နောက် အသစ်ပြောင်းလဲ ရောက်ရှိလာတဲ့ ခရိုင်တရားသူကြီး ဦးမြင့်ဌေး ဟာ တရားနိုင် စိုးဝင်း အယူခံမတက်တဲ့ အမိန့်ကို ဆန့်ကျင်ပြီးတော့မှ အကျိုးသက်ရောက်စေဖို့အတွက် ဥပဒေနဲ့ အညီ မဆောင်ရွက်တာဟာလည်း ပြန်စိစစ်သင့်တယ်လို့ ကျွန်တော်ပြောလိုပါတယ်။ နောက်အချက်(၅) အနေနဲ့ တရားမကျင့်ထုံးအမိန့် ၂၁၊ နည်း ၁၃ Order နဲ့ Rule ပါ။ ပြဋ္ဌာန်းချက်တွေကို မလိုက်နာ တဲ့အပြင် တောင်သူလယ်သမားပိုင် ကိရိယာတန်ဆာပလာ၊ ကျွဲ၊ နွား၊ အိမ်၊ မြေ ဝရမ်းကပ်တာတို့၊ ရောင်းချတာတို့ ပြုဖို့ အမိန့်ချမှတ်လိုက်တဲ့ လေးမျက်နှာတရားရုံး တရားသူကြီးဟာ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၆၁(ခ)နဲ့(ဂ)တို့ကိုလည်း လိုက်နာမှု အားနည်းတာ ထင်ရှားပေါ်လွင်နေပါတယ်။ နောက် တစ်ချက်က ကျွန်တော်တို့ ရုံးမလာတာကို အကြောင်းပြုပြီးတော့ တရားရှုံးတွေရဲ့ နောက်ကွယ်မှာ ကြမ်းခင်းဈေး သတ်မှတ်လိုက်တဲ့အတွက် ဥပဒေနဲ့မညီတဲ့၊ ဥပဒေနဲ့အညီမဆောင်ရွက်တဲ့ လေးမျက်နှာ တရားသူကြီးကို ဥပဒေနဲ့ ညီ/မညီ အသေးစိတ် ကျွန်တော်တို့ ပြန်လည်စိစစ်ဖို့ လိုပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ တရားလိုက ချေးငွေ(၁၂၀၀၀၀) ဆိုပြီး တရားစွဲမှုကို ခွင့်ပြုတဲ့ လေးမျက်နှာမြို့နယ် တရားသူကြီးကို ဥပဒေနဲ့ ညီ/မညီ စိစစ်သင့်ပါတယ်။ နောက်တစ်ချက် ကတော့ ကျွန်တော်တို့ အယူခံမှုမှာ ဟင်္သာတခရိုင် ရုံးကလည်း (၁၀၅၀၀၀၀)ဆိုပြီးတော့ ပြင်လိုက် တာဟာလည်း စိစစ်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါလည်းရှေ့က ကိုယ်စားလှယ်တော်ကြီးတွေ တင်ပြပြီး သွားပါပြီ။ နောက် ဘီလစ်စာရေးကိစ္စ ဖြစ်ပါတယ်။ ဘီလစ်စာရေး ခွင့်(၃)ရက် သွားနေတာကို သူ မရှိ လို့ဆိုပြီး မခိုင်းသင့်တဲ့ အငယ်တန်းလက်နှိပ်စက်စာရေး သင်းသင်းခိုင် ကို ဘာဖြစ်လို့ တရားရှုံးအိမ်က ပစ္စည်းတွေ ဆွဲချခိုင်းရတာလဲဆိုတာ ဒါ အင်မတန်မှ ဥပဒေကို မလိုက်နာဘူးဆိုတာ သေချာသလောက် ဖြစ်ပါတယ်။ ဒီတာဝန်ဟာ ဘီလစ်စာရေးအစား ကိုယ်စားခိုင်းမယ်ဆိုလို့ရှိရင် အကြီးတန်းစာရေး တစ်ယောက်ကပဲ လုပ်လို့ ရပါတယ်။

ဒီနေရာမှာ ဥပဒေတွေ ကျွန်တော်တို့ ပြန်လေ့လာလိုက်တဲ့အခါမှာ အကြီးတန်းစာရေးဟာ သူလုပ်ရမယ့် တာဝန်တွေအပြင်ကို ဘိလစ်စာရေးမရှိရင် ခုလိုဆွဲချတဲ့ကိစ္စ လုပ်နိုင်တယ်လို့ ဖော်ပြထားပါတယ်။ အငယ်တန်းစာရေးကတော့ အထွေထွေလုပ်ငန်း အထူးသဖြင့် လက်နှိပ်စက်ရိုက်တာတို့၊ အပြင်မှာ စာရွက်တွေဝယ်တာတို့၊ ပို့တာတို့ အထွေထွေလုပ်ငန်းပဲ ဆောင်ရွက်နိုင်တယ်ဆိုတာ အတိအလင်းဖော်ပြထားတဲ့အတွက် ခိုင်းသူရော ပြုသူပါ ဥပဒေကိုမလိုက်နာကြောင်း ပေါ်လွင်နေပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ တရားလိုရဲ့တူပေါ့၊ အုပ်ချုပ်ရေးမှူးက တရားရုံးရဲ့ ပစ္စည်းတွေကို အိမ်မှာ ယူထားတယ်ဆိုတာကလည်း ဥပဒေနဲ့ ညီ/မညီ ဒါစိစစ်သင့်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တင်ပြချင်တာက တချို့ ဒီတရားရေးဝန်ထမ်းတွေနဲ့ ရဲတွေ၊ အုပ်ချုပ်ရေးမှူးတို့ဟာ ဒီပစ္စည်းတွေသယ်ပြီးတော့ အိမ်မှာ စားကြသောက်ကြတာဟာလည်း ပြည်သူအမြင်မှာ တရားရုံးတွေရဲ့ သိက္ခာကို ကျစေပါတယ်။ ဒါလည်းခုနက ကိုယ်စားလှယ်တော်ကြီး ဦးသန်းမြင့် ပြောသွားတဲ့အထဲမှာ ပါပါတယ်။

နောက်တစ်ချက်ကတော့ လွှတ်တော်မှာ ကိုယ်စားလှယ်တော်ကြီး ဦးနု ရဲ့ မေးခွန်းကို နောက်ထပ် စုံစမ်းဖို့မလိုတဲ့အကြောင်း ဒါတရားလွှတ်တော်ရုံးချုပ်ကဖြေသွားတာ ဒီကိစ္စဟာလည်း ဒါဥပဒေနဲ့အညီ မဆောင်ရွက်တဲ့ တရားရေးဝန်ထမ်းတွေကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အကာအကွယ်ပေးသလို ဖြစ်သွားနိုင်တဲ့အတွက် ဒါ အလေးအနက် ထားပြီးတော့ ပြန်လည်စိစစ်သင့်တယ်လို့ အကြံပြုလိုပါတယ်။ ဖြစ်နိုင်ရင်တော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တချို့တောင် ပါပြီးတော့မှ ပူးပေါင်းပြီးစိစစ်ရင် ထင်သာမြင်သာများ ရှိမလားလို့ ကျွန်တော် တွေးမိပါတယ်။

နောက်တစ်ချက်က အချက်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် က ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ ရက်စွဲနဲ့ ဒီကိစ္စကို အစိုးရအဖွဲ့ရုံးကို ပို့လိုက်ပါတယ်။ အဲဒီတော့ ပို့လိုက်တဲ့အခါမှာ အစိုးရအဖွဲ့ရုံးက အမှုတွဲကို (၁၄)လ၊ (၁၀)ရက်ကြာမှ ကျွန်တော်တို့ဆီကို ပြန်လာတာ ဖြစ်ပါတယ်။ ဒါလည်း လွှတ်တော်က မေးသင့်တယ်လို့ ကျွန်တော် ထင်ပါတယ်။ အစိုးရအဖွဲ့ရုံးက ဒီလို နောက်ကျပြန်ကြားတဲ့စာမှာလည်း ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် က ၁၆-၃-၂၀၁၂ ရက်နေ့ကတည်းက ဖြေရှင်းစာပါ ပူးတွဲလာတာဖြစ်တဲ့အတွက်ကြောင့် တိုင်းဒေသကြီးက ဖြေရှင်းတဲ့စာရပြီး တစ်နှစ်ကြာမှ လွှတ်တော်ကို အစိုးရအဖွဲ့က ၂၀၁၃ ခုနှစ်၊ မတ်လမှာ ပို့တာ ဒါစဥ်းစားစရာ ဖြစ်ပါတယ်။ အဲဒီတော့ ရက်စွဲကို သေချာကြည့်လိုက်ရင် ဒါဟာ ဥက္ကဋ္ဌကြီးကိုယ်တိုင်က ကွင်းဆင်း စစ်ဆေးဖို့ ဆိုပြီးတော့ လွှတ်တော်မှာ အမိန့်ချလိုက်ပြီးလို့ ဒါပို့တာ ဖြစ်တယ်။ အပူတပြင်း ပို့တာလို့ပဲ ကျွန်တော်တို့ ယူဆပါတယ်။ ဒါလည်း ပြည်သူတွေ အမြင်ကြည်လင်အောင် အစိုးရအဖွဲ့ကို မေးသင့်ပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ အမှုရုံးလို့ မကျေနပ်ရင် ဆင့်ကဲဆင့်ကဲ အထက်ရုံးကို အယူခံဝင်လို့ ရတာပဲဆိုပြီးတော့ လွယ်လွယ်စီရင်ဆုံးဖြတ်ကြတဲ့ အောက်ခြေတရားရုံးတွေကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက အမြဲတမ်းကြပ်မတ်နေဖို့ လိုပါမယ်လို့ ဒီလိုလည်း သွားပြီးတော့ ယူဆမိပါတယ်။ နောက်ဆုံးအချက်အနေနဲ့ ကျွန်တော်တို့လွှတ်တော်ဟာ သက်တမ်း လည်းနုတဲ့အပြင် နိုင်ငံတကာက၊ နောက်တစ်ခါ စာနယ်ဇင်းတွေ၊ မီဒီယာလောကတွေက အင်မတန်မှ

စိတ်ဝင်စားတဲ့အချိန် ဖြစ်ပါတယ်။ နောက် လွှတ်တော်က ပြည်သူတွေ ယုံကြည်ရမယ့် အဖွဲ့အစည်း လည်း ဖြစ်တဲ့အတွက်ကြောင့် သိက္ခာမြှင့်တင်ဖို့ လိုပါတယ်။ နောက် တရားရေးဝန်ထမ်းတွေကိုလည်း ပြည်သူက ယုံယုံကြည်ကြည် ဖြစ်စေဖို့ လိုပါတယ်။

ဒါကြောင့်မို့လို့ ဒီဖြစ်စဉ်ဖြစ်ရပ်ကို စံနမူနာပြု ဖြေရှင်းဆောင်ရွက်ပြဖို့ လိုပါကြောင်း တင်ပြ အပ်ပါတယ်။ ကျွန်တော် နိဂုံးချုပ်ရမယ်ဆိုရင်တော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလွှတ်တော်ဟာ တရား စီရင်ရေးကိစ္စ ဝင်ရောက်စွက်ဖက်ခြင်း မဟုတ်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁(က)နဲ့အညီ ခက်မကြီး(၃)ဖြာကို အချင်းချင်း အပြန်အလှန် ထိန်းကျောင်းပေးခြင်းသာ ဖြစ်တယ်ဆိုတာ သက်ဆိုင်တဲ့ ပုဂ္ဂိုလ်များ နားလည်သဘောပေါက်ပေးစေလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးတင်မြ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၀။**

**ဦးတင်မြ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာတဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ မင်္ဂလာပါလို့ ရှေးဦး ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့အဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ရှုထောင့် သုံး၊ လေးခု နဲ့ အကြံပြုဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ အဲဒီတော့ ဘယ်ရှုထောင့်တွေလဲဆိုရင် ဆွေးနွေးတဲ့ အပေါ်မှာ၊ အစီရင်ခံတင်ပြတဲ့အပေါ်မှာ သုံးသပ်လိုက်မယ်ဆိုရင် ဒီနေ့ တရားစီရင်ရေး အခြေအနေမှာ မစန်း ရဲ့ အမှုကိစ္စမျိုးလို အလားတူတွေများ ရှိနေတာတွေ တော်တော်များများ ရှိနေမလား။ ဒါ တစ်ချက်ပေါ့။ နောက်တစ်ချက်က ဒီလိုများ ဆက်လက်ရှိနေခဲ့တဲ့အမှုတွေ လွှတ်တော်ကို တစ်နည်းနည်းနဲ့၊ အားကိုးအားထားနဲ့ နောင်မှာရောက်လာခဲ့မယ်ဆိုရင် ကျွန်တော်တို့ ဘယ်လို စဉ်းစား သွားနိုင်ခွင့်၊ ဘယ်ဥပဒေအရ၊ ဘယ်အထောက်အထားအရ၊ ကျွန်တော်တို့ လွှတ်တော်က ဘယ်လို ရပ်တည်သွားနိုင်ခွင့် ရှိမလဲဆိုတဲ့ ရှုထောင့်နဲ့ပါ။ နောက်ဆုံး ဒီရှုထောင့်တွေကို ထည့်သွင်းစဉ်းစားတဲ့ အခါမှာ ကျွန်တော်တို့ရဲ့ အာဏာပိုင်အဖွဲ့အစည်း (၃)ရပ်ဖြစ်တဲ့ မဏ္ဍိုင်ကြီး(၃)ရပ်ကို အချင်းချင်း အပြန်အလှန်ညှိနှိုင်းပေါင်းစပ်တဲ့ ရှုထောင့်နဲ့၊ Check and Balance ရှုထောင့်နဲ့ ကျွန်တော်တင်ပြ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ပြည်သူတို့ရဲ့ တိုင်ကြားစာနဲ့ အသနားခံစာများ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ငြိမ်း ရဲ့ အစီရင်ခံတင်ပြတဲ့ အစီရင်ခံစာပါ စာမျက်နှာ ၂၂၊ အပိုဒ် ၂၁ မှာ ကျွန်တော်တို့ အကြံပြုချက် (၉)ခု၊ (က)ကနေ (ဈ)အထိ တင်ပြထားပါတယ်။ အဲဒီ တင်ပြ ထားတဲ့ (၉)ချက်မှာ (က)ဖြစ်တဲ့ (၁)နဲ့ (၂)ကို အထူးအလေးထားပြီးတော့ ကျန်တဲ့(၈)ချက်ကိုလည်း ခြုံငုံအကြံပြု ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ အစီရင်ခံတင်ပြချက် ကွဲလွဲခြင်း

မရှိအောင် ကျွန်တော် အပိုဒ် ၂၁ ကို ဖတ်ကြားတင်ပြပါမယ်။ ခွင့်ပြုပါလို့ ဥက္ကဋ္ဌကြီးထံ ပန်ကြားပါတယ်။

အဲဒီတော့ နိဂုံးချုပ်အကြံပြုတင်ပြချက်၊ အပိုဒ် ၂၁၊ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့အနေဖြင့် ယခု ဒေါ်မစန်း၏အမှုဖြစ်စဉ် အတွေ့အကြုံများအပေါ် မူတည်ပြီး တရားရေးမဏ္ဍိုင် ကြံ့ခိုင်အားပြည့်စေခြင်းအကျိုးငှာ အောက်ပါအတိုင်း နိဂုံးချုပ် အကြံပြုတင်ပြအပ်ပါသည်။ (က) အဓိကအားဖြင့် (၁) ဒေါ်မစန်း၏ နစ်နာဆုံးရှုံးမှုများမှာ ဥပဒေ၏အကာအကွယ်ကို မှန်ကန်စွာ မရရှိခဲ့ခြင်းကြောင့် ဟူသောအချက်လည်း ပေါ်လွင်နေပါသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အနေဖြင့် ဥပဒေနည်းလမ်းအရ ပြန်လည်ကုစားပေးနိုင်ရန် ဝါယမစိုက်ထုတ် စီစဉ်ဆောင်ရွက်သင့်ပါသည်။ (၂) ထို့အပြင် တရားရေးမဏ္ဍိုင်အပေါ် ပြည်သူတို့အားကိုးယုံကြည်မှု မထိခိုက်မီ တာဝန်ရှိသူများအား ထိုက်သင့်သလို ပွင့်လင်းမြင်သာစွာ ဖော်ထုတ်အရေးယူသင့်ပါကြောင်း သုံးသပ်အကြံပြု တင်ပြအပ်ပါသည် ဆိုပြီးတော့ အပိုဒ်(၁)ရဲ့ (က)၊ (ခ) မှာ ဖော်ပြထားပါတယ်။ (ခ)ကနေ (ဈ)အထိကိုတော့ ခြုံငုံအကြံပြုဆွေးနွေးတင်ပြသွားပါမယ်။

အဲဒီတော့ ဒီအကြံပြုချက်ရဲ့ ကျွန်တော်တို့ (က)က (၁)နဲ့(၂)ကို အခြေပြုပြီး ခုနက ရှုထောင့်နဲ့ ကျွန်တော် ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ မူလဖြစ်တဲ့ ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ အဲဒီမြို့နယ်တရားရုံးမှာရှိတဲ့ တရားမ မူလအမှုနဲ့ ဟင်္သာတခရိုင်တရားရုံးရဲ့ အယူခံမှု၊ လေးမျက်နှာတရားရုံးရဲ့ ဇာရီမှု၊ ဒီအမှု၊ အမှုတွဲများအပေါ်မှာ ကျွန်တော် အသေးစိတ်ကောက်နုတ် သုံးသပ်လိုခြင်း မရှိပါဘူး။ အဲဒီတော့ ဒီအမှုရဲ့ ဖြစ်စဉ်ဖြစ်ရပ်ကို အထူးစိတ်ဝင်စားစွာ နှင့် ကျွန်တော် တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အမှုရဲ့ အသေးစိတ်အကြောင်းအရာကို ကျွန်တော် ကောက်နုတ် တင်ပြဆွေးနွေးမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပါ ပိုင်းခြားထားတဲ့ အခွင့်အာဏာကို ဝင်ရောက်စွက်ဖက်ရာ သက်ရောက်မှာစိုးတဲ့အတွက် ကျွန်တော်ဖြစ်စဉ်ဖြစ်ရပ်ကို သာလျှင် ဝေဖန်သုံးသပ် အကြံပြုဆွေးနွေးမှာ ဖြစ်ပါတယ်။

အဲဒီတော့ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့ အမှုနဲ့ပတ်သက်တဲ့ ကိစ္စရပ်ကို ကြည့်တဲ့အခါမှာ အမှုက တစ်ယောက်နဲ့ တစ်ယောက် ငွေချေးခဲ့ကြတဲ့ကိစ္စအပေါ်မှာ အခြေခံပြီး ပေါ်ပေါက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုပေါ်ပေါက်တာနဲ့ပတ်သက်လို့လည်းပဲ ကျွန်တော်တို့က လွှတ်တော်ထဲမှာပင် ဆွေးနွေးနေတာမဟုတ်ဘဲနဲ့ ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ဆန္ဒမဲပေးခဲ့တဲ့ မဲဆန္ဒရှင်တွေကို တစ်နည်းအားဖြင့် ပြည်သူတွေ ရှိပါတယ်။ ဒီပြည်သူတွေလည်းပဲ ကျွန်တော်တို့က တစ်ယောက်နဲ့တစ်ယောက် ဒီနေ့ ဈေးကွက်စီးပွားရေးစနစ်မှာ ငွေချေးငှားလှည့်ပတ် ကူညီနေတဲ့ ကိစ္စကို ထိုက်သင့်တဲ့အသိရရှိစေခြင်းငှာ ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော် တင်ပြဆွေးနွေး လိုပါတယ်။

အဲဒီတော့ ဒီတင်ပြဆွေးနွေးလိုတာက ငွေချေးငှားသူဆိုတဲ့ကိစ္စကို ငွေချေးငှားသူဆိုတာနဲ့ ပတ်သက်ပြီးတော့ ၁၉၄၅ ခုနှစ်၊ အက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(၆)မှာလည်း အတိအကျ ဖွင့်ဆိုထားပါတယ်။ ဒီဥစ္စာကို ရှင်းလင်းအောင်ဆိုပြီးတော့မှ ကျွန်တော်တို့ ဒီ ဘတ်ရှီဝါနက်ရေး နဲ့ နာရှီဝါနက်ရေး တို့ရဲ့ ၁၉၄၈ ခုနှစ်၊ BLR CC စာမျက်နှာ ၄၄၉ နဲ့၊ ဒါတွေဟာ စံပြစီရင်ထုံးတွေပါ။ နောက်တစ်ခါ ကျွန်တော်တို့က ဦးထွန်းရွှေ နဲ့ ဦးဝင်း ဆိုတဲ့ ကျွန်တော်တို့ စီရင်ထုံးတွေမှာ ဒီဥစ္စာနဲ့ပတ်သက်ပြီးတော့မှ အတိအကျ အဓိပ္ပာယ်ဖွင့်ဆိုထားတာတွေ ရှိပါတယ်။ ဒါလေးကို ကျွန်တော်တို့ အများပြည်သူရော၊

ကျွန်တော်တို့ လွှတ်တော်တွင် ဆွေးနွေးတဲ့ကိစ္စ၊ ငွေချေးငှားတဲ့ကိစ္စ ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်များပါ သိအောင် ဖတ်ကြားတင်ပြလိုပါတယ်။ ဖတ်ခွင့်ပြုပါလို့ ဥက္ကဋ္ဌကြီး အား ပန်ကြားအပ်ပါတယ်။

အဲဒီတော့ ဒီနေ့ ကျွန်တော်တို့ ၁၉၄၅ ခုနှစ်၊ ငွေတိုးချေးစားသူများ အက်ဥပဒေမှာ ပုဒ်မ ၂၊ ပုဒ်မခွဲ(၆)မှာ ငွေတိုးချစားသူများအား အဓိပ္ပာယ်ဖွင့်ဆိုချက် ဆိုပြီးတော့ ဖော်ပြထားပါတယ်။ ငွေတိုးချစားသူ ဆိုရာမှာ ဤအက်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ချေးငွေများ ထုတ်ချေးသည့် အလုပ်ကို လုပ်ကိုင်သူကို ဆိုသည်၊ ထိုစကားရပ်တွင် ငွေးတိုးချစားသူ၏ တရားဝင် ကိုယ်စားလှယ်များနဲ့ အမွေဆက်ခံခြင်းဖြင့်ဖြစ်စေ၊ လွှဲပြောင်းပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ၊ အကျိုးဆက်ခံသူများလည်း ပါဝင်ပါသည် ဆိုပြီးတော့ တိကျတဲ့အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။ ဒါကို စီရင်ထုံးနဲ့ ကျွန်တော်တို့ ပြန်ပြီး အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုထားပါတယ်။

အဲဒီတော့ ဘတ်ရှိဝါနက်ရေး နဲ့ နာရှိဝါနက်ရေး တို့ရဲ့ ၁၉၄၈ ခုနှစ်၊ BLR (HC) စာမျက်နှာ ၄၄၉ မှာ ငွေးတိုးချစားသူများ အက်ဥပဒေပုဒ်မ ၂(၆) တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ငွေချေးလုပ်ငန်းကို စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် လုပ်ကိုင်သူကိုသာ ငွေတိုးချစားသူဟု ခေါ်ဆိုသည်။ ရင်းနှီးသည့် မိတ်ဆွေများကို လုပ်ငန်းသဘာဝအရ တစ်နှစ်လျှင် နှစ်ကြိမ်၊ သုံးကြိမ်မျှ ငွေချေးသူကို ငွေတိုးချစားသူ ဟု မခေါ်နိုင်၊ နောက် အလားတူ ဦးထွန်းရွှေ နဲ့ ဦးဝင်း တို့ရဲ့ ၁၉၆၇ ခုနှစ်၊ BLR (CC) စာမျက်နှာ ၁၄၅ မှာ၊ ၁၉၄၅ ခုနှစ်၊ ငွေတိုးချစားသူများ အက်ဥပဒေပုဒ်မ ၂(၆) အရဆိုလျှင် ငွေထုတ်ချေးသည့် အလုပ်ကို လုပ်ကိုင်သူတစ်ဦးဦးအား ငွေတိုးချစားသူ ဟု ခေါ်ဆိုရမည် ဖြစ်သည်၊ ငွေထုတ်ချေးခြင်းကို လုပ်ငန်းတစ်ခုအနေဖြင့် လုပ်ကိုင်မှသာ ထိုသူအား ငွေတိုးချစားသူဟု ခေါ်ဆိုနိုင်မည် ဖြစ်သည်။ လုပ်ငန်းအနေဖြင့် မဟုတ်ဘဲ မိတ်ဆွေတစ်ဦးဦးအား ကူညီသည့်အနေဖြင့် တစ်ခါတစ်ရံသာ ငွေထုတ်ချေးခြင်း ဖြစ်ပါမူ ထိုသူကို ငွေချေးစားသူ ဖြစ်သည်ဟု ကျဉ်းမြောင်းစွာ သတ်မှတ်ခြင်း မပြုနိုင်ပေ ဆိုပြီးတော့မှ ဒါကျွန်တော်တို့ နမူနာစံပြုထိုက်တဲ့ စီရင်ထုံးတစ်ခုမှာ ဖွင့်ဆိုထားပါတယ်။

အဲဒီတော့ ဆိုလိုချင်တာက လေးမျက်နှာမြို့နယ် တရားရုံးရဲ့ မူလတရားမမှု၊ အမှုတွဲနဲ့ ကျွန်တော်တို့ ဟင်္သာတခရိုင်တရားရုံးရဲ့ အယူခံအမှုတွဲ၊ ဇာရီအမှုတွဲ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော် အမှုတွဲကို မဆွေးနွေးသော်လည်းပဲ အမှုဖြစ်စဉ်ဖြစ်ရပ်ကို ကြည့်လိုက်မယ်ဆိုရင် သက်ဆိုင်ရာ တရားသူကြီးအနေနဲ့ ကျွန်တော်တို့ ဒီငွေချေးစားသူများအက်ဥပဒေ ပုဒ်မ ၉ အရ ငွေထုတ်ချေးသူကို ဒီဂရီချပေးနိုင်တဲ့ အနေအထားမှာ ပေးခဲ့တဲ့ကိစ္စ၊ နောက်တစ်ခါ ဝရမ်းနဲ့ ပတ်သက်လို့ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၁၃ အရ လုပ်ထုံးလုပ်နည်းကို အပြည့်အဝ မကျင့်သုံးခဲ့တဲ့ကိစ္စ၊ နောက်တစ်ခါ ကျွန်တော်တို့ တရားရုံးများလက်စွဲ အပိုဒ် ၁၇၃ နဲ့ ကျွန်တော်တို့ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၃၄ အရ အတိုးနှုန်းကို တွက်ချက်တဲ့နေရာမှာ ညွှန်ကြားချက်အရ တစ်နှစ်လျှင် (၁၀၀)ကျပ်မှာ (၉)ရာခိုင်နှုန်းနဲ့ မညီတဲ့အတိုးတွေကို တွက်ခဲ့တယ်ဆိုတဲ့ကိစ္စ၊ နောက်ဆုံး ဒီဟာတွေနဲ့ပတ်သက် ပြီးတော့မှ တကယ်တမ်းကျတော့ ငွေတိုးချစားတဲ့သူ ဟုတ်တယ်/မဟုတ်ဘူး ဆိုတာ နှစ်ဖက်သက်သေတွေ ပြပြီးတော့မှ အမှုတွဲပေါ်ပေါက်ချက်အပေါ်မှာ သက်ဆိုင်ရာ တရားရုံးတော်က ကြားနာ စစ်ဆေးတဲ့ တရားသူကြီးဟာ သူ့ရဲ့ ဆင်ခြင်တုံတရား (Discreation of the Court)

သူ့ရဲ့ ဆင်ခြင်တုံတရားအရ စီရင်ဆုံးဖြတ်နိုင်ခွင့်တွေကို ဆုံးဖြတ်တာဖြစ်တဲ့အတွက် ဒီကိစ္စမှာ ကျွန်တော် ဝေဖန်ဆွေးနွေးလိုခြင်း မပြုပါဘူး။

သို့သော် အမှုတွဲကို ဝေဖန်ဆွေးနွေးလိုခြင်းမပြုသော်လည်းပဲ ဖြစ်စဥ်ဖြစ်ရပ်ကို နားထောင်ကြည့်တဲ့အခါမှာ ကောက်ချက်တစ်ခု ချလို့ရပါတယ်။ ဒါက ဘာလဲဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ တရားစီရင်တဲ့နေရာမှာ တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံသာမက ထိုသို့ အမှန်တရားကိုသာ စီရင်ကြောင်း အများမြင်သာစေရာသည်ဆိုတဲ့၊ ၁၉၆၆ ခုနှစ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နဲ့ မောင်ရှေ (ခေါ်) မောင်ရွှေပါ(၂) နှင့် မ.တ.စ (တရားရုံးချုပ်) စာမျက်နှာ ၆၁၆ မှာ ဒါ လမ်းညွှန်မှု ပြုထားပါတယ်။ အဲဒီတော့ ဒီဟာနဲ့ကြည့်လိုက်မယ်ဆိုရင်၊ ဖြစ်စဥ်ဖြစ်ရပ်ကို ကြည့်လိုက်လို့ရှိရင် တရားရုံးသည် အမှန်တရားကို အစွမ်းကုန် ကြိုးစားပြီးတော့မှ ကြာနားစစ်ဆေး ဆုံးဖြတ်ခဲ့တယ်လို့ ဆိုရင်လည်းပဲ အဲဒီတော့ မိမိရဲ့ အမှန်တရား စီရင်ဆုံးဖြတ်တာကို အမှုသည်နဲ့ အများပြည်သူ မြင်သာမှု အားနည်း ခံရတယ်ဆိုတဲ့ ကောက်ချက်ကိုတော့ ချလို့ရပါတယ်။

အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့က အဲဒီလို ကောက်ချက်ချလို့ရတဲ့အပြင် ဘာသွားပြန်တွေ့သလဲဆိုတော့ ကျွန်တော်တို့ လောကပါလတရား။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း ဆိုတဲ့ လောကပါလတရားကို နည်းနည်း ကျွန်တော်တို့ ကျင့်သုံးမှု အားနည်းလိုက်တဲ့သဘော၊ ဒီလိုပဲ ကျွန်တော်တို့ တွက်ရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလောကပါလတရား ဟာလည်းပဲ ကျွန်တော် ထင်ရာမြင်ရာကို တင်ပြဆွေးနွေးခြင်း မဟုတ်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ( င)မှာ အတိအလင်း ပြဋ္ဌာန်းထားတဲ့ အခြေခံမူတစ်ရပ်ပါ။ အဲဒီတော့ ဒီဟာနဲ့ ပတ်သက်ပြီးတော့မှ တရားရုံးကနေ စီရင်ဆုံးဖြတ်ခဲ့တဲ့အခါမှာ ဥပမာ - လောကပါလတရားအရ (A)ဆိုတဲ့ ပုဂ္ဂိုလ်ဟာ (B)ဆိုတဲ့ပုဂ္ဂိုလ်ဆီမှာ သိန်းတစ်ရာလောက်ချေးမယ်။ အဲဒီတော့ (A)သည် (B)ကို သိန်းတစ်ရာပေးရန် တာဝန်ရှိတယ်။ သို့သော် ရှိတဲ့ပေးရန် တာဝန်ကို အချိန်တန် မပေးနိုင်တဲ့အခါမှာ (B)က (A)ကို တရားစွဲမယ်။ သို့သော် ပေးစရာငွေအနေနဲ့ သူ့ဘာမှ မရှိဘူး။ ကာလပေါက်ဈေး နဲ့ သိန်းပေါင်း တစ်သောင်း လောက်တန်တဲ့ တိုက်ကြီးတော့ ရှိတယ်။ ဒီတိုက်ကြီး ရှိနေတဲ့အခါမှာ ပေးစရာ သိန်းတစ်ရာကိုတော့ ပေးစရာ မရှိဘူး။ အဲဒီတော့ ဒီတိုက်ကြီး ဒီလောက်တန်သော်လည်းပဲ ပေးစရာ မရှိလို့ ရရမယ့် (B)က တရားစွဲတဲ့အခါမှာ နိုင်သွားတယ်။ နိုင်သွားရင် တရားရုံးတော်အနေနဲ့ ဒီတိုက်ကြီး သိန်းတစ်သောင်းလောက်တန်တာကို ဝရမ်းကပ် ထုခွဲရောင်းချပြီးတော့မှ ကျန်တဲ့ငွေကို ပိုင်ရှင်ပြန်ပေးပြီးတော့မှ ရရမယ့်လူရဲ့ သိန်းတစ်ရာကို စရိတ်နဲ့တကွ ပြန်ပေးစေရင် တရားပါ့မလား။ မျှတပါ့မလား။ မှန်ကန်ပါ့မလား။ အဲဒီတော့ ဒါ လောကပါလတရားနဲ့ ဆင်ခြင်စဥ်းစားရမှာပါ။

အဲဒီတော့ ဒီလိုစဥ်းစားတဲ့အခါမှာလည်းပဲ ကျွန်တော်တို့က တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနဲ့အညီ အခြေခံပြီးတော့မှ စဥ်းစားရမှာဖြစ်ပါတယ်။ အဲဒီလို စဥ်းစားရတဲ့နေရာမှာလည်းပဲ ဒီနေ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တော်တော်များများက အလွယ်တကူ သုံးပါတယ်။ လွတ်လပ်စွာ တရားစီရင်ခြင်း၊ လွတ်လပ်စွာ တရားစီရင်ခြင်း။ မဟုတ်ပါဘူး။ ဥပဒေနဲ့အညီ လွတ်လပ်စွာ တရားစီရင်ခြင်း ဒီလိုခေါ်မှ ပြည့်စုံပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉(က)မှာ တရားစီရင်ရေး အခြေခံမူတွေနဲ့ပတ်သက်လို့ ဥပဒေနဲ့အညီ လွတ်လပ်စွာ တရားစီရင်ရေး ဆိုပြီးတော့ ဒီလိုပဲ ပေးအပ်ထားတဲ့ အခွင့်အရေး ဖြစ်ပါတယ်။ လွတ်လွတ်လပ်လပ် ကိုယ့်ဟာကိုယ် ဥပဒေအခြေခံကို မျက်ကွယ်ပြုပြီးတော့မှ

လွှတ်လပ်စွာ ကြားနာစစ်ဆေးစီရင်ခွင့်ပြုရမယ့် ကိစ္စမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဥပဒေနဲ့အညီ လွှတ်လပ်စွာ တရားစီရင်ရမယ့်ကိစ္စ ဖြစ်ပါတယ်။

အဲဒီတော့ ကောင်းပြီ။ ဒီလိုအနေအထားမှာ ကျွန်တော်တို့က Check and Balance နဲ့ ပြန်ကြည့်မယ်ဆိုရင် ခုနကတုန်းက တင်ပြသလို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ မှာ ကျွန်တော်တို့ ရဲ့ နိုင်ငံတော်ရဲ့ အာဏာ(၃)ရပ်ကို ပိုင်းခြားထားတဲ့အခါမှာ လွတ်လွတ်လပ်လပ် ကဏ္ဍတစ်ရပ်စီ ဟာ ဆောင်ရွက်ခွင့် ဒီလိုပေးထားတာ မဟုတ်ပါဘူး။ အဲဒီတော့ အချင်းချင်း အပြန်အလှန် ညှိနှိုင်းပေါင်းစပ် ခြင်းတို့ ပြည့်သည်ဆိုပြီးတော့ ပေးထားတာ။ အဲဒီတော့ လွှတ်တော်အနေနဲ့ ကျွန်တော်တို့က ဒါတွေကို ဘယ်လိုနည်းနဲ့ ကျွန်တော်တို့ Check and Balance လုပ်နိုင်လဲဆိုရင်၊ လွှတ်တော်ဟာ ဥပဒေပြုခြင်း၊ မေးခွန်းတွေ မေးမြန်းခြင်း၊ အဆိုတွေ တင်သွင်းကြခြင်း၊ ဆွေးနွေးကြခြင်းနဲ့ ဒီလိုပဲ ကျွန်တော်တို့မှာ ထိန်းချုပ်နိုင်ခွင့် ရှိပါတယ်။ အဲဒီက ထိန်းချုပ်နိုင်တဲ့အခါမှာ ဥပဒေပြုခြင်းဆိုတဲ့ နေရာမှာ ကြည့်ရင်လည်းပဲ ကျွန်တော်တို့ ၁၂(က)အရ ပြည်ထောင်စုလွှတ်တော်ကို အပ်နှင်းထား ပါတယ်။ အဲဒီတော့ အဆင့်ဆင့် တိုင်းဒေသကြီးနဲ့ပြည်နယ်တွေကိုလည်း ခွဲဝေအပ်နှင်းထားပါတယ်။

နောက် အုပ်ချုပ်ရေးနဲ့ပတ်သက်ရင် ဖွဲ့စည်းပုံ ၁၇(က)အရ အစိုးရအဖွဲ့ကို အပ်နှင်းထား ပါတယ်။ အဆင့်ဆင့်အပ်နှင်းပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ တရားစီရင်ရေးမှာလည်း ၁၈(က) အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နဲ့ အဆင့်ဆင့်တရားရုံးများကို အပ်နှင်းထားတာ ဖြစ်ပါတယ်။ အဲဒီလို အပ်နှင်းတဲ့ဟာတွေကို ကျွန်တော်တို့က Check and Balance, လွှတ်တော်အနေနဲ့ ဘာလုပ်မလဲဆိုရင် ဥပဒေတွေပြုခြင်း၊ မေးခွန်းတွေ မေးခြင်းနဲ့ အဆိုတွေ တင်သွင်းခြင်းနဲ့ ကျွန်တော် တို့က Check and Balance လုပ်ရမှာ ဖြစ်ပါတယ်။ ဥပဒေပြုတဲ့နေရာမှာလည်းပဲ ကျွန်တော်တို့က ဇယား(၁)အရ ပိုင်နေတဲ့ဥပဒေတွေကို ပြဋ္ဌာန်းတဲ့အခါမှာကိုပဲ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး တွေရဲ့လုပ်ပိုင်ခွင့်ကို ကျွန်တော်တို့ ပြည်ထောင်စုက ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေထဲမှာ ကျွန်တော်တို့က ထည့်သွင်းရေးဆွဲပေးမယ်ဆိုရင် ကျွန်တော်တို့ရဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တွေရဲ့ လုပ်ပိုင်ခွင့်ကို ခွဲဝေပေးရာ ရောက်ပါတယ်။

အဲဒီလိုပဲ တရားစီရင်ရေးကိုလည်း တည်ဆဲဥပဒေ၊ ကျွန်တော်တို့ရဲ့ ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေနဲ့အညီ ဆောင်ရွက်ခြင်း ဟုတ်/မဟုတ်၊ ဒီဥစ္စာတွေကို ကျွန်တော်တို့ စိစစ်နေနိုင်ခွင့် ရှိပါတယ်။ အဲဒီလို စိစစ်နေနိုင်ခွင့်ရှိတဲ့အတွက် တရားရုံးအနေနဲ့လည်းပဲ ဒီစီရင်ဆုံးဖြတ်တဲ့ အမှုတွေနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်တို့က ဒါ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်း ဆိုတဲ့ ဥပဒေပါ အခွင့်အရေးကို ကျွန်တော်တို့ ကျင့်သုံးခွင့်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ တရားစီရင်ရေးအရ ဆောင်ရွက်ခဲ့တဲ့ ဒီအစီရင်ခံစာပါ တင်ပြတဲ့အမှုနဲ့ ပတ်သက်ပြီးတော့မှ ပြည်ထောင်စုတရား လွှတ်တော်ချုပ် အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၈(က)မှာ စာချွန်လွှာအမိန့်(၅)ရပ်ကို ခွင့်ပြုပေးနိုင်တဲ့ အခွင့်အာဏာရှိသလို၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၆(က) မှာလည်းပဲ စာချွန်လွှာ အမိန့်တစ်ရပ်ရပ်ကို ထုတ်ပေးနိုင်ခွင့် အခွင့်အာဏာ အပ်နှင်းထားပါတယ်။

ဒါကြောင့်မို့လို့ ဒီ မစန်း ရဲ့ အမှုနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ သက်ဆိုင်ရာတရားရုံး အဆင့်ဆင့်က ဆုံးဖြတ်ခဲ့ပြီးဖြစ်သော်လည်းပဲ တင်ပြတဲ့ လောကပါလတရား အပေါ်မှာ အားနည်းချက်၊ ခုနကပြောတဲ့ ထင်သာမြင်သာ အားနည်းချက် ဒီအပေါ်တွေမှာ ဖြစ်ပေါ်နေတယ် ဆိုတာကို တွေ့ရတာ

ဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၆(က)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အနေနဲ့ မစန်း ရဲ့အမှုကို ပြန်လည်ပြီးတော့မှ ကြားနာပြီးတော့ သင့်တော်တဲ့ အမိန့်တစ်ရပ်ရပ် ပြန်လည် ချပေးသင့်တယ်လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်ကို အကြံပြု တိုက်တွန်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၁၄။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၄။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြ ပါစေလို့ ဆုတောင်းရင်း ဂါရဝပြုပါတယ်။ ကျွန်မကတော့ အမျိုးသားလွှတ်တော် ပြည်သူတို့ရဲ့ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီရဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ကိုးတဲကျေးရွာအုပ်စု ကျောင်းစုရွာမှ ဒေါ်စန်း ၏ အမှုကိစ္စအား ကွင်းဆင်း စစ်ဆေး တင်ပြချက်အစီရင်ခံစာတွင် ကော်မတီ၏ အကြံပြုတင်ပြချက်များအပေါ် အထူးအလေးထား အကောင်အထည်ဖော် ဖြေရှင်းဆောင်ရွက်သွားရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အခု ဒီအဆိုကို ကျွန်မက တရားရေး မဏ္ဍိုင်နဲ့ ပတ်သက်တဲ့ အဆိုတစ်ခုကို ပြည်သူလူထုအတွက် ကျွန်မတို့ ဆွေးနွေးခွင့်ရတာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ အထူးပဲ ကျေးဇူးတင်ဝမ်းမြောက် ဂုဏ်ယူကြောင်းလည်း ကျွန်မ အစီရင်ခံချင် ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကော်မတီရဲ့အစီရင်ခံစာကို လေ့လာတဲ့အခါမှာ ကော်မတီရဲ့ အစီရင်ခံစာမှာ ဒေါ်မစန်း ၏ အမှုကိစ္စအပေါ် အကြံပြု တင်ပြချက် (၉)ချက် ပါရှိတာကို လေ့လာတွေ့ရှိရပါတယ်။ အဓိကအားဖြင့် ၃ ချက်ကို လေ့လာ တွေ့ရှိရတာက နံပါတ် ၁ အနေနဲ့တရားရုံးများသည် အမှန်တရားကို ဖော်ထုတ်ပေးသော ရုံးဌာန၊ တရားမျှတမှုကို ဖော်ဆောင်ပေးသော ရုံးဌာနဖြစ်ကြောင်း တိုင်းရင်းသား ပြည်သူ တစ်ရပ်လုံးက လက်ခံယုံကြည် အားကိုးလာအောင် ဆောင်ရွက်ရန် အရေးကြီးကြောင်း ဖြစ်ပါတယ်။ နံပါတ် ၂ ကတော့ တရားစီရင်ပြီး တရားသူကြီးများသည်လည်း အကျင့်သီလနှင့် ပြည့်စုံသော အမှန်တရားကို စောင့်သိသော ကောင်းသော ပညာလည်းရှိသော၊ ချစ်ခင် နှစ်သက်ဖွယ် စကားကို ဆိုအပ်သော၊ ရှုံးခြင်း နိုင်ခြင်းကို သိတတ်သော၊ တရားသူကြီး အင်္ဂါငါးပါးနှင့် ပြည့်စုံသည့် တရားသူကြီးများ ဖြစ်ရန် လိုအပ်ကြောင်း ဖြစ်ပါတယ်။ နံပါတ် ၃ ကတော့ ပြည်ထောင်စုတရား လွှတ်တော်ချုပ် အနေဖြင့် ပြည်သူတို့၏ နစ်နာမှု တိုင်ကြားချက်များကို အလေးထားပြီး စာနာထောက်ထားကာ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက် ခြင်းဖြင့် ကုစားမရနိုင်လောက်အောင် ဆုံးရှုံးနစ်နာမှုများ မပေါ်ပေါက်ရေး ကာကွယ်တားဆီးသင့် ကြောင်း ဟူသော အချက်(၃)ချက်ကို တွေ့ရတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဒီနေ့မနက်ပဲ ကျွန်မ ဒီကို မလာခင်မှာ ပြည်သူ့ခေတ် ဂျာနယ်ကို တွေ့တာကြောင့်မို့ ကျွန်မ ပြည်သူ့ခေတ်ဂျာနယ်ကို ကြည့်လိုက်

တဲ့အခါကျတော့ မျက်နှာဖုံးမှာပဲ ကျွန်မတို့ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ပုံနဲ့ ဥက္ကဋ္ဌကြီး ရဲ့ မိန့်ကြားချက်က ကောက်နုတ်ချက်တစ်ခုကို တင်ပြထားတာ ပါလာပါတယ်။ အဲဒါကတော့ ဥပဒေပြုရေးက လွှမ်းမိုးရင် လွှတ်တော်အာဏာရှင်စနစ်ဖြစ်မယ်၊ အုပ်ချုပ်ရေးက ကြီးစိုးရင် မင်းတရားကြီး အာဏာရှင်စနစ် ဖြစ်မယ် တရားစီရင်ရေးမဏ္ဍိုင် တိမ်းစောင်းရင် အလေးခိုးစနစ် ဖြစ်မယ်လို့ အမည်တပ်ကြည့်မိ ပါတယ်။ အဲဒီလို မဖြစ်ရအောင် ထိန်းကျောင်းရတာ ဖြစ်တဲ့အတွက် စည်းရှိဖို့တော့ လိုပေလိမ့်မယ်လို့ ပါ ပါတယ်။ အဲဒါ ဒီ မိန့်ကြားချက်ဟာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စတုတ္ထမဏ္ဍိုင် ဖြစ်တဲ့ မီဒီယာနဲ့ ပဥ္စမမဏ္ဍိုင်ဖြစ်တဲ့ ပြည်သူလူထုကြီးပါ မှတ်သားနားလည် လက်ခံသင့်တဲ့ သဘော တရားများဖြစ်ပြီး သက်ဆိုင်သူများကတော့ အပြန်အလှန် ထိန်းကျောင်းပြီးတော့ တရားဥပဒေစိုးမိုးမှု ကင်းမဲ့ခြင်း တို့ဖြင့် တရားဥပဒေစိုးမိုးမှု မကင်းမဲ့စေဖို့ ဆောင်ရွက်နေတာကို မရှိသော်ငြားလည်း ပိုမိုပြီးတော့ ဒီမိန့်ကြားချက်ကို၊ ဒီသဘောတရားကို တွေ့တဲ့အခါမှာ ပိုမိုပြီးတော့ ဆောင်ရွက်ကြဖို့ လိုအပ်တယ်ဆိုတာကို ကျွန်မက မေတ္တာရပ်ခံချင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတော်မှာ ဘယ်လို ဥပဒေများပဲ ရှိသည်ဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ အခြေခံဖြစ်ပြီး ပြဋ္ဌာန်းချက် တစ်ခုခုနဲ့ ဆန့်ကျင်နေခဲ့ ရင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေသည်သာ အတည်ဖြစ်၍ အဲဒီ ဥပဒေရဲ့ ပြဋ္ဌာန်းချက်တွေပဲ လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်းကို ပုဒ်မ ၁၉၈ (က)နဲ့ ပုဒ်မ ၄၄၉ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေကို ကြည့်မယ်ဆိုလို့ရှိရင် ကျွန်မတို့ တွေ့ရမှာ ဖြစ်ပါတယ်။ နောက် တရားစီရင်ရေးနဲ့ ပတ်သက်လို့လည်း တရားစီရင်ရေးမူများအဖြစ် (က) ဒါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ ပါ ၁၉(က)မှာ ဥပဒေနဲ့ အညီ လွတ်လပ်စွာ တရားစီရင်ရေး၊ နောက် (ခ) ဥပဒေအရ ကန့်သတ်ချက်များမှ အပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊ နောက်တစ်ခါ (ဂ) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နဲ့ အယူခံပိုင်ခွင့် ရရှိရေးလို့ ပြောထားပါတယ်။ ဒီဟာတွေ ကိုလည်း ဒီကော်မတီရဲ့ အစီရင်ခံစာမှာ အကြံပြုချက်မှာ တောင်းထားတာကို ဒါတွေနဲ့အညီ ဆောင်ရွက်ခွင့်ပြုဖို့ဆိုပြီး တောင်းထားတာကို ကျွန်မတို့ တွေ့ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ဟာ ပြည်သူ့ ကိုယ်စားလှယ်များ ဖြစ်သည်နှင့်အညီ ပြည်သူလူထုရဲ့ ကြားထဲကို ကျွန်မတို့ လွှတ်တော်နားတဲ့ အချိန်မှာ ကျွန်မတို့က ပြည်သူတွေရဲ့ ကြားထဲကို ဆင်းကြရပါတယ်။ အဲဒါကတော့ ပြည်သူတွေရဲ့ ပကတိ လက်ရှိဘဝ အခြေအနေ လိုအပ်ချက်တွေကို သိဖို့အတွက် ကျွန်မတို့ ဆင်းကြရတာ ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်မတို့ဟာ ပြည်သူ့ကိုယ်စားလှယ် ဖြစ်တာနဲ့အညီ ပြည်သူတွေရဲ့ လိုအပ်ချက် တွေကို တွေ့လို့ရှိရင် ကျွန်မတို့က ဒါ တင်ပြဖို့ လိုအပ်တဲ့ဟာလား၊ လက်ရှိကူညီဖို့ လိုအပ်တဲ့ဟာလား ဆိုပြီး ကျွန်မတို့ လုပ်ငန်းလိုအပ်ချက်အရ၊ တာဝန်အရ ကျွန်မတို့က ဆောင်ရွက်ကြတာတွေ၊ နောက်ပြီး တော့ ကျွန်မတို့ နိုင်ငံသားပီသစွာ၊ နောက်တစ်ခါကျတော့ လူသားချင်း စာနာစွာ ဆောင်ရွက်ရတာတွေ ရှိပါတယ်။ အဲဒီမှာ ကျွန်မ လယ်မြေနဲ့ အခြားမြေများ သိမ်းဆည်းခံရမှုစုံစမ်းရေးကော်မရှင်မှာ ပါတဲ့ အခါကျတော့ ကျွန်မတို့က လယ်သမားတွေနဲ့လည်း အမြဲထိတွေ့ပြီး ဆောင်ရွက်နေကြရတာ ဖြစ်ပါ တယ်။ အဲဒီအခါမှာ တရားဥပဒေစိုးမိုးမှုနဲ့ပတ်သက်လို့ အခု ကျွန်မက မစန်း ရဲ့ ဖြစ်စဉ်တွေနဲ့ သူရဲ့ တရားဥပဒေရဲ့ အကာအကွယ်မရတာတွေကို အပြန်အလှန် မပြောတော့ မဆွေးနွေးတော့ဘဲနဲ့ ကျွန်မ

တွေ့ခဲ့တာလေးတွေကိုပဲ တရားဥပဒေ ရှေ့ဆက်ပြီးတော့ ဒါ အပြန်အလှန် အာဏာသုံးရပ် ထိန်းကျောင်းရင်းနဲ့ ဆောင်ရွက်ပေးဖို့ကို ကျွန်မ ဥပမာလေးတွေ တင်ပြချင်ပါတယ်။ အဲဒါကတော့ ကျွန်မတို့ လှိုင်သာယာမြို့နယ်မှာ လယ်သမား မိသားစု သုံးဦး ရှိပါတယ်။

သူတို့က မိသားစုတစ်စုထဲမှာ သူတို့ရဲ့ လယ်ကွက်က တစ်နေရာနဲ့တစ်နေရာ တော်တော်လေး အလှမ်းဝေးတဲ့အခါကျတော့ကာ မိသားစုတစ်စုက တစ်နေရာမှာ လုပ်ပြီးတော့ ကျန်တဲ့တစ်နေရာကိုတော့ သူတို့က စာရင်းငှားနဲ့ လုပ်ခိုင်းထားပါတယ်။ သို့သော်လည်း အဲဒီစာရင်းငှားကလည်း သူတို့ရဲ့ ဆွေရိပ်မျိုးရိပ် မကင်းတဲ့တစ်ယောက်ကို သူတို့က ယုံယုံကြည်ကြည်နဲ့ အပ်နှံပြီးတော့ လုပ်ခိုင်းထားတာ ဖြစ်ပါတယ်။ မကြာမတင်ကပဲ လယ်မြေတွေကို ကုမ္ပဏီတချို့က ဝယ်တဲ့အခါမှာ အဲဒီအငှားလုပ်ခိုင်းထားတဲ့ သူတို့ရဲ့ ဆွေရိပ်မျိုးရိပ် မကင်းတဲ့လူက ဒီမိသားစု မသိခင်မှာဘဲ သူက အဲဒီမြေကွက်တွေကို တစ်ကွက်ကို သိန်း(၈၀)နဲ့ (၄)ကွက်လား မသိဘူး။ ရောင်းပစ်လိုက်ပါတယ်။ ရောင်းပစ်လိုက်တဲ့အခါကျတော့ ဒါပေမဲ့ ရောင်းတယ်ဆိုတဲ့နေရာမှာ စာရွက်စာတမ်းတွေလည်း လိုပါတယ်။ အဲဒီ လိုအပ်တဲ့ စာရွက်စာတမ်းတွေရော သူက သက်ဆိုင်ရာနဲ့ ပတ်သက်ပြီးတော့ ယူတာလည်း ရှိတယ်။ သူ့နည်း သူ့ဟန်နဲ့ လိမ္မာပါးနပ်စွာ ယူတာတွေလည်း ရှိတယ်။ အဲဒီလို ယူပြီးတော့ သူက ဒီလယ်ကွက်တွေကို ရောင်းပစ်လိုက်ပါတယ်။ ရောင်းပစ်လိုက်တဲ့အခါကျတော့ မိသားစုက မသိဘူး။ နောက်ကျတော့မှ လယ်တွေ ရောင်းလို့ ငွေထုတ်တယ်ဆိုတဲ့ အခါကျတော့မှ စုံစမ်းလိုက်တော့ သူတို့ လယ်တွေပါ ပါသွားပြီဆိုတာ အဲဒီကျမှ သူများပြောလို့ သိတော့ သူတို့က အဲဒီနေရာကို သွားကြည့်တယ်။ သွားကြည့်တော့ တကယ်ပဲ သူတို့လယ်နဲ့ ပတ်သက်တဲ့ငွေကို အဲဒီလူ ထုတ်သွားပြီဆိုတာ သူတို့ အဲဒီကျမှ သိတယ်။ သူတို့က သားလေး က တစ်ယောက်၊ အဖေရယ် အမေရယ် မိသားစုသုံးယောက် ဖြစ်ပါတယ်။ အဲဒီကျတော့ နောက်တစ်နေ့မှာ နောက်တစ်နေ့ မဟုတ်ဘူး။ ကုမ္ပဏီကနေ လာပြီးတော့ သူတို့ အဲဒီဝင်းတွေကို ခတ်တာ၊ မြေဖို့တာ စသည်ဖြင့် ဆောင်ရွက်တဲ့နေ့ အဲဒီနေ့ကို သိတဲ့အခါကျတော့ သွားပြီးတော့ အဲဒီလယ်ကွက်ထဲမှာ သူတို့က သွားပြီး စောင့်နေပါတယ်။ စောင့်နေတဲ့အခါကျတော့ ဒါက တကယ်တမ်းက တကယ် လယ်ကွက်ရဲ့ ပိုင်ရှင်အစစ်က ကျွန်တော်ပဲ ဖြစ်ပါတယ်။

သို့သော်ငြားလည်း အဲဒီလို ရောင်းလိုက်တဲ့လူကတော့ စာရွက်စာတမ်းတွေကို ရအောင် ယူပြီးတော့ ရောင်းသွားတဲ့ ပိုင်ရှင်အတု ဖြစ်ပါတယ်လို့ ပြောပေမယ့် မရတော့ဘဲနဲ့ အဲဒီမိသားစု သုံးယောက်စလုံးကို ကုမ္ပဏီပိုင်ရှင်ကနေပြီးတော့ သူက တာဝန်ဝတ္တရား နှောင့်ယှက်မှုနဲ့ တရားစွဲပါတယ်။ အဲဒီတရားစွဲတော့ သူတို့ အချုပ်ထဲမှာ မိသားစုသုံးယောက်စလုံး သွားနေရပါတယ်။ အဲဒီ အချုပ်ထဲကပြီးတော့ နောက် ရုံးချိန်းတွေ အကြိမ်ကြိမ်သွားရပါတယ်။ သွားတော့ ကျွန်မတို့ဆီကို ဖုန်းလည်း ဆက်တယ်။ လူကိုယ်တိုင်လည်း လာတယ်။ ကျွန်မတို့ ကော်မရှင်ကတော့ တစ်ယောက် မကျန် အကုန်လုံး အဲဒီအမှုကိစ္စကို သိပါတယ်။ အဲဒီတော့ အဲဒီလို ရုံးချိန်း အကြိမ်ကြိမ် သွားတဲ့အခါမှာ ဟိုဘက်က တကယ်တိုင်လိုက်တာက ကုမ္ပဏီက တိုင်တယ်။ ဟိုဘက်က လူက တိုင်တယ်။ တိုင်တဲ့ လူက မလာတော့ဘူး။ လုံးဝမလာတော့ဘဲနဲ့ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ်၊ ငါးကြိမ် အကြိမ်ကြိမ် မလာတဲ့အခါကျတော့ အဲဒီကလေးက ကျွန်မဆီကို လာတယ်။ အန်တီဝိုင်း ကျွန်တော် ဘာလုပ်ရမှန်း မသိဘူးလို့ အဲဒီလိုပြောတယ်။ ကျွန်မလည်း အဲဒီဟာကို တရားရေးနဲ့ ပတ်သက်ပြီးတော့

အဲဒီလောက် ပတ်ပတ်နပ်နပ် မသိတဲ့အခါကျတော့ကာ အဲဒါကတော့ တရားဥပဒေကို တကယ် နားလည်တဲ့ လူတစ်ယောက်နဲ့ ဥပဒေ နားလည်တဲ့လူတစ်ယောက်နဲ့ ကြားဖူးတာကတော့ အကြိမ် အရေအတွက် ရှိတယ်ထင်တယ်လို့ ကျွန်မက အဲဒီလို ပြောတယ်။ သို့သော်လည်း အခု ကျွန်မ တကယ် စုံစမ်းကြည့်တဲ့အခါမှာ တစ်ဖက်က မလာဘဲနဲ့ ပျက်ကွက်နေတဲ့လူကို ဒီကနေပြီးတော့ ပို့လိုက်မယ် သတိပေးတဲ့စာ နောက်တစ်ကြိမ် မလာဘူး ဆိုလို့ရှိရင် ဒီကနေပြီးတော့ လာတဲ့လူနဲ့ပဲ ဆုံးဖြတ် လိုက်မယ် ဆိုတာကို ပေးမှသာလျှင် အဲဒီလို ဖြစ်မယ်လို့ အဲဒီလို ကျွန်မကို ပြန်ပြောတယ် အဲဒီဥပဒေ နားလည်တဲ့လူက အဲဒီအခါကျတော့ အခုတော့ ကျွန်မကလည်း ဒီကိုရောက်နေပြီဆိုတဲ့ အခါကျတော့ ဘယ်လို ဖြစ်တယ်ဆိုတာ ကျွန်မ လုံးလည်း မမေးဖြစ်ဘူး။ သိလည်း မသိဘူး။ အဲတော့ကာ ဥပဒေ နားမလည်တဲ့ လူတွေ ဒီလိုမျိုး တကယ့်အစစ် ကနေပြီးတော့ ပိုင်ရှင်အစစ်ကနေ ပိုင်ရှင် အတု ဖြစ်သွားတာ ရှိသလို ပြီးခဲ့တဲ့ ဇွန်လ ၂၁ ရက်နေ့က ကျွန်မဆီကို အမှုတွဲတစ်ခု ရောက်လာပါတယ်။ အိမ်ကို လာပေးသွားတာပါ။ အဲဒီတော့ အဲဒီအမှုတွဲကတော့ ရန်ကုန်မြို့က စမ်းချောင်းမြို့နယ်ထဲက မြေနီကုန်း ဈေးကြီးက ဈေးသူ၊ ဈေးသားတွေကနေပြီးတော့ စုပြီးတော့ တိုင်လိုက်တဲ့၊ ပို့တဲ့ အမှုတွဲ ဖြစ်ပါတယ်။

အဲဒီအမှုတွဲရဲ့ ရာဇဝင်က တော်တော်လေး ၁၉၉၅ ကတည်း က သူက မြေနီကုန်းဈေးကို အဆင့်မြှင့်ဈေးကြီး တည်ဆောက်ပေးမယ်။ ခဏယာယီ သံလွင်ဈေးဆို ပြီးတော့ အခုဖြစ်နေတဲ့ ကမာရွတ်မြို့နယ်ထဲမှာလို့ပြောတယ်။ အဲဒီဈေးကို ခဏပြောင်းပေးပါဆိုလို့ ဈေးသူ/ဈေးသားတွေက ခဏလေးပြောင်းပေးရတယ်လို့ အဲဒီလိုပြောတယ်။ အဲဒီကျတဲ့အခါ သူတို့ နောက်ပိုင်းကျတော့ အခုအချိန်အထိ အဲဒီ မြေနီကုန်းဈေးမှာ သူတို့ကို အသစ်ဆောက်ပေးခြင်း၊ ပြန်ခေါ်ခြင်း မရှိတော့ဘဲနဲ့ သံလွင်ဈေးကိုပဲ ဆောက်ပေးမယ်လို့ ပြောသံကြားတယ်လို့ သူတို့ကပြောတယ်။ အဲဒီတော့ကာ သံလွင်ဈေးမှာ ကျတော့လည်း သူတို့ဈေးလို ရောင်းလို့ဝယ်လို့ မကောင်းဘူး။ နှစ်တွေကလည်း အရမ်း ကြာလာပြီ၊ သူတို့က လုပ်ပေးမှာပါဆိုတော့ သိပ်ပြီးတော့ ပြဿနာတွေဘာတွေလည်း မဖြစ် ချင်တာနဲ့ ဘာမှလည်း မပြောဘဲနဲ့ သူတို့ဆောက်ပေးမယ့် ယနေ့အထိ သူတို့က စောင့်လာခဲ့တယ်။ စောင့်ဆိုင်း လာခဲ့တယ်လို့ပြောတယ်။

အဲဒီတော့ နောက်ဆုံး အဲဒီဝင်းကို ဝင်းခတ်ပြီးတဲ့ အခါကျတော့၊ ကွန်ကရစ်တွေခင်းနေပြီ ဆိုတဲ့အခါကျတော့ သူတို့ တိုင်စာတွေ တစ်ခုပြီးတစ်ခု သက်ဆိုင်ရာတွေကို သူတို့နေရာလေးတော့ မရတော့ဘူးဆိုပြီး တိုင်စာတွေ တစ်ခုပြီးတစ်ခု တိုင်ပါတယ်။ အဲဒီမှာ သူတို့ ဝန်ကြီးချုပ်ကိုလည်း တိုင်ပါတယ်။ အဲဒါကလည်း ၂၀၁၂ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှာ တိုင်တယ်။ နောက်တစ်ခါကျ ပို့တယ်။ နောက်တစ်ခါ သမ္မတကြီးဆီကိုလည်း ၂၀၁၂ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှာ ပို့တယ်။ နောက်တစ်ခါ ကျတော့ တစ်ခါ သမ္မတကြီးဆီကိုပဲ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှာ တစ်ခါထပ်ပြီးတော့ အသနားခံတယ်။ နောက်တစ်ခါကျတော့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်နေ့ကျတော့ ဒေါ်အောင်ဆန်းစုကြည် ဆီကို ပို့ပါတယ်။ နောက်တစ်ခါကျတော့ ၂၀၁၃ ခုနှစ်၊ ၂ လပိုင်း၊ ၂၀ ရက်နေ့ ကျတော့ ရှစ်ဆယ့်ရှစ်အဖွဲ့ကို သူတို့ ပို့ပါတယ်။ နောက်တစ်ခါ ၂၀၁၃ ၊ ဖေဖော်ဝါရီ ၂၁၊ ဒါကတော့ နိုင်ငံတော်သမ္မတကြီးဆီကို ပို့ထားတာပါ။ ဒါ ဖေဖော်ဝါရီလကတည်းက ပို့ထားတာပါ။ အဲဒီနောက်မှာ ပို့ပါတယ်။ အဲဒီနောက်ကျတော့ ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကို ရုံးအမှတ်(၂၀)ဆိုပြီးတဲ့ အခါကျတော့မှ

၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်နေ့မှာ တစ်ခါပို့ပါတယ်။ ပို့ပြီးတော့မှ နောက်တစ်ခါ ညွှန်ချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈) နေပြည်တော်ကို သူက ၂၀၁၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှာ ပို့ပါတယ်။

အဲဒီပို့ပြီးတော့ နောက်ဆုံးကျတဲ့အခါကျမှ ဒီက ဌာနမှူးဆီကို သူတို့ ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို သူတို့ ဒါဟာ ပြန်ပြီးတဲ့အခါကျတော့ အသနားခံစာ တစ်စောင်တင်တယ်။ အဲဒီတင်ပြီးနောက်ဆုံး ၂၁ ရက်နေ့ ၆ လပိုင်းကျတော့ ကျွန်မဆီကို အဲဒီအမှုတွဲတွေ အကုန်လုံး မိတ္တူတွေ အကုန်တွဲပြီးတဲ့အခါကျတော့ ဒီအမှုတွဲတွေကို ကျွန်မဆီ ကို ပို့လိုက်ပါတယ်။ အဲဒီတော့ သူတို့က ဒါ ဒီအထဲမှာ ဖြစ်စဉ်ကဘာလဲဆို ၁၉၉၅ ခုနှစ်ကတည်းက သူတို့ကို ခဏဖယ်ခိုင်းလိုက်တယ်။ ယာယီဖယ်ခိုင်းလိုက်တယ်။ နောက်ကျတော့ အဲဒီမှာပဲ သူတို့ အဆောက်အဦ ပြန်ဆောက်ပေးမယ်လို့ ပြောတယ်။ ခေတ္တသံလွင်ဈေးဆိုပြီးတဲ့ အခါကျတော့ အခုဖြစ်နေတဲ့နေရာ ယာယီမြေနီကုန်းဈေးဆိုပြီး သူတို့ကို ခဏရွှေ့ခိုင်းတယ်လို့ ပြောတယ်။ နောက်ကျတော့ သူတို့ အဲဒီဆီကို အတော်နဲ့ မပြောင်းရလို့ စုံစမ်းလိုက်တဲ့ အခါကျတော့ အဲဒီမြေနေရာကို ဦးတေဇ ကို ပြန်ရောင်းလိုက်တယ်လို့ အဲဒီလိုပြောတယ်။ အဲဒီလိုပြောပြီးတဲ့အခါကျတော့ နောက်ကျတော့ ဒီ အမှုတွဲထဲမှာတော့ အားလုံးပါပါတယ်။ နောက်ဆုံး ဦးတေဇ ကနေပြီးတော့ ဦးကျော်မင်း ကို တစ်ခါ ရောင်းတယ်ဆိုပြီးတော့ သူတို့အတွက်တော့ တော်တော်လေး မျှော်လင့်ချက် ကင်းမဲ့သွားသလို ဖြစ်တဲ့ အခါကျတော့ သူတို့ကလည်း ဒီမြေနီကုန်းမှာ ၁၉၅၂ ခုနှစ်၊ ကတည်းက ၁၉၉၅ ခုနှစ်အထိ သူတို့ဟာ ဒါ ရွာနေပြည်တိုင် သူတို့ဟာ တည်တည်ငြိမ်ငြိမ်၊ အိန္ဒြေရရ သူတို့ အရောင်းအဝယ် လုပ်လာတဲ့ ဈေးသည်တွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူတို့ကို ငဲ့ညှာသောအားဖြင့် အဲဒီနေရာမှာ တကယ်လို့ အဆောက်အဦ ဆောက်တယ်ဆိုရင်မှဘဲ တစ်နေရာမှာတော့ မြေညီထပ်လိုနေရာမှာ သူတို့ကို အပေါ်မှာ ဘာတွေပဲလုပ်လုပ်၊ သူတို့ကို နေရာလေးပေးပါဆိုပြီး သူတို့ အသနားခံတယ်လို့ အဲဒီလို ပြောပါတယ်။

အဲဒီတော့ ဒီဟာကာ ၁၉၉၅ တုန်းကနေပြီးတော့ ဖယ်ပေးနေရတဲ့ သူတွေ၊ အခု ၂၀၁၃ ခုနှစ် ရောက်သွားပြီ၊ သူတို့ ပေးခဲ့တဲ့ ကတိအတိုင်း မတည်တဲ့အခါကျတော့ ကျွန်မဆီကို ပို့တဲ့ စာသားထဲမှာ ဘယ်လိုရေးထားသလဲဆိုတဲ့ အခါကျတော့ သူတို့က ဒါသူတို့ အထက် အကြောင်းအရာပါ ကိစ္စနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဦးဝိစာရလမ်းရှိ မြေနီကုန်းဈေးအား အဆင့်မြင့်ဈေး ဆောက်ပေးမည်ဟူသော တာဝန်ရှိသူများ၏ ကတိကဝတ် မတည် ရုံမျှမက၊ ထူးကုမ္ပဏီအား ရောင်းချခဲ့သဖြင့် ယနေ့တိုင် ဈေးနေရာ ပြန်မရဘဲ ဒုက္ခရောက်နေ ကြရခြင်း ဖြစ်ပါသည်လို့ ဆိုပြီးတော့ အောက်ကနေပြီးတော့ ဈေးဟောင်းနေရာအား အခြား အဆောက်အဦ ဆောက်လုပ်နေခြင်းကို ဈေးသူ/ဈေးသား (၃၀၀)ကျော်သည် ပြင်းပြင်းထန်ထန် ကန့်ကွက်နေပါသည် ဆိုပြီးတော့ အထက်ပါကိစ္စနှင့်ပတ်သက်၍ ကော်မတီ၏ သုံးသပ်ချက်နှင့် ယခု လုပ်ဆောင်ချက်သည် လွဲချော်နေ၍ ဈေးသူ/ဈေးသားအားလုံး အလွန်စိုးရိမ်နေကြပါသည်။

သို့အတွက်ကြောင့် (၁၉)နှစ်လုံးလုံး နစ်နာဆုံးရှုံးနေသော ဈေးသူ/ဈေးသားများအပေါ် သနားသောအားဖြင့် အမြန်ဆုံးဈေး ပြန်လည်ဆောက်လုပ်ပေးပါရန် လေးစားစွာတင်ပြအပ်ပါသည် ဆိုပြီး ဒါ ကျွန်မဆီကို နောက်ဆုံးရောက်တာပါ။ အဲဒီတော့ ကျွန်မက ဒီအမှုတွဲထဲမှာ ပြန်ပြီးတော

အကုန်ကြည့်လိုက်တဲ့အခါကျတော့ကာ ကျွန်မတို့ရဲ့ အမျိုးသားလွှတ်တော်၊ အမျိုးသား လွှတ်တော် တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီကို ပေးထားတဲ့ စာတစ်စောင်၊ သူတို့ကပေးထား တာ မဟုတ်ဘူး။ ကော်မတီကနေပြီးတော့ ပြည်ထောင်စုဝန်ကြီးကို ပြည်ထောင်စုအစိုးရအဖွဲ့ကို ပေးထားတဲ့ စာတစ်စောင်ကို ကျွန်မတွေ့ပါတယ် ဒီထဲမှာ။ အဲဒီကျတော့ကာ အဲဒီစာကို တွေ့တဲ့အခါ ကျွန်မက ဒီ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားစာဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌကြီးဆီကို ကျွန်မက၊ ကျွန်မဒီစာရပြီးတော့ အမှုတွဲကို ဖတ်ပြီးတဲ့အခါကျတော့ ကျွန်မက ဖုံးနဲ့လှမ်းပြီးတော့ နည်းနည်းမေးမြန်းပါတယ်။ မေးမြန်းတဲ့ အခါကျတော့ ဥက္ကဋ္ဌကြီးက ပြောပြပါတယ်။ သူတို့ဒါကို အကျိုးအကြောင်းနဲ့တကွ၊ အမှုတွဲနဲ့တကွ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို ပို့ထားပါတယ်။ သို့သော် လည်း ပြည်ထောင်စုအစိုးရကနေပြီးတော့ တစ်စုံတစ်ရာ၊ အခုအချိန်အထိ ပြန်ကြားခြင်း မရှိသေး ပါဘူးလို့ အခုလို ဒါ ဆရာဦးအောင်ငြိမ်း က အဲဒီတုန်းက ကျွန်မတို့ကို ပြန်ပြီးတော့ ပြောပါတယ်။ အဲဒီတော့ အဲဒါနဲ့ပတ်သက်လို့ ကျွန်မတို့က စောစောကပြောသွားခဲ့သလိုပဲ ပုဒ်မ ၁၁(က)ကို ပြောပြီးတဲ့ အခါကျမှ ကျွန်မတို့နဲ့ ဒီတရားစီရင်ရေးမဏ္ဍိုင်နဲ့ အုပ်ချုပ်ရေးနဲ့ ကျွန်မတို့ ဥပဒေပြုရေးနဲ့ဟာ အပြန်အလှန်အကုန်လုံး လေးလေးစားစား ထိန်းကျောင်းပြီးတော့မှ ကျွန်မတို့က ပြည်သူလူထုရဲ့ အခက်အခဲတွေနဲ့ အမှန်တရားတွေကို ကျွန်မတို့က လွယ်လွယ်ကူကူ တစ်ခါတည်း လက်တွဲပြီး တော့ကာ ဖြေရှင်းဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

အခုတော့ အဲဒီလို မဟုတ်ဘဲနဲ့ အခြေအနေက လိုအပ်တာထက်ပိုပြီးတော့ ကြာသွားတဲ့ အခါမှာ စောစောကပြောတဲ့ ကျွန်မတို့ ကော်မတီက ပြောထားသလိုပဲ လိုအပ်တာထက်ပိုတဲ့ နစ်နာ ဆုံးရှုံးမှုတွေ ဖြစ်သွားမယ်ဆိုလို့ရှိရင်လည်း အဲဒါမကောင်းပါဘူး။ အဲဒီတော့ ကျွန်မတို့က ပြည်သူ ကြားထဲမှာ အချိန်တိုင်း၊ အချိန်အားတာနဲ့ ကျွန်မတို့ လှည့်ပြီးတော့၊ ဆင်းပြီးတော့ လေ့လာနေကြတဲ့ အခါမှာ ပြည်သူတွေရဲ့ တကယ်ဖြစ်နေတဲ့၊ ပကတိ ဘဝအခြေအနေတွေ၊ နစ်နာနေတာတွေ၊ တရား ဥပဒေတစ်ချို့နေရာမှာ မစိုးမိုးတာတွေ၊ တချို့နေရာကျတော့ မစိုးမိုးတာထက် နည်းနည်း ရက်ရက် စက်စက် ပုံစံမျိုးတွေပါ ကျွန်မတို့ တချို့နေရာတွေမှာ တွေ့နေရပါတယ်။

အထူးသဖြင့် အခုဆိုလို့ရှိရင်လည်း ရပ်/ကျေးအုပ်ချုပ်ရေးမှူး ခန့်တဲ့နေရာတွေမှာ၊ ရွေးတဲ့ နေရာတွေမှာ တကယ်တမ်း နိုင်ငံတော်ကတော့ ဥပဒေတွေ၊ နည်းဥပဒေတွေ ချပေးလိုက်တယ်။ သို့သော်လည်း အောက်မှာ ဥပဒေ၊ နည်းဥပဒေနဲ့ မညီတဲ့အခါကျတော့ ပြည်သူလူထုကနေ ပြီးတော့မှ ဒီဟာကို ဘယ်အချက်ကတော့ ဘယ်အချက်နဲ့ မညီလို့၊ အဲဒီဟာကိုတော့ ကျွန်တော်တို့က မကျေနပ် ပါဘူးလို့ ပြောတဲ့အခါ ကျွန်မတို့ကလည်း ကိုယ့်တာဝန်ဝတ္တရားရှိစွာနဲ့ ကျွန်မ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ရှိတဲ့အခါ ကျွန်မကပြောတယ် မင်းတို့ရဲ့နယ်မြေမှာ ဖြစ်နေတဲ့ ဒီလိုဟာ တွေကို နည်းနည်းပါးပါးလေး အကူအညီမပေးဘူးလားလို့ပြောတော့၊ ကျွန်မကို ဘာပြန်ပြောသလဲ ဆိုတော့ ကျွန်တော်တို့က အုပ်ချုပ်ရေးဘက်မှာ ဆောင်ရွက်နေတာတွေကို ကျွန်တော်တို့က ဝင်ရောက် စွက်ဖက်ခြင်း မရှိဘူး၊ မလုပ်ဘူးလို့ အဲဒီလိုပြောတယ်။

အဲဒီတော့ ကျွန်မက သူတို့လုပ်တာတွေ၊ ကိုင်တာတွေကို ကိုယ်ကဝင်ပြီးတော့ ဘာမှ စွက်ဖက်စရာလည်း မလိုဘူး။ သူတို့လုပ်ရမယ့် ကိစ္စတွေကို ကိုယ်ကလုပ်တာလည်း မဟုတ်ဘူး။ သို့သော်လည်း ဆောင်ရွက်ပြီးသွားပြီ၊ လုပ်ပြီးသွားပြီ။ သို့သော်ငြားလည်းပဲ အထက်ကချပေးလိုက်တဲ့

မူဝါဒသဘောတရားတွေ၊ ဥပဒေတွေ၊ နည်းဥပဒေတွေနဲ့ မညီလို့ ပြည်သူလူထုက ဒါကိုတော့ တည့်မတ်ပေးပါဆိုလို့ရှိရင် တာဝန်ရှိတယ်။ လဲနေရင်ထူရမယ်နော်၊ အားငယ်နေရင် အားပေးရမယ်။ ဒါကတော့ နိုင်ငံသားတစ်ယောက်မှာရှိတဲ့ တာဝန်နဲ့ပဲ လုပ်ဖို့ အဲဒါမျိုးကတော့ ရှိတယ်လို့ ကျွန်မ အဲဒီလိုပြောပါတယ်။ အဲဒီတော့ကာ ကျွန်မတို့ တကယ်လည်း ဒီမိုကရေစီနိုင်ငံကို ထူထောင်မယ်။ ကျွန်မတို့က တရားဥပဒေ စိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးကိုလည်း လိုချင်တယ်။ ဒါသန့်ရှင်းတဲ့ အစိုးရနဲ့ ကောင်းမွန်တဲ့အုပ်ချုပ်မှုကိုလည်း လိုချင်တယ်။ နောက်ပြီးတော့ ဖွံ့ဖြိုးလည်း တိုးတက်ချင်တယ်ဆိုလို့ရှိရင် ကျွန်မတို့တွေအကုန် လက်တွဲပြီးတော့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒီ ဒေါ်မစန်း ရဲ့ အမှုတွဲကို ကျွန်မတို့က ဒါရှေ့ကနေပြီးတော့မှ သာဓကယူပြီးတော့ ဒါလေးကို ဥပမာအနေနဲ့ ကြည့်ပြီးတဲ့အခါကျတော့ကာ ဘယ်ဟာဘယ်ဟာတွေဟာဖြင့် ဒေါ်စန်း ကို ဥပဒေက အကာအကွယ်ပေးနိုင်ပါလျက်နဲ့ ဥပဒေအကာအကွယ်ကို မပေးခဲ့ဘူး။ တချို့ဟာတွေကျတော့လည်း အထက်ကချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းဥပဒေတွေ ဖြစ်ပါလျက်နဲ့ အဲဒါကို မျက်ကွယ်ပြုပြီး လုပ်ခဲ့တယ်။ တကယ်ဆိုလို့ရှိရင် မစန်း ရဲ့ ပစ္စည်းတွေကို မစန်း လည်း မရှိဘူး။ တကယ်ပါသင့် ပါထိုက်တဲ့ သူတွေလည်း မပါဘဲနဲ့ ယူပြီးတဲ့ အခါကျမှ လမ်းပေါ်ပုံတာ၊ နောက်ပြီးတော့ အယူခံ ဝင်တာကို အယူခံဝင်ရက်ကျော်သွားပါလျက်နဲ့ အယူခံဝင်တာကို သက်ဆိုင်ရာ တရားရုံးက လက်သင့်ခံတာ စသည်ဖြင့် ကျွန်မတို့က ဒီ တောင်သူလယ်သမား တစ်ယောက်ရဲ့ ပိုင်ဆိုင်တဲ့ ပစ္စည်းပစ္စယတွေကို သိရဲ့သားနဲ့ ဒါတွေကို ဒါရောင်းတာ၊ ချတာ၊ လေလံ တင်တာ စသည်အားဖြင့် အဲဒါတွေဟာ တရားဥပဒေ မစိုးမိုးတာတွေ အဲဒီကျတော့ ဒါတွေကို ကြည့်ပြီးတဲ့ အခါကျတော့ ကျွန်မတို့ နောက်နောင်မှာ ဒီထဲမှာတော့ တောင်းထားပါတယ်။ ဆုပေး၊ ဒဏ်ပေး ဒီမှာ တရား စီရင်ရေးမဏ္ဍိုင်အပေါ် ပြည်သူတို့ အားကိုးယုံကြည်မှု မထိခိုက်မိ တာဝန်ရှိသူများအား ထိုက်သင့်သလို ပွင့်လင်းမြင်သာစွာ ဖော်ထုတ်အရေးယူသင့်ပါကြောင်း သုံးသပ်အကြံပြု တင်ပြအပ်ပါသည်လို့ ပါပါတယ်။ ကျွန်မကတော့ ဒါကို မကန့်ကွက်ပါဘူး။ သို့သော်ငြားလည်းပဲ ကျွန်မလည်း ဝန်ထမ်း ကလာတာဆိုတဲ့ အခါကျတော့ကာ ကျွန်မတို့ ဒီမှာ ဒီလောက်ဆွေးနွေးနေတယ်ဆိုရင်ပဲ သက်ဆိုင်ရာကတော့ တော်တော်လေး သူတို့ရဲ့ လုပ် -------------

**အချိန်၊ ၁၄း၃၅။**

**ဥက္ကဋ္ဌ။** ။ ခေါင်းစဉ်နဲ့ လွဲပြီလို့ ထောက်မယ်လုပ်လိုက်ရင် ပြန်တည့်သွားရင်း၊ လွဲပြီလို့ ထောက်မယ်လုပ်လိုက်ရင် ပြန်တည့်သွားရင်း အဲဒီတော့ နိဂုံးချုပ်ပါ။ အဆိုနှင့်စပ်လျဉ်းပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တရားသူကြီးက ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၆။**

**ဦးစိုးညွန့် (တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၂) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း (ဥက္ကဋ္ဌ၊ ပြည်သူတို့၏ တိုင်ကြားစာနှင့်

အသနားခံစာကော်မတီ)၏ အဆိုအပေါ်မှာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကိုယ်စား ပြန်လည်ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

ဟသ်ာတခရိုင်၊ လေးမျက်နှာမြို့နယ်တရားရုံး၊ တရားမကြီးအမှုအမှတ် ၂၃/၂၀၀၉ အမှုမှာ တရားလို ဦးစိုးဝင်း က တရားပြိုင် ဒေါ်မစန်းနှင့် ဦးမောင်စစ်(ခ) ဦးသစ္စာတို့ (၂)ဦးအပေါ်မှာ ငွေကျပ်(၁၂)သိန်း (၂)သောင်း ရလိုကြောင်း တရားစွဲဆိုခဲ့ပါတယ်။ လေးမျက်နှာမြို့နယ် တရားရုံးက တရားလို ဦးစိုးဝင်း စွဲဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်ပေးပါတယ်။ တရားပြိုင် ဒေါ်မစန်းက မြို့နယ်တရားရုံး၏ ဒီကရီကို ကျေနပ်မှု မရှိသည့်အတွက် ဟသ်ာတခရိုင် တရားရုံးကို အယူခံဝင်ရောက်တဲ့အခါမှာတော့ ဟသ်ာတခရိုင်တရားရုံးကအယူခံမှုကို တစ်စိတ်တစ်ဒေသခွင့်ပြုပြီးတော့ တရားပြိုင် ဒေါ်မစန်း နှင့် ဦးမောင်စစ် တို့က တရားလို ဦးစိုးဝင်း ကို ငွေကျပ်(၁၀)သိန်းနဲ့ (၅)သောင်းပေးစေရန် ပြင်ဆင် ဒီကရီချမှတ်ခဲ့ပါတယ်။ အနိုင်ဒီကရီကို အတည်ပြုတဲ့ အခါမှာတော့ ဇာရီတရားရုံးက တရားရှုံး ဒေါ်မစန်း ပိုင် အိမ်နှင့် မြေကို ရောင်းချပြီးတော့ အတည်ပြုဆောင်ရွက်ပေးပါတယ်။ ဒေါ်မစန်း က ၎င်းပိုင် အိမ်နှင့်မြေကို ရောင်းချပြီး၊ အတည်ပြုတဲ့အခါမှာ ၎င်းတစ်ဦးတည်းအပေါ် ဒီကရီအတည်ပြုတဲ့ကိစ္စကို ကျေနပ်မှု မရှိတဲ့အတွက် တရားစီရင်မှုအပေါ်မှာ ပြန်လည်စစ်ဆေးဆောင်ရွက်ပေးပါရန် အသနားခံစာ တိုင်ကြားချက်နဲ့ စပ်လျဉ်းပြီးတော့ကာ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီက ဖွဲ့စည်းပေးတဲ့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ရဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က အဆိုအဖြစ် အတည်ပြုခဲ့တဲ့အတွက် ပေါ်ပေါက်လာခဲ့တဲ့ အဆိုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေတို့အရ မြန်မာနိုင်ငံမှာ မြို့နယ်တရားရုံး၊ ခရိုင်တရားရုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ဆိုပြီးတော့ကာ ရုံးအဆင့်ဆင့်ကို ဖွဲ့စည်းထားပါတယ်။မြို့နယ်တရားရုံးဟာ အနိမ့်ဆုံးအဆင့် တရားရုံးဖြစ်ပြီးတော့ မူလအမှုတွေကို စစ်ဆေးစီရင်ပိုင်ခွင့်အာဏာ ရှိပါတယ်။ ခရိုင်တရားရုံးအဆင့်ကနေပြီးတော့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် အဆင့်အထိတောင် တရားရုံးတွေကတော့ မူလအမှုစစ်ဆေးစီရင်ပိုင်ခွင့် အာဏာအပြင် အယူခံ စစ်ဆေးစီရင်ပိုင်ခွင့် အာဏာနဲ့ ပြင်ဆင်မှု စစ်ဆေးစီရင်ပိုင်ခွင့်အာဏာတွေကိုလည်း ရရှိကြပါတယ်။

အယူခံတရားရုံးများကို ဖွဲ့စည်းတည်ထောင်ထားရခြင်း ရည်ရွယ်ချက်ကတော့ မူလတရားရုံးက ချမှတ်တဲ့ အမိန့်၊ ဒီကရီ၊ ဆုံးဖြတ်ချက်တွေဟာ အမှားအယွင်း ရှိခဲ့မယ်ဆိုလို့ရှိရင် အဆင့်မြင့် တရားရုံးကနေပြီးတော့ ပြင်ဆင်တည့်မတ်ပေးနိုင်ရန် ဖြစ်ပါတယ်။ မူလရုံးကချမှတ်တဲ့ အမှုတိုင်းဟာ ရာခိုင်နှုန်းပြည့်မှန်မယ်လို့ မျှော်မှန်းထားလို့မရပါဘူး။ ဒီလိုမျှော်မှန်းထားရင်လည်း သဘာဝ မကျနိုင် ပါဘူး။ ဒါကြောင့် နိုင်ငံတိုင်းမှာ အယူခံရုံးအဆင့်ဆင့်ဆိုတာကို ဥပဒေနဲ့အညီ ဖွဲ့စည်းတည်ထောင် ထားရတာ ဖြစ်ပါတယ်။ မူလရုံးတွေရဲ့ မှားယွင်းတဲ့ အမိန့်၊ စီရင်ချက်၊ ဆုံးဖြတ်ချက်တွေကို ပြင်ဆင် တည့်မတ်ပေးနိုင်တာကတော့ အယူခံရုံးနဲ့ ပြင်ဆင်မှု တရားရုံးများပဲ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ပြည်ထောင်စု တရားစီရင်ရေး ဥပဒေတို့မှာ ပြဋ္ဌာန်းထားတဲ့ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများအရ ပြည်သူတွေဟာ ဥပဒေနဲ့အညီ အယူခံပိုင်ခွင့်များ ရရှိကြ

ပါတယ်။ အဲဒီလို ဥပဒေအရ ရရှိထားတဲ့ အယူခံခွင့် အခွင့်အရေးကို ဥပဒေနဲ့အညီပဲ ကျင့်သုံးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် တရားရုံးတစ်ရုံးရဲ့ ဒီကရီအမိန့်အပေါ်မှာ အယူခံဝင်တဲ့အခါမှာ တည်ဆဲဥပဒေ ဖြစ်တဲ့ ကာလစည်းကမ်းသတ် ဥပဒေနဲ့ အညီသာ အယူခံဝင်ရောက်ခွင့် ရှိပါကြောင်း တင်ပြအပ် ပါတယ်။ ကာလစည်းကမ်း သတ်ဥပဒေက သတ်မှတ်ထားတဲ့ ကာလအတွင်းမှာ အယူခံဝင်ရောက် ရမှာ ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ ကာလစည်းကမ်းသတ် ကုန်ဆုံးသွားပြီဆိုရင်တော့ အယူခံဝင်ခွင့် မရနိုင်တော့ပါဘူး။ အယူခံဝင်ခွင့်ဟာ ကုန်ဆုံးသွားပြီ ဖြစ်ပါတယ်။

ဒေါ်မစန်း ဟာ လေးမျက်နှာ မြို့နယ် တရားရုံးက ချမှတ်တဲ့ ဒီကရီကို မကျေနပ်တဲ့အတွက် ဟင်္သာတခရိုင်တရားရုံးကို အယူခံဝင်ရောက်တဲ့အခါမှာ ခရိုင်တရားရုံးက ပြင်ဆင်ဒီကရီ ချမှတ် ပေးခဲ့ပါတယ်။ ဟင်္သာတခရိုင် တရားရုံးက ချမှတ်တဲ့အမိန့်ကို မကျေနပ်သေးပါက ဒေါ်မစန်း အနေနဲ့ ဥပဒေနှင့် အညီ ပြင်ဆင်မှု လျှောက်ထားပိုင်ခွင့်ရှိပါတယ်။ တန်ဘိုးနည်းတဲ့ အမှုတွေမှာ ဒုတိယအကြိမ် အယူခံဝင်ခွင့် ပြုမထားတဲ့အတွက် ပြင်ဆင်မှု လျှောက်ထားနိုင်ရန်အတွက် လမ်းဖွင့်ပေးထားပါတယ်။ ဒုတိယအယူခံဝင်ခွင့် မရှိတဲ့ အမှုမျိုးတွေမှာ ခရိုင်တရားရုံးက ချမှတ်တဲ့ အမိန့်တွေဟာလဲ မှားယွင်း နိုင်တဲ့အတွက် အမှုသည်တွေ နစ်နာမှု မရှိအောင်ဆိုပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြင်ဆင်မှု လျှောက်ထားနိုင်ရန် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ခရိုင်တရားရုံးရဲ့ အမိန့်အပေါ်မှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ခြွင်းချက်အရ ပြင်ဆင်မှု ဖွင့်ပေးဖို့ လျှောက်ထားလာရင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ပြီးတော့ ပြင်ဆင်မှု ဖွင့်လှစ်ကာ မှားယွင်း ချွတ်ချော်မှုတွေကို တွေ့ရှိရင် ပြင်ဆင်တည့်မတ်ပေးပါတယ်။ ဒေါ်မစန်း တင်သွင်းတဲ့ အယူခံမှုကို ဟင်္သာတခရိုင် တရားရုံးက ၁၃-၁-၂၀၁၀ နေ့မှာ ပြင်ဆင်ဒီကရီ ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ ဟင်္သာတခရိုင်တရားရုံးရဲ့ ဒီကရီကို ဒေါ်မစန်း အနေနဲ့ ကျေနပ်မှု မရှိသေးပါက ကာလစည်းကမ်းသတ် အတွင်းမှာ ပြင်ဆင်မှု လျှောက်ထားပိုင်ခွင့် ရှိပါတယ်။ ဒီအခွင့်အရေးကို ဒေါ်မစန်း အနေဖြင့် ရယူခဲ့ခြင်းမရှိပါဘူး။ ဒေါ်မစန်း ဟာ ယနေ့အထိ ပြင်ဆင်မှု လျှောက်ထားခဲ့ခြင်း မရှိတဲ့အတွက် ပြင်ဆင်မှု လျှောက်ထားခွင့် စည်းကမ်းသတ်ကာလ ကျော်လွန်သွားခဲ့ပြီ ဖြစ်ပါတယ်။

ဒါ့အပြင် နောက်ထပ် အရေးကြီးတဲ့ အချက်တစ်ခုကတော့ တရားနိုင်က အနိုင်ဒီကရီကို ဒီကရီပြုတဲ့အခါမှာ ဇာရီရုံးက ဆောင်ရွက်ချက်တွေအပေါ်မှာ မကျေနပ်သေးပါက တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၄၇ ပါ ပြဋ္ဌာန်းချက်များအရ တရားရှုံး ဒေါ်မစန်း က တရားတစ်ထုံးစွဲဆိုရန် မလိုဘဲနဲ့ ဒီကရီဇာရီကို အတည်ပြုတဲ့ မြို့နယ်တရားရုံးကို တင်ပြခွင့်ရှိပါသေးတယ်။ ဒီ တင်ပြချက်အပေါ်မှာ မြို့နယ်တရားရုံးက ဆောင်ရွက်မပေးရင် ဒါမှမဟုတ် မြို့နယ်တရားရုံးက ချမှတ်တဲ့အမိန့်ကို မကျေနပ်လျှင် မြို့နယ်တရားရုံး က ဒီချမှတ်တဲ့ အမိန့်အပေါ်မှာ ခရိုင်တရားရုံးကို အယူခံဝင်ခွင့် ရှိပါသေးတယ်။ ဒေါ်မစန်း ဟာ အစီရင်ခံစာမှာ ဖော်ပြထားတဲ့ လေလံတင်ရောင်းချရာမှာ မပါတဲ့ သစ်များကို ယူသွားတဲ့ ကိစ္စမျိုးစသည်တို့ ဖြေရှင်းပေးဖို့ ဇာရီတရားရုံးမှာ သူ တင်ပြနိုင်ပါတယ်။ သို့သော်လည်း ဒေါ်မစန်း က တင်ပြခဲ့ခြင်းမရှိပါဘူး။ ဇာရီ တရားရုံးက ချမှတ်ထားတဲ့ အမိန့်များ အပေါ်မှာလည်း ခရိုင်တရားရုံးသို့ အယူခံ ဝင်ရောက်ခဲ့ခြင်း မရှိကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့် ဇာရီမှုမှာ ချမှတ်တဲ့ အယူခံဝင်ခွင့်ရှိတဲ့ အမိန့်များအပေါ် အယူခံဝင်ခွင့်ဟာလည်း ကာလ စည်းကမ်းသတ် ကျော်လွန်သွားပြီ ဖြစ်ပါတယ်။

ဒေါ်မစန်း က ပြည်သူတို့ရဲ့ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီကို တိုင်ကြားသည့်နေ့ဟာ ၈-၁၁-၂၀၁၁ ရက်နေ့ဖြစ်ပါတယ်။ ဒေါ်မစန်း ဟာ တရားဥပဒေအရ ပေးအပ်ထားတဲ့ အယူခံပိုင်ခွင့်၊ ပြင်ဆင်မှု လျှောက်ထားပိုင်ခွင့် အခွင့်အရေးတွေကို ဥပဒေနှင့်အညီ ရယူကျင့်သုံးပိုင်ခွင့် အခွင့်အရေး အပြည့်အ၀ ရှိပါလျက်နဲ့ ဥပဒေလမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်း မပြုဘဲနဲ့ ကာလစည်းကမ်းသတ်ဥပဒေအရ စည်းကမ်းသတ်ကာလများစွာ ကျော်လွန်ပြီးတော့ (၁)နှစ်နဲ့ (၁၀)လကျော်မှ တိုင်ကြားစာပို့ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကာလစည်းကမ်းသတ်ဥပဒေဟာ အတည်ဖြစ်နေတဲ့ ဥပဒေဖြစ်ပါတယ်။ တရားရုံးတွေဟာ အမှုတွေမှာ ဒီဥပဒေအတိုင်းပဲ လိုက်နာဆောင်ရွက်ကြရပါတယ်။ အယူခံမှုတွေ၊ ပြင်ဆင်မှုတွေ လျှောက်ထားရာမှာ သတ်မှတ်ထားတဲ့ စည်းကမ်းသတ်ကာလအတွင်း လျှောက်ထားခြင်း မပြုလို့ ပယ်ခဲ့ရတဲ့ အမှုတွေ အများကြီးပဲ ရှိပါတယ်။ တရားရုံးများကတော့ ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေ အတိုင်းသာ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒေါ်မစန်း ဟာ မိမိရရှိထားတဲ့ အခွင့်အရေးကို၊ အယူခံပိုင်ခွင့် အခွင့်အရေးကို အကျိုးရှိအောင် အသုံးမပြုခဲ့ပါဘူး။ ဥပဒေမှာ ဆိုရိုးစကားတစ်ခုရှိပါတယ်။ အိပ်ပျော်နေသူကို အခွင့်အရေးပေးရန် မဟုတ်လို့ ဖြစ်ပါတယ်။ ဒေါ်မစန်း ဟာ အယူခံမှု၊ ပြင်ဆင်မှု မလျှောက်ထားဘဲ အိပ်ပျော်နေခဲ့ပါတယ်။ တစ်ရေးနိုးမှ တိုင်ကြားလာတာကို ဆောင်ရွက်ပေးလို့ မရနိုင်တော့ပါဘူး။ စည်းကမ်းသတ်ကာလများစွာ ကျော်လွန်ပြီးမှ တိုင်ကြားလာတဲ့ ဒေါ်မစန်း ရဲ့ တိုင်စာကို လက်ခံစဉ်းစားပေးမယ်ဆိုရင်လည်း ကာလစည်းကမ်းသတ် ဥပဒေဟာ အဟောသိကံဖြစ်ဖွယ်ရာသာ ရှိပါတော့တယ်။ ဒေါ်မစန်းရဲ့ နမူနာကို ယူပြီးတော့ ကာလစည်းကမ်းသတ် ကျော်နေတဲ့ အမှုတွေကို ဥပဒေ လမ်းကြောင်းအတိုင်း အယူခံမှု၊ ပြင်ဆင်မှု မလျှောက်ကြတော့ဘဲ တိုင်စာဖြင့် တိုင်ကြားလာကြတော့မှာ ဖြစ်ပါတယ်။ နိုင်ငံသားတိုင်းဟာ ဥပဒေအရာမှာ ညီမျှကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကာလစည်းကမ်းသတ် ကျော်ပြီးရင်တော့ အခြား ပြည်သူများလိုပဲ သက်သာခွင့် မရနိုင်တော့ပါဘူး။ ဒါကြောင့် ဒေါ်မစန်း ရဲ့ တိုင်စာကို ခွင့်ပြုရန် မသင့်တော့ပါကြောင်း၊ ခွင့်ပြုခဲ့မယ်ဆိုရင် ကာလစည်းကမ်းသတ် ကျော်နေတာကို တစ်ဖက်လှည့်နဲ့ အခွင့်အရေးပေးရာ ရောက်ပါလိမ့်မယ်။ ဥပဒေအရ ပေးထားတဲ့ အခွင့်အရေးကို ဥပဒေနဲ့အညီ ရယူရန်သာ အားပေးသင့်ပါကြောင်း ပထမအချက်အနေဖြင့် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလေးအနက်ထားပြီးတော့ စဉ်းစားသင့်တဲ့ ဒုတိယတစ်ချက်ကိုလည်း တင်ပြလိုပါတယ်။ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က မြို့နယ်တရားရုံး၊ ခရိုင်တရားရုံးတို့၏ ဆုံးဖြတ်ချက်များဟာ မှားယွင်းကြောင်း၊ ဥပဒေနှင့် မညီကြောင်း၊ တိုင်ကြားသူ ဒေါ်မစန်း ဟာ ဥပဒေရဲ့ အကာအကွယ်ကို မရခဲ့ကြောင်း၊ စိစစ်တွေ့ရှိချက်ကို တင်ပြထားပါတယ်။ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ရဲ့ တွေ့ရှိချက်ကို အတည်ပြုဖို့ဆိုလို့ရှိရင် ဒီစစ်ဆေးရေးအဖွဲ့ရဲ့ စစ်ဆေးတွေ့ရှိချက်ဟာ ဥပဒေနဲ့ ညီညွတ်ဖို့ လိုအပ်ပါတယ်။ ဒီအချက်ဟာ အလွန်အရေးကြီးပါတယ်။ စစ်ဆေးတွေ့ရှိချက်တွေဟာ ဥပဒေနဲ့ ညီညွတ်မှသာ ကျွန်တော်တို့ အတည်ပြုနိုင်မှာ ဖြစ်ပါတယ်။

ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က ဟင်္သာတခရိုင်တရားရုံးရဲ့ အမိန့်အရ အမှတ်(၁) တရားရှုံး ဒေါ်မစန်း အပေါ်မှာ ဒီကရီကို ဆက်လက်အတည်ပြုခြင်းဟာ အမှတ်(၂)တရားရှုံး ဦးမောင်စစ် ကို ဖယ်ထုတ်လိုက်ရာ ရောက်တဲ့အတွက် တရားပြိုင်(၂)ဦးအပေါ်မှာ အတည်ပြုရန် ချမှတ်ထားသည့် ဒီကရီ၏ အကာအကွယ်ကို ဒေါ်မစန်း မရဘူးလို့ အဓိကထားပြီ သုံးသပ်ထားပါတယ်။

တိုင်ကြားသူ ဒေါ်မစန်း ဟာ တရားပြိုင်(၂)ဦးအပေါ်မှာ အတည်ပြုရန် ချမှတ်ထားတဲ့ ဒီကရီကို ၎င်းတစ်ဦးတည်းအပေါ်မှာ အတည်ပြုတာကို မကျေနပ်လို့ တိုင်ကြားခြင်းဖြစ်တဲ့အတွက် ဒီအချက်ဟာ တိုင်စာမှာ အရေးအပါဆုံးအချက် အဓိကအကျဆုံးအချက် ဖြစ်ပါတယ်။ ဒါကြောင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ရဲ့ တင်ပြချက်ဟာ ဥပဒေနဲ့ ညီသလား၊ ခရိုင်တရားရုံးရဲ့ အမိန့်ဟာ ဥပဒေနဲ့ ညီသလားဆိုတာကို စိစစ်ဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရုံးတစ်ရုံးရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ ဒီစစ်ဆေးရေးအဖွဲ့က သုံးသပ်ထားတဲ့ကိစ္စကို ဝေဖန်ဖို့ သုံးသပ်ပေးဖို့ ခွင့်ပြုပေးပါရန် လေးစားစွာ ကျွန်တော် တင်ပြအပ် ပါတယ်ခင်ဗျား။ ဘာကြောင့်လဲဆိုတော့ ပြီးခဲ့တဲ့ ပဏာမတုန်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဦးမြသိန်း ရဲ့ တင်ပြချက်တွေဟာ အမှုတွဲမှာ ပေါ်ပေါက်တဲ့ အချက်အလက်တွေကို ဥပဒေအရ သုံးသပ်ပြီးတော့ သူရဲ့ ထင်မြင်တွေ့ရှိချက်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား တင်ပြခြင်း ဖြစ်ပါတယ်။ ဒီလိုတင်ပြတဲ့နေရာမှာတော့ အဆိုပြုသူရဲ့ အဆိုပြုချက်နဲ့ အမြင်မတူတာ မကိုက်ညီ တာတွေ ရှိကောင်းရှိနိုင်ပါတယ်။ သို့သော်လည်းပဲ ပြည်ထောင်စု တရားလွှတ်တော်ချုပ် အနေနဲ့က ဒီအဆိုပြုတဲ့ အဆိုတစ်ခုကို ဆုံးဖြတ်နိုင်ဖို့အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ ဆုံးဖြတ်တဲ့နေရာမှာ အထောက်အကူဖြစ်စေနိုင်ဖို့အတွက် လွတ်လပ်စွာနဲ့ မိမိတို့ရဲ့ သဘောရိုးနဲ့ တွေ့ရှိချက်ကို တင်ပြခြင်းဖြစ်ပါတယ်။ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာကို ကျဆင်းရန်အတွက် ရည်ရွယ်ချက် မရှိပါကြောင်းနဲ့ ပေါ့ပေါ့တန်တန် တင်ပြခြင်းလည်း မဟုတ်ပါကြောင်းကို ဖြေရှင်းတင်ပြအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီး တင်ပြလိုတာကတော့ အဆိုကို ထောက်ခံကြသူများဟာ ကွင်းဆင်း စစ်ဆေးရေးအဖွဲ့ရဲ့ အစီရင်ခံစာကို အခြေပြုပြီးတော့ ထောက်ခံကြတာ ဖြစ်တဲ့အတွက် ကွင်းဆင်း စစ်ဆေးရေး အဖွဲ့ရဲ့ သုံးသပ်ချက်ဟာ ဥပဒေ နဲ့ ညီညွတ်မှန်ကန်ပါသလားဆိုတာကို ကျွန်တော်တို့က စိစစ်တင်ပြရခြင်းပဲ ဖြစ်ပါတယ်။

ဟင်္သာတခရိုင်တရားရုံး၊ တရားမ အယူခံမှုအမှတ် ၃၉/၂၀၀၉ မှာ အောက်ပါအတိုင်း အမိန့်ချမှတ်ထားပါတယ်။ ဤအယူခံမှုကို တစ်စိတ်တစ်ဒေသခွင့်ပြုသည်။ လေးမျက်နှာတရားရုံး၊ တရားမကြီးအမှုအမှတ် ၂၃/၂၀၀၉ မှာ (၁)တရားပြိုင် ဒေါ်မစန်း နှင့် (၂) တရားပြိုင် ဦးမောင်စစ်တို့က တရားလို ဦးစိုးဝင်း သို့ ငွေကျပ်(၁၂၀၀၀၀) ပေးဆပ်စေရန် ဒီကရီအစား ငွေ(၁၀၅၀၀၀၀)ကျပ်ကို ပေးဆပ်စေရန် ပြောင်းလဲအမိန့်ချသည်ဟု ချမှတ်ထားပါတယ်။

ဟင်္သာတခရိုင်တရားရုံးရဲ့ ဒီကရီမှာ ချမှတ်ထားတာကို သေသေချာချာကြည့်မယ်ဆိုရင် (၁) တရားပြိုင်ဒေါ်မစန်း နှင့် (၂) တရားပြိုင် ဦးမောင်စစ် တို့ဟာ တရားလို ဦးစိုးဝင်း ကို ငွေကျပ် (၁၀၅၀၀၀၀) ပေးဆပ်စေဖို့ဆိုပြီးတော့ ဒီကရီ ချမှတ် ထားတာ ဖြစ်ပါတယ်။ ပဋိညာဉ် ဥပဒေပုဒ်မ ၄၃ မှာ အောက်ပါ ပြဋ္ဌာန်းချက် ရှိပါတယ်။ ပဋိညာဉ် ဥပဒေပုဒ်မ ၄၃ က နှစ်ဦး သို့မဟုတ် နှစ်ဦးထက်

ပိုသူများဟာ တွဲဖက်၍ ကတိပြုကြသည့်အခါ ဆန့်ကျင်ကွဲလွဲသော ဒီကရီ မရှိလျှင် သဘောတူညီချက် မရှိလျှင် ကတိရသူသည် တွဲဖက် အဆိုပြုသူများအနက် တစ်ဦးဦးကို ဖြစ်စေ၊ တစ်ဦးထက် ပိုသူများကို ဖြစ်စေ ကတိတစ်ရပ်လုံးကို အတင်းအကြပ် ဆောင်ရွက်စေနိုင်သည်။ ဒီလိုပြဋ္ဌာန်းချက် ရှိပါတယ်။ ဥပမာများ အနေနဲ့လည်းဖော်ပြပါတယ်။ ဥပမာ (က)က မောင်ဖြူ မောင်နီ နှင့် မောင်နက် တို့ဟာ မောင်ဝါ ကို ငွေကျပ်(၃၀၀၀)ပေးရန် တွဲဖက်၍ ကတိပြုကြ၏။ မောင်ဝါ ဟာ မောင်ဖြူ သို့မဟုတ် မောင်နီ သို့မဟုတ် မောင်နက်အား ငွေကျပ်(၃၀၀၀)ကို မရမနေ တောင်းခွင့်ရှိသည်လို့ ဥပမာနဲ့ ဖော်ပြထားပါတယ်။

ဆက်လက်ပြီး အများသိပြီးဖြစ်တဲ့ သာဓကတစ်ခုကိုလည်း တင်ပြပါမယ်။ တရားရုံးမှာ တရားခံကို အာမခံ ရဖို့အတွက် ချုပ်ဆိုရတဲ့ ခံဝန်ချုပ်မှာလည်း တစ်သိန်းတန် ခံဝန်ချုပ်နဲ့ ခံဝန်သူ နှစ်ဦးက အာမခံတယ်ဆိုရင် ခံဝန်ဖောက်ဖျက်တဲ့အခါမှာ  ခံဝန်သူ နှစ်ဦးကို တွဲဖက်လျက်ဖြစ်စေ၊ တစ်ဦးတည်းက ဖြစ်စေ အာမခံထားတဲ့ ငွေကျပ်တစ်သိန်းကို ပေးလျော်ရပါတယ်။ တစ်ဦးတည်းက အာမခံထားတဲ့ ငွေတစ်ဝက် (၅၀၀၀၀)ကို ပေးလျော်လို့ မရပါဘူး။ ဒီသဘောတရားကို တရားရုံးနဲ့ နီးစပ်သူများ သိရှိကြပါတယ်။

ဟသ်ာတခရိုင် တရားရုံးက (၁)တရားပြိုင်ဒေါ်မစန်းနဲ့(၂) တရားပြိုင် ဦးမောင်စစ် တို့ကို တရားလိုဦးစိုးဝင်း သို့ ငွေကျပ် (၁၀၅၀၀၀၀)ပေးစေရန် ဒီကရီချမှတ်ထားတဲ့အတွက် ဒီကရီကို အတည်ပြုတဲ့အခါမှာ ဒေါ်မစန်း ဒါမှမဟုတ် ဦးမောင်စစ် တစ်ဦးဦးအပေါ်မှာ အတည်ပြုခြင်းဟာ ဥပဒေနဲ့ ညီညွတ်ကြောင်းပေါ်လွင်ပါတယ်။ အရပ်သားအမြင်နဲ့ ကြည့်မယ်ဆိုလျှင် နှစ်ဦးအပေါ် တွဲဖက်၍ ဒီကရီ ချမှတ်ထားတာဖြစ်တဲ့အတွက် တစ်ဦးလျှင် ဒီကရီကျငွေရဲ့ တစ်ဝက်ကိုသာ ပေးဆပ်ရန် တာဝန်ရှိတယ်လို့ တွေးကြမှာ ဖြစ်ပါတယ်။ တကယ်တော့ ဒီကရီမှာကိုက ခုန ကျွန်တော် ဖတ်ပြခဲ့တဲ့အတိုင်းပဲ ဒေါ်မစန်း နဲ့ ဦးမောင်စစ် တို့ဟာ ဒီကရီကျငွေရဲ့ တစ်ဝက်စီကို ပေးရမယ်လို့ မပါရှိပါဘူး။ ဒီကရီကျငွေတစ်ရပ်လုံးကို နှစ်ဦးလုံးကပေးဖို့ တာဝန်ရှိတဲ့အတွက် တရားရုံးကတော့ နှစ်ဦးလုံး အပေါ်မှာဖြစ်စေ၊ တစ်ဦးတည်းအပေါ်မှာဖြစ်စေ အတည်ပြုရမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် တင်ပြခဲ့တဲ့ အတိုင်း တရားရုံးက ဒေါ်မစန်း တစ်ဦးတည်းအပေါ်မှာ ဒီကရီအတည်ပြုခြင်းဟာဖြင့် ဥပဒေ ပြဋ္ဌာန်းချက်နဲ့ ညီညွတ်ကြောင်း တွေ့ရှိရပါတယ်။ ဒေါ်မစန်း ဟာ ဒီကရီကျငွေ တစ်ရပ်လုံးကို ပေးလိုက် ရတဲ့အတွက် နစ်နာတယ်လို့ ထင်စရာအကြောင်းရှိပါတယ်။

ဒေါ်မစန်း အနေဖြင့် ဦးမောင်စစ်ထံမှ  ဒီကရီကျငွေ တစ်ဝက်ကို ရခွင့်ရှိကြောင်း ပဋိညာဉ် ဥပဒေ ပုဒ်မ ၄၃၊ ဥပမာ(ဂ)မှာ တစ်ဆက်တည်းပဲ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ဒေါ်မစန်း က နစ်နာတယ်လို့ ယူဆရင်တော့ ဥပဒေအရ အခွင့်အရေးရှိတဲ့အတိုင်း ဥပဒေနဲ့အညီ ဆောင်ရွက်ရန် သာရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒီကရီ ကျငွေကျပ်(၁၀)သိန်း (၅)သောင်းကို ဒေါ်မစန်း တစ်ဦး တည်းက ပေးဆပ်ရတာဟာ ဒေါ်မစန်း အတွက် နစ်နာမှုမရှိကြောင်းကို တင်ပြစရာ အခြားတစ်ချက် တစ်ခုလည်း ရှိပါသေးတယ်။ ဒေါ်မစန်း တင်ပြထားတဲ့အထဲမှာ ၎င်း၏ခင်ပွန်း ရေးမှတ်ထားတဲ့ စာရင်း စာအုပ်တစ်ခုကို တင်ပြပါတယ်။ အဲဒီစာရင်းစာအုပ်မှာ ဦးမောင်စစ် ယူငွေ (၅)သိန်း (၈)သောင်း (၉)ထောင်လို့ ဖော်ပြထားပါတယ်။ ခုနတုန်းကလည်း ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး တစ်ဦးကလည်း ဒီကိစ္စကို တင်ပြသွားပြီး ဖြစ်ပါတယ်။ ဆိုလိုတဲ့ သဘောကတော့

ဦးမောင်စစ်က ဒေါ်မစန်း ယောကျ်ားထံမှ ငွေယူတာ ဖြစ်ပြီးတော့ တရားလို ဦးစိုးဝင်း ထံမှ ယူတာ မဟုတ်ကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်။

ဒေါ်မစန်း ရဲ့ ယောကျ်ားကသာ တရားလို ဦးစိုးဝင်း ထံမှ ငွေအားလုံးကိုယူခြင်းဖြစ်တဲ့ အတွက် ယောကျ်ားရဲ့အမွေကိုဆက်ခံသူ ဒေါ်မစန်းအနေနဲ့ ချေးငွေအားလုံးကို ပေးဆပ်ဖို့ တာဝန် ရှိတာကတော့ အလွန်မြင်သာထင်ရှားတဲ့ အချက်ပဲဖြစ်ပါတယ်။ ဒီတစ်ချက်ကို ခရိုင်တရားရုံးကလည်း တွေ့ရှိပါတယ်။ တွေ့ရှိတဲ့အတွက် ခရိုင်တရားရုံးက တရားလိုနဲ့ ဦးမောင်စစ် တို့ကြားမှာ ငွေပေးငွေယူ မရှိကြောင်း၊ ဦးမောင်စစ် က တရားလိုကို ငွေပြန်ပေးဖို့ တာဝန်မရှိကြောင်း သုံးသပ်ထားပါတယ်။ သို့သော်လည်းပဲ ဦးမောင်စစ်က အယူခံမဝင်ခဲ့လို့သာ မြို့နယ်တရားရုံးရဲ့ အမိန့်ကို ဒီကရီကို အတည် ပြုခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် အမှုတွဲမှာ ပေါ်ပေါက်နေတဲ့ သက်သေအထောက်အထားများ အရ ဆိုရင်လည်း ဒေါ်မစန်း တစ်ဦးတည်းက ဒီကရီကျငွေအားလုံးကို ပေးဆပ်ရတာဖြစ်လို့ ဒေါ်မစန်း အတွက် နစ်နာမှုမရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ အတိုးငွေကိစ္စ တင်ပြပါမယ်။ ကွင်းဆင်းစစ်ဆေးရေး အစီရင်ခံစာမှာ ငွေတိုးချစားသူများရဲ့ ဥပဒေအကာအကွယ်ကို ဒေါ်မစန်း ဟာ မရရှိခဲ့ဘူးလို့ တင်ပြထားပါတယ်။ အဆိုကို ထောက်ခံကြသူများက အစီရင်ခံစာကိုပဲ တစ်ဖက်တည်းပဲ ကြားနာခွင့် ရရှိကြတဲ့အတွက် ဒီအစီရင်ခံစာကို အခြေပြုပြီးတော့ ဆွေးနွေးသွားကြတာ တွေ့ရှိရပါတယ်။ အမှန်တရားကို ရရှိဖို့ အတွက်ကတော့ နှစ်ဖက်စလုံးကို ကြားနာဖို့ လိုအပ်ပါတယ်။ နှစ်ဖက်စလုံးကို ကြားနာမှသာလျှင် အမှုဖြစ်ပျက်ပုံ ပြည့်ပြည့်စုံစုံ သိရှိပြီးတဲ့ အခါကျမှ မှန်ကန်တဲ့ဆုံးဖြတ်ချက်ကို ချမှတ်နိုင်မှာ ဖြစ်ပါတယ်။ တရားလို ဦးစိုးဝင်း က တရားစွဲဆိုတဲ့အခါမှာ ချေးငွေအပေါ်မှာ အတိုးတောင်းပြီးတော့ တရားစွဲဆိုခြင်း မဟုတ်ပါဘူး။ သူရဲ့ အဆိုလွှာမှာ တရားပြိုင်က ငွေလာချေးတဲ့ အခါမှာ တရားလိုက မိမိမှာ ချေးစရာ ငွေမရှိဘူး။အခြားသူဆီကယူပေးရမှာဖြစ်တယ်လို့ပြောတဲ့အခါမှာ တရားပြိုင်က သဘောတူတဲ့အတွက် အခြားသူထံမှ ငွေကိုယူပြီးတော့ တရားပြိုင်ကို ချေးလိုက်ခြင်း ဖြစ်ကြောင်း၊ အဲဒီလို ချေးလိုက်တဲ့ အတွက် ချေးသူကို ၄င်းက အတိုးငွေပေးရတဲ့အတွက် ချေးငွေနဲ့ မိမိပေးရတဲ့အတိုးကို တရားပြိုင်ထံ တောင်းဆို ရခြင်း ဖြစ်ကြောင်း အဆိုလွှာမှာ ဖော်ပြထားပါတယ်။ တရားလိုပြ သက်သေများကလည်း ထောက်ခံထွက်ဆိုကြပါတယ်။ တရားလိုဟာ အခြားသူထံက ငွေချေးပြီးတော့မှ ဒေါ်မစန်းယောကျ်ားကို ချေးပေးတာဖြစ်ကြောင်း ထောက်ခံတဲ့ သက်သေတွေလည်း ရှိပါတယ်။

ဒါကြောင့် မြို့နယ်တရားရုံးကတော့ တရားလို တောင်းဆိုတဲ့အတိုင်း တရားလိုနစ်နာတဲ့ငွေ (၁၂)သိန်း (၂)သောင်းပေးဖို့ အမိန့်ချမှတ်ပါတယ်။ ဒီ(၁၂)သိန်း (၂)သောင်းဆိုတာက သူချေးတာနဲ့ သူရဲ့နစ်နာတဲ့ငွေကို ပေါင်းပြီးတော့ တောင်းခြင်းဖြစ် ပါတယ်။ ဒီအတိုင်းချပါတယ်။ ခရိုင်တရားရုံး ကတော့ တရားပြိုင် ဒေါ်မစန်း ဟာ တရားလိုကို (၁၀)သိန်း(၅)သောင်း ပေးမယ်လို့ ပဋိညာဉ် တစ်ရပ် ရှိတာကို သွားတွေ့ပါတယ်။ ဒေါ်မစန်း က ပေးပါမယ် ကျွန်မ ပေးတဲ့အခါမှာ (၁၀)သိန်း (၅)သောင်း တော့ ပေးမယ်လို့ ပဋိညာဉ်တစ်ရပ်ရှိတာကို သွားတွေ့တဲ့အခါမှာတော့ ဒီပဋိညာဉ်အတိုင်းပဲ ပေးစေ တာဟာ နှစ်ဖက်စလုံးအတွက် မျှတမယ်လို့ သုံးသပ်ပြီးတော့ (၁၀)သိန်း (၅)သောင်းပေးစေရန် ဆိုပြီး တော့ ပြင်ဆင်အမိန့်ချမှတ်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အမှုတွဲမှာ ပေါ်ပေါက်တဲ့ အထောက်အထား များအရဆိုရင် တရားရုံးတွေဟာ အတိုးငွေပေးဖို့အတွက် ဒီကရီ ချမှတ်တာ မဟုတ်ပါဘူး။ တရားလို

နစ်နာတဲ့ငွေကို ပေးစေခြင်းသာ ဖြစ်ကြောင်းတွေ့ရှိရပါတယ်။ ခရိုင်တရားရုံးက ပဋိညာဉ်ကို အခြေပြုပြီးတော့ တရားပြိုင်ပေးရမဲ့ငွေကို လျှော့ပြီးတော့ ပေးစေတာဟာဖြင့်ရင် သင့်တော်မျှတတဲ့ ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ တရားလိုဟာ ငွေတိုးချေးစားခြင်းလုပ်ငန်းကိုလည်း လုပ်ငန်းတစ်ခုအနေနဲ့ လုပ်ကိုင်သူ ဖြစ်တဲ့အကြောင်း အမှုတွဲမှာ ခိုင်လုံတဲ့ သက်သေခံချက်များ မတွေ့ရပါဘူး။ ဒီကိစ္စနဲ့ ပတ်သက်လို့ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မြ က အကျယ်တဝင့် တင်ပြသွားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ စီရင်ထုံးများအရ ဆိုလို့ရှိရင် မိမိတို့နဲ့ ခင်မင်တဲ့မိတ်ဆွေတွေကို ငွေချေးတာဟာဖြင့် ဒီလိုလူမျိုးကို ငွေချေးစားသူလို့ မခေါ်နိုင်တဲ့အကြောင်း၊ ငွေချေးတဲ့လုပ်ငန်းကို လုပ်ငန်းတစ်ခုအနေနဲ့ လုပ်ကိုင်မှသာလျှင် ငွေတိုးချေးစားသူ ဖြစ်တဲ့အကြောင်း ကျွန်တော်တို့ အဓိပ္ပာယ် ဖွင့်ဆိုထားပြီး ဖြစ်ပါတယ်။ အဲဒီတော့ ဒီတရားလိုဟာဖြင့်ရင် လယ်လုပ်တဲ့ လူ ဖြစ်တယ်။ ငွေတိုးချေးစားတဲ့လုပ်ငန်းကို လုပ်ငန်းတစ်ခုအနေနဲ့ လုပ်ကိုင်တာ မဟုတ်ဘူး ဆိုတာ တွေလည်း တွေ့ရတဲ့အတွက် ဒီငွေတိုးချေးစားသူများ ဥပဒေအရ ဒေါ်မစန်း ဟာ ငွေတိုးချေးစားသူများ ဥပဒေရဲ့ အကာအကွယ်ကို မရရှိခဲ့တာဟာဖြင့် မှားယွင်းခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ စစ်ဆေးရေးအဖွဲ့က တောင်သူ ဒေါ်မစန်း ရဲ့ နေအိမ်ကို ဝရမ်းကပ်ခြင်းဟာ ဥပဒေရဲ့ အကာအကွယ်ကို ဒေါ်မစန်း မရရှိခဲ့ဘူးလို့ သုံးသပ်တင်ပြထားတဲ့ အချက်တစ်ရပ် ရှိပါတယ်။ တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၆ မှာ တောင်သူလယ်သမားပိုင်ပြီးတော့ လက်ရှိနေထိုင်တဲ့အိမ်ကို ဝရမ်းမကပ်နိုင်ဟု ကင်းလွတ်ခွင့် ပေးထားပါတယ်။ ပုဒ်မ ၆၀(၁)(ဂ)မှာ ဝရမ်းကပ်ခြင်းမှ ကင်းလွတ်ခွင့်ပေးထားတဲ့ အိမ်ဆိုတာဟာ တောင်သူလယ်သမားက တောင်သူလယ်သမား အနေနဲ့ လယ်ယာမြေ လုပ်ကိုင်ရန်အတွက် သဘောရိုးနဲ့ နေထိုင်တဲ့အိမ်ကို ဆိုလိုတယ်။ ထိုသူပိုင်ပြီး သူ၏ အသက်မွေးမှုနဲ့ စပ်လျဉ်းတာ မဟုတ်ဘဲ အခြားကိစ္စအတွက် နေထိုင်တဲ့အိမ် အကျုံးမဝင်ဘူးလို့ အဓိပ္ပာယ်ဖွင့်ထားပါတယ်။ ဆိုလိုတာကတော့ တောင်သူလယ်သမားတစ်ဦး နေထိုင်တဲ့ အဆောက်အအုံဟာ ၎င်းလုပ်ကိုင်တဲ့ လယ်ယာမြေနဲ့ ပတ်သက်ပြီးတော့ လယ်ယာလုပ်ငန်းသဖွယ် အသုံးပြုတဲ့ အဆောက်အဦ ဖြစ်ဖို့ လိုအပ်ပါတယ်။ အဲဒီလို အဆောက်အဦ ဖြစ်မှသာလျှင် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၆၀(၁)(ဂ)အရ ဝရမ်းကပ်ခြင်းမှ ကင်းလွတ်ခွင့်ရမှာ ဖြစ်ပါတယ်။ လယ်ယာမြေလုပ်ကိုင်ရန် မဟုတ်တဲ့ ရွာထဲက လူနေအိမ်ကိုတော့ ဝရမ်းကပ်ခြင်းက ကင်းလွတ်ခွင့် မရနိုင်ပါဘူး။ ဒေါ်မစန်း က သူ့ရဲ့နေအိမ်ကို ဝရမ်းကပ်တာကို ကျေနပ်မှု မရှိသည့်အတွက် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ ၅၈ အရ ဝရမ်းခွာပေးဖို့ တရားရုံးမှာ ကန့်ကွက်ခဲ့ပါတယ်။ ကန့်ကွက်တာနဲ့ ပတ်သက်ပြီးတော့ တရားရုံးက အမှုဖွင့်ပြီးတော့ စုံစမ်းမှုလုပ်ပါတယ်။ လုပ်တဲ့အခါမှာ လေးမျက်နှာမြို့နယ်၊ ကိုးတဲအုပ်စု ကျေးရွာ ရ.ယ.က ဥက္ကဋ္ဌ က ဝရမ်းစွဲကပ်ထားတဲ့ အိမ်နဲ့ခြံဟာ ကျောင်းစုကျေးရွာအတွင်းမှာ တည်ရှိပြီး ဒေါ်မစန်း မိသားစု နေထိုင်ရန် အသုံးပြုသည့် အိမ်နဲ့ မြေသာ ဖြစ်ကြောင်း၊ လယ်ယာလုပ်ငန်းအတွက် အသုံးပြုသည့် အိမ်နဲ့မြေ မဟုတ်ကြောင်း ထောက်ခံချက် ပေးထားပါတယ်။

ဒါကြောင့် မြို့နယ်တရားရုံးက ဒေါ်မစန်း လျှောက်ထားတဲ့ ဝရမ်းခွာပေးစေလိုမှုကို ပလပ်ပြီးတော့ နေအိမ်ကို လေလံတင်ရောင်းချခဲ့တာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဒေါ်မစန်း ဟာ မြို့နယ်တရားရုံးရဲ့ အမိန့်ကို အယူခံဝင်ခွင့်ရှိပါတယ်။ သို့သော်လည်း အယူခံ ဝင်ခွင့်ရှိလျက်နဲ့ အယူခံ

ဝင်ရောက်ခဲ့ခြင်း မရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် မြို့နယ်တရားရုံးက ဒေါ်မစန်း ရဲ့ ဝရမ်း ခွာပေးရန် လျှောက်ထားမှုကို ပလပ်ခဲ့တဲ့ အမိန့်များဟာဖြင့် ဥပဒေနဲ့ညီညွတ်ပါကြောင်း တွေ့ရှိရပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာမှာပါတဲ့ တရားရုံးရဲ့ ဆုံးဖြတ်ချက်များဟာ မှားယွင်းတယ် ဆိုတဲ့ သုံးသပ်ချက်ကို အမှုမှန် ပေါ်ပေါက်တဲ့ အကြောင်းခြင်းရာများနဲ့ ဥပဒေပြဋ္ဌာန်းချက်များနဲ့ ပေါင်းစပ်ပြီးတော့ စိစစ်တဲ့အခါမှာ တရားရုံးရဲ့ ဆုံးဖြတ်ချက်များဟာ ဥပဒေနဲ့ ညီညွတ်နေကြောင်းကို တွေ့ရှိရပါတယ်။

ခရိုင်တရားရုံးက ဒေါ်မစန်း တစ်ဦးတည်းအပေါ်မှာ အတည်ပြုဖို့ ချမှတ်တဲ့ ဒီကရီ၊ ဒီကရီ အတည်ပြုရာမှာ ဇာရီရုံးက ချမှတ်တဲ့ အမိန့်များဟာ ဥပဒေနဲ့ ညီညွတ်နေပါလျက် ဥပဒေနဲ့ မညီဘူး၊ ဒေါ်မစန်း ဟာ ဥပဒေရဲ့ အကာအကွယ်ကို မရဘူးလို့ သုံးသပ်ဝေဖန်ခြင်းဟာဖြင့် ဥပဒေပြဋ္ဌာန်း ချက်ကို ဆန့်ကျင်တာဖြစ်တဲ့အတွက် တရားရုံးများကို များစွာ ထိခိုက်နစ်နာ စေကြောင်းကို ပြောရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် တရားရုံးက သဘောရိုးနဲ့ ပြုလုပ်တာ မဟုတ်ဘူးလို့ ကောက်ချက်ချတာက အဆိုးဝါးဆုံး ဖြစ်ပါတယ်။ သဘောရိုးနဲ့ မဟုတ်ရင် တရားစွဲဆို ခံရမယ့် အခြေအနေ ဖြစ်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ နှိုင်းယှဉ်ဝေဖန်နိုင်ရန်အတွက် သာဓကတင်ပြစရာ တစ်ခု ရှိပါတယ်။ ယခုလိုပဲ မြို့နယ်တရားရုံးတစ်ရုံးက ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်ဟာ မှားယွင်းတယ်၊ ဥပဒေနဲ့ မညီဘူးလို့ တိုင်ကြားတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က တရားရုံးရဲ့ ဆုံးဖြတ်ချက်တွေဟာ ဥပဒေနဲ့ ညီ၊ မညီ စိစစ်ဖို့အတွက် စုံစမ်းရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးပါတယ်။ အဲဒီအဖွဲ့မှာ ခရိုင် စာရင်းစစ်အရာရှိ၊ မြို့နယ်သမဝါယမဦးစီးမှူးနဲ့ တာဝန်ခံအရာရှိ၊ ရွှေဖက်စပ် ကြီးကြပ်ရေးမှူးရုံးတို့ ပါဝင်ကြပါတယ်။ ဒီအဖွဲ့က တရားရုံးရဲ့ ဆုံးဖြတ်ချက်ဟာ မှားယွင်းကြောင်း တင်ပြလာတဲ့ အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြင်ဆင်မှုဖွင့်ပြီး စိစစ်လိုက်တဲ့အခါမှာတော့ စုံစမ်းစစ်ဆေးရေး အဖွဲ့ရဲ့ တွေ့ရှိချက်ကသာလျှင် မှားယွင်းနေကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးကိစ္စရပ်ဟာ သိပ္ပံပညာကဲ့သို့ ပုံသေနည်းများ၊ တရားသေမူများ ချမှတ်ပြီးတော့ ဆောင်ရွက်ရတာမျိုး မဟုတ်ပါဘူး။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတို့နဲ့အညီ တရားရုံးရှေ့မှာ စစ်ဆေးပေါ်ပေါက်တဲ့ နှုတ်သက်သေခံချက်များ၊ တင်သွင်းတဲ့ သက်သေခံပစ္စည်းများ၊ စာရွက်စာတမ်း အထောက်အထား များ၊ ထုချေ တင်ပြချက်များအပေါ်မှာ အခြေပြုပြီးတော့ ကျယ်ပြန့်တဲ့ ဆင်ခြင်တုံတရားနဲ့ ဥပဒေနဲ့ အကြောင်းခြင်းရာ တို့ကို ယှဉ်တွဲပြီးသုံးသပ်ဆုံးဖြတ်ရတာ ဖြစ်ပါတယ်။

တကယ်တော့ တရားရုံးတစ်ရုံးရဲ့ ဆုံးဖြတ်ချက်ကို မှားတယ်၊ မှန်တယ် ပြောဖို့ဆိုတာ ကတော့ ဥပဒေအရာမှာ ကျွမ်းကျင်ပြီးတော့ အဆင့်မြင့် အယူခံရုံးရဲ့ အတွေ့အကြုံ ဗဟုသုတနဲ့ ပြည့်စုံဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။ ဒီလို အရည်အချင်းမျိုးနဲ့ မပြည့်စုံရင် တရားရုံး တစ်ရုံးရဲ့ ဆုံးဖြတ်ချက်ကို မှားတယ်၊ မှန်တယ်လို့ ဝေဖန်သုံးသပ်ခြင်းဟာ သဘာဝမကျတဲ့ အချက်ဖြစ်ကြောင်း တွေ့မြင်နိုင်ပါတယ်။ စစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်ဟာ အကုန်လုံးမှန်တယ်၊ ခြွင်းချက်မရှိ မှန်တယ်လို့ အာမခံနိုင်မှု မရှိပါဘူး။ တရားစီရင်ရေးမှာ အယူခံရုံးအဆင့်ဆင့် ရှိပေမယ်လို့ စစ်ဆေးရေး အဖွဲ့ရဲ့ စစ်ဆေးတွေ့ရှိချက်ကို ဝေဖန်ဆန်းစစ်မယ့် အယူခံအဖွဲ့ မရှိတဲ့အတွက်

စစ်ဆေးရေးအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ဟာ အားလုံးမှန်တယ်၊ အမြဲမှန်တယ်လို့ လက်ခံရမယ်ဆိုရင်တော့ ဥပဒေအရဖြစ်စေ၊ မျှတမှုအရဖြစ်စေ သင့်တော်မှု ရှိမည် မဟုတ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ စစ်ဆေးရေးအဖွဲ့ရဲ့ တင်ပြချက်တွေဟာ ဥပဒေနဲ့ မညီညွတ်ကြောင်းကို တွေ့ရှိရမယ်ဆိုရင်တော့ ဥပဒေနဲ့အညီ စီရင်ဆုံးဖြတ်ထားတဲ့ တရားရုံးရဲ့ စီရင်ချက်ကို မှားတယ်ဆိုတဲ့ သုံးသပ်ချက်အား လက်ခံနိုင်ရန်အကြောင်း မရှိတော့ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်၍ တင်ပြရပါက တရားရုံး တစ်ရုံးက ချမှတ်တဲ့ အမိန့်၊ ဒီကရီတစ်ရပ်ကို အယူခံရုံး၊ ပြင်ဆင်မှုရုံးက ပြင်ဆင်ပယ်ဖျက်ခြင်း မရှိခဲ့လျှင် အဲဒီ အမိန့်၊ ဒီကရီဟာ အတည်ဖြစ်နေပါတယ်။ ဒီလို အတည်ဖြစ်နေတဲ့ တရားရုံးရဲ့ စီရင်ချက်၊ အမိန့်၊ ဒီကရီဟာမှားယွင်းကြောင်း၊ ဥပဒေနဲ့မညီညွတ်ကြောင်းကို ပြောဆိုခွင့် မရှိပါဘူး။ ဒီလိုမှားယွင်းကြောင်း ပြောဆိုနိုင်တာကတော့ အယူခံစီရင်ပိုင်ခွင့်အာဏာ၊ ပြင်ဆင်မှုစီရင်ပိုင်ခွင့် အာဏာရှိတဲ့ တရားရုံးများပဲ ဖြစ်ပါတယ်။ ဒါတောင်မှ အယူခံစီရင်ပိုင်ခွင့်အာဏာ ရှိတာတောင်မှ မူလရုံးရဲ့ ဆုံးဖြတ်ချက်၊ ဒီကရီအပေါ်မှာ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု တင်သွင်းထားမှသာလျှင် အဲဒီရုံးက အယူခံမှု၊ ပြင်ဆင်မှုမှာ သုံးသပ်ဝေဖန်ပြောဆိုနိုင်တာ ဖြစ်ပါတယ်။ ဒီလိုစီရင်ပိုင်ခွင့်အာဏာ မရှိဘဲနဲ့ ပြောဆိုရေးသား တင်ပြရင် အဲဒီ ပြောဆိုရေးသားတင်ပြချက်ကို ဥပဒေအရ မှန်တယ်လို့ မယူဆနိုင်ပါဘူး။ ဥပဒေအရလည်း အကျိုးသက်ရောက်မှု မရှိတဲ့အတွက် လိုက်နာဆောင်ရွက်ရန်လည်း မဖြစ်နိုင် ပါကြောင်း တင်ပြအပ်ပါတယ်။ ဒေါ်မစန်း ရဲ့ တိုင်စာမှာ တရားရုံးများက လာဘ်စားကြောင်း၊ အဂတိလိုက်စားကြောင်းကို စွပ်စွဲထားခြင်း မရှိပါဘူး။ တရားစီရင်ရေးကိစ္စ သက်သက်ကိုသာ တင်ပြထားတာ ဖြစ်ပါတယ်။ တရားစီရင်ရေးကိစ္စသက်သက် ဖြစ်တဲ့အတွက် တရားရုံးနှင့်သာ သက်ဆိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

အဲဒါကြောင့် ဥက္ကဋ္ဌကြီး လမ်းညွှန်တဲ့အတိုင်းပဲ မဏ္ဍိုင်သုံးရပ်မှာ အချင်းချင်း အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ဖို့ လိုတယ်ဆိုတဲ့အတိုင်း လွှတ်တော်က လမ်းညွှန်တဲ့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကျွန်တော်တို့ ဒီမှာလာပြီး ရှင်းလင်းတင်ပြခြင်းဟာ ဆိုလို့ရှိရင် ဒီ လမ်းညွှန်ချက်အတိုင်းအပြန်အလှန် ညှိနှိုင်းချက်ကို လိုက်နာဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုလိုက်နာ ဆောင်ရွက်ခြင်း ဖြစ်တဲ့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သုံးသပ်ချက်ကို လက်ခံသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ တင်ပြခွင့်ပြုပါရန် တင်ပြပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ တရားသူကြီးများကို အကာအကွယ်ပေးလိုတဲ့အတွက် အဆိုပေါ်မှာ ဆန့်ကျင်တင်ပြနေခြင်း မဟုတ်ပါဘူး။ လွတ်လပ်စွာ တရားစီရင်ရေးမူကို ထိခိုက်နိုင်တဲ့အတွက် ကောင်းမြတ်တဲ့ စိတ်ထားဖြင့် ဖြစ်သင့်ဖြစ်ထိုက်သည်များကို တင်ပြရခြင်း ဖြစ်ပါတယ်။ လွတ်လပ်စွာ တရားစီရင်ရေးဟာ ဥပဒေစိုးမိုးရေးမှာ အဓိကကျတဲ့အချက်လည်း ဖြစ်ပါတယ်။ နိုင်ငံတကာကလည်း လက်ခံကျင့်သုံးနေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေတို့မှာလည်း တရားစီရင်ရေးမူတစ်ရပ်အဖြစ် အတိအလင်း ရေးဆွဲပြဋ္ဌာန်းထားပါတယ်။ တရားစီရင်ရေးမဏ္ဍိုင် ကြံ့ခိုင်စေဖို့အတွက် ကျန်တဲ့မဏ္ဍိုင်များက လွတ်လပ်စွာ တရားစီရင်ရေးကို အားပေးသင့်ပါတယ်။ အားပေးဖို့လည်း လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် လွတ်လပ်စွာ တရားစီရင်ရေးကို ထိခိုက်စေတဲ့ ဆောင်ရွက်မှုများ ရှိလာပါက တရားစီရင်ရေးပုံရိပ်ကို ထိခိုက်စေနိုင်ပါတယ်။ ဒီမိုကရေစီစနစ်နဲ့

နိုင်ငံသစ်တည်ထောင် နေတဲ့နေရာမှာ လွတ်လပ်စွာ တရားစီရင်ရေး ပုံရိပ်ကို ထိခိုက်ပါက တိုင်းပြည်ရဲ့ ပုံရိပ်ကိုပါ ထိခိုက်စေ နိုင်တဲ့အတွက် အကျိုးဆက်တွေ ပေါ်ပေါက်လာနိုင်ပါတယ်။ ယခုအချိန်အခါဟာ မြန်မာနိုင်ငံရဲ့ တရားစီရင်ရေးကဏ္ဍ လွတ်လပ်မှု ရှိ/မရှိကို ပြည်တွင်း၊ ပြည်ပက စောင့်ကြည့်နေကြတဲ့ အချိန်လည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုအပေါ်မှာ ချမှတ်တဲ့ ဆုံးဖြတ်ချက်များဟာ တရားစီရင်ရေးကဏ္ဍ လွတ်လပ်မှု ရှိ/မရှိ နဲ့ ပတ်သက်ပြီး သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် အမျိုးသား လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတိုင်း၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်များ၊ အစိုးရအဖွဲ့ များက နမူနာယူဆောင်ရွက်ကြမှာဖြစ်တဲ့အတွက် လွတ်လပ်တဲ့ တရားစီရင်ရေးကို အကာအကွယ် ပြုပေးမယ့် ဆုံးဖြတ်ချက်ကို ချမှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

နိဂုံးချုပ်အားဖြင့် တင်ပြရမယ်ဆိုရင်တော့ အဆိုကို အတည်မပြုသင့်ပါကြောင်း၊ မှတ်ချက်နှင့်သာလျှင် မှတ်တမ်းတင်သင့်ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားမှတ်ချက်ကို တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု အဆိုနဲ့ပတ်သက်လို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကိုယ်စား တရားသူကြီးရဲ့ တင်ပြချက်မှာ ဥပဒေအကြောင်းအခြင်းအရာတွေ များစွာပါဝင်နေတဲ့အတွက် တစ်ထိုင်တည်း ဆုံးဖြတ်မယ့်အစားကို တရားသူကြီး တင်ပြသလို ဥပဒေအရာမှာ အတွေ့အကြုံ ပြည့်စုံသောပုဂ္ဂိုလ်များ အပါအဝင် ဥပဒေကြမ်းကော်မတီနဲ့ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာ ဆိုင်ရာကော်မတီက အခု တရားသူကြီးချုပ်ရဲ့ ပြန်လည်ရှင်းလင်းချက်ကို ဆွေးနွေးပြီးတဲ့ အချိန်ကျမှ ဒီအဆိုကို ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒသမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၁)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင် အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၀၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ကို (၁၃း၀၇) နာရီအချိန်တွင် ရပ်နားပါသည်။]